# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၃) ရက် ၊ အင်္ဂါနေ့ ၊ (20-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၃၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော်  ဒီဇင်ဘာ  ၁၉**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲ

ဒီဇင်ဘာလသည် ဆောင်းကာလဖြစ်သောကြောင့် လူထုအားကစားလအဖြစ် သတ်မှတ်ကာ လူထုလမ်းလျှောက်ပွဲများနှင့် အားကစားပွဲများကို ကျင်းပလေ့ရှိသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုသည့် ကျန်းမာစေသောအကြောင်းတရားများထဲတွင် ဥတုဟူသောအချက်လည်း ပါဝင်ပေရာ အေးမြသောရာသီဥတုအချိန်အခါဖြစ်သည့် ဒီဇင်ဘာလသည် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရန် အလွန်သင့်တော်လှပေသည်။

နိုင်ငံသားများ ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်နေစိတ်ထားမြင့်မားမှုကို အားကစားကဏ္ဍမှ တစ်ဆင့် ဖော်ဆောင်နိုင်ပေသည်။ ပုံမှန်လှုပ်ရှားအားကစားပြုလုပ်ကြခြင်းဖြင့် သက်ရှည်ကျန်းမာသောဘဝကို လူတိုင်းပိုင်ဆိုင်နိုင်ပေမည်။ သက်ရှည်ကျန်းမာမှသာ နိုင်ငံတာဝန်၊ မိသားစုတာဝန်စသည့် ကျရာတာဝန်အသီးသီးကို ကျေပွန်သောသူတစ်ဦးဖြစ်ပေမည်။ ထို့ကြောင့် လူတိုင်းလူတိုင်း ကိုယ်လက်လှုပ်ရှားသည့် အားကစားတစ်ခုခုကို နေ့စဉ် ပုံမှန်ပြုလုပ်သင့်ပေသည်။ ကိုယ်လက်လှုပ်ရှားပြုလုပ်ရန်အတွက် ပစ္စည်းကိရိယာတန်ဆာပလာမလိုအပ်သလို ပင်ပင်ပန်းပန်းစိုက်ထုတ်ကစားစရာ မလိုသော သက်ရှယ်မရွေးပြုလုပ်နိုင်သည့် ကိုယ်လက်လှုပ်ရှားခြင်းတစ်မျိုးမှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

အားကစားကို ဝါသနာမပါသူ၊ မလုပ်လိုသူများနှင့် လုပ်ရန်အခက်အခဲရှိသူများအနေဖြင့် မိမိ၏ ခန္ဓာကိုယ်ကျန်းမာသန့်စွမ်းစေရေးနှင့် ရောဂါဘယဝင်ရောက်စွဲကပ်မှုမရှိစေရေးအတွက် နေ့စဉ်မဖြစ်မနေလမ်းလျှောက်ကြရမည်ဖြစ်သည်။ လမ်းလျှောက်ခြင်းသည် လေကို သာမန်ထက်ပိုပြီး ရှူရှိုက်ရသောကြောင့် အသက်ရှူအင်္ဂါများ အလုပ်ပိုလုပ်လာစေကာ နှလုံးမှတစ်ဆင့် ခန္ဓာကိုယ်အနှံ့ကို သွေးပို့လွှတ်အား မြန်ဆန်ကောင်းမွန်လာပြီး နှလုံးခုန်နှုန်းကို ထိန်းညှိပေးသည်။ ထို့ကြောင့် သွေးကိုကျဲစေကာ လေသင်တုန်းဖြတ်ခြင်းနှင့် သွေးခဲပိတ်ဆို့မှုများ မဖြစ်ပွားစေသည့်အပြင် သာမန်လူတို့ထက် သက်လုံပိုကောင်းပြီး အမောခံနိုင်ခြင်း၊ အဆီလျော့ကျကာ အဝမလွန်အောင်ထိန်းပေးခြင်း၊ ဦးနှောက်နှင့်အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေခြင်း စသောအကျိုးတရားများကို ရရှိနိုင်ပေသည်။

ထို့ကြောင့် ဒီဇင်ဘာလတွင် ကျင်းပသည့် လူထုအားကစားလှုပ်ရှားမှုများနှင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများကို လူတိုင်းအလေးထားကာ ပါဝင်ဆင်နွှဲသင့်ပေသည်။ မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံအများစုတွင်လည်း နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံ၏ အားကစားအဆင့်အတန်းမြင့်မားရေးအတွက် လူထုအားကစားလှုပ်ရှားမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ကျန်းမာသန့်စွမ်းသော နိုင်ငံသားများနှင့် မြန်မာ့အားကစားကို မြှင့်တင်ပေးနိုင်မည့် အားကစားသမားများပေါ်ထွန်းရေးကို ရှေးရှုကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ဒီဇင်ဘာလသည် အေးမြသည့်ကာလဖြစ်သောကြောင့် လူထုအားကစားလအဖြစ် သတ်မှတ်ပြီး လူထုအားကစားလှုပ်ရှားမှုနှင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ ဆင်နွှဲကြသည်။ ထို့ကြောင့် လူတိုင်းအနေဖြင့် မိမိတို့ဘဝ ကိုယ်လက်ကျန်းမာကြံ့ခိုင်ပြီး သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားရောက်သယ်ယူသည့်သင်္ဘောအစီးရေ တိုးလာ



**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီ သွားရောက်သယ်ယူသည့် သင်္ဘောအစီးရေ တိုးလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရေဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သော်လည်း ရေကြောင်းကျပ်တည်းသည့် နေရာများ မရှိသလောက်နည်းပါး၍ သင်္ဘောများသွားလာရာတွင် အဆင်ပြေလျက်ရှိကြောင်း၊ ထို့ကြောင့် ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ စက်သုံးဆီသွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေတိုးလာကြောင်း သိရသည်။

"အခုက ရန်ကုန်ဆိပ်ကမ်းကနေ ရွှေကြက်ယက်ဆိပ်ကမ်းကို စက်သုံးဆီတင်ပို့မှု များပြားလာတာကြောင့် ကုန်တင်သင်္ဘောတွေလဲ ပြန်ပြီးများလာတယ်။ ရွှေကြက်ယက်ဆိပ်ကမ်းကနေလဲ စက်သုံးဆီတွေကို ဆီဘောက်ဆာကားတွေနဲ့ တစ်ဆင့် မန္တလေးမြို့၊ ပြင်ဦးလွင်စတဲ့မြို့တွေကို ပြန်ပြီးဖြန့်ချိပေးနေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီ သွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောမှာ ဒီဇင်ဘာလ ပထမပတ်က အစီးရေ ၆၀ ကျော်သာရှိခဲ့သော်လည်း ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ စက်သုံးဆီသွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောမှာ အစီးရေ ၁၁၀ ကျော်ထိရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ တင်ပို့သည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသော ကျောက်စရစ်မှာလည်း ကုန်စည်ရရှိမှု များပြားလာသဖြင့် ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောမှာ အစီးရေ ၅၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# ထောပတ်စိုက်ပျိုးသူများကို ပိုးသတ်ဆေးနှင့် ပိုးမွှားနှိမ်နင်းခြင်းများအကြောင်း သင်တန်းပို့ချသွားမည်

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ထောပတ်စိုက်ပျိုးသူများကို ပိုးသတ်ဆေးနှင့် ပိုးမွှားနှိမ်နင်းခြင်းများအကြောင်း သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (ပြင်ဦးလွင်) ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောပြ၍ သိရသည်။

အဆိုပါသင်တန်းကို May-myo Avocado ကုမ္ပဏီက ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲနှင့်ပူးပေါင်းပြီး ဒီဇင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ထောပတ်သီးစိုက်ပျိုးသည့် ဒေသများမှ တောင်သူများကို ဘက်စုံပိုးမွှားနှိမ်နင်းမှုနှင့် ပိုးသတ်ဆေးထိန်းချုပ်သုံးစွဲနိုင်သည့် အကြောင်းများကို သိရှိနားလည်စေရေးအတွက် အခမဲ့ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် တောင်သူဦးရေ ၄၀ လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းကိုတော့ May-myo Avocado ကုမ္ပဏီက ဦးစီးပြီးတော့ အသင်းနဲ့ပူးပေါင်းကာ ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲက ပညာရှင်တွေက သင်တန်းပို့ချသွားမှာပါ။ ပိုးသတ်ဆေး၊ ပိုးမွှားနှိမ်နင်းမှုနဲ့ပတ်သက်ပြီး သင်တန်းပို့ချသွားမယ်။ တောင်သူတွေကို ပညာပေးဆောင်ရွက်တဲ့သဘောပါ။ သင်တန်းပို့ချသွားတဲ့အခါမှာ ဘယ်ပိုးမွှားကို ဘယ်လိုပိုးသတ်ဆေးသုံးစွဲမယ်၊ ဘယ်လို နှိမ်နင်းရမယ်ဆိုတာကို သင်တန်းပို့ချသွားမှာပါ"ဟု မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်) ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းညိုနှင့် ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိ

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းညိုနှင့် ထောပတ်ပဲ အရောင်းအဝယ် ကောင်းမွန်လာပြီး ဈေးကောင်းရရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းညိုနှင့် ထောပတ်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်းက ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းညိုနှင့် ထောပတ်ပဲကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"နှမ်းညိုနဲ့ ထောပတ်ပဲက အရင်တစ်ပတ်လောက်က အရောင်းအဝယ်အေးနေတာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာ အရောင်းအဝယ် ပြန်ကောင်းလာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဒီဇင်ဘာ ၁၂ ရက် ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀ သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ထိရှိလာပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဒီဇင်ဘာ ၁၂ ရက်ပေါက်ဈေးမှာ ထောပတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ထောပတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ထိရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ နှမ်းနက် (စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀ ထိပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မဘိမ်းမြို့နယ် မလိုင်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မဘိမ်း ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မလိုင်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်း၊ မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်း ကော်မတီဝင်များနှင့်အတူ မလိုင်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မလိုင်ကုန်းကျေးရွာ၌ လမ်းအရှည်တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဖြုန်းကျောက်ခင်းခြင်းနှင့် အဆိုပါ ကုန်ထုတ်လမ်းပေါ်၌ RC Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၂၄ သန်းဖြင့် မြန်မာရွှေလီဦးကုမ္ပဏီနှင့် မိန်းမြစ်ကုမ္ပဏီတို့က ယခုနှစ် ဇွန်လတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်မှုကြောင့် မလိုင်ကုန်းကျေးရွာရှိ အိမ်ခြေ ၁၈၅ အိမ်မှ လူ ၉၅၁ ဦးတို့၏ စိုက်ပျိုးမြေလယ်ယာဧက ၁၀၀၀ ကျော်မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့ မုန့်တန်းရပ်နေ ဦးကျော်ငြိမ်း-ဒေါ်စန်းရီမိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၇၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖူးစားပြောင်းသီးနှံဧက ၈၉၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဖူးစားပြောင်း ၄၇၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းရာသီကာလ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဖူးစားပြောင်းသီးနှံဧက ၈၀၀ ကျော်စိုက်ဖို့လျာထားတယ်။ ဒီနေ့ထိ ဧက ၄၀၀ ကျော် စိုက်ပျိုးပြီးပြီ။ တစ်နှစ်နဲ့တစ်နှစ် ပြောင်းသီးနှံတွေ တိုးချဲ့စိုက်ပျိုးလာတယ်။ ဈေးကွက်အနေနဲ့ အသင့်အတင့်ရှိတာကြောင့် တောင်သူတွေအတွက် ပိုပြီးတွက်ခြေကိုက်တော့ စိုက်လာတဲ့သဘောပါ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်နေတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖူးစားပြောင်းသီးနှံ ဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ဧက ၅၀၊ လဟယ်မြို့နယ်တွင် ၁၀၅ ဧက၊ ထန်ပါခွေမြို့တွင် ၄၅ ဧက၊ နန်းယွန်းမြို့နယ်တွင် ၁၁၃ ဧက၊ ဒုံဟီးမြို့နယ်တွင် ၅၂ ဧက၊ ပန်ဆောင်မြို့နယ်တွင် ၁၀၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပြောင်းသီးနှံစိုက်ပျိုးမည့်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင့် ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# မောက်မယ်မြို့နယ် နားသဲ(တ)-နားသဲ(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မောက်မယ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားသဲ(တ)-နားသဲ(မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမဆောင်၌ ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ နားသဲ(တ)-နားသဲ(မ)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ်ထိ မြို့နယ်အတွင်းရှိ ကျေးရွာယူနစ် ၁၇ ယူနစ် ကျေးရွာပေါင်း ၁၇ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# မြောက်ဦးမြို့နယ် လက္ကာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြောက်ဦး ဒီဇင်ဘာ ၁၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာကဏ္ဍအသီးသီးကို အကျိုးပြုစေရန်ရည်ရွယ်၍ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၀ ဒသမ ၄၅၄ သန်းဖြင့် ဘုရားကြီးကျေးရွာအုပ်စု လက္ကာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကွန်ကရစ်လမ်းကော်မတီဝင်များနှင့်အတူ လက္ကာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကော်မတီဝင်များကို ကွန်ကရစ်လမ်းရေရှည်အသုံးပြုနိုင်ရေးအတွက် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန်နှင့် ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန် မှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လက္ကာကျေးရွာ၌ လမ်းအရှည်ပေ ၃၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၀ ဒသမ ၄၅၄ သန်းဖြင့် မိုးမြတ်ဝသန်ကုမ္ပဏီက ဇူလိုင် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အိမ်ခြေ ၃၂၂ အိမ်၊ လူဦးရေ ၁၅၉၀ တို့ သွားလာရေးအဆင်ပြေမည်ဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**



# ပြောင်းလဲနေသောဥတုနှင့် ဖောက်ပြန်နေသော မိုးလေဝသ

ပါမောက္ခကိုကိုအောင်



ကမ္ဘာ့အရပ်ဒေသအသီးသီးတို့သည် မတူညီသော ပထဝီသွင်ပြင်အနေအထားများကြောင့် အမျိုးမျိုးသော မိုးလေဝသအခြေအနေများ ဖြစ်ပေါ်နေကြသကဲ့သို့ ကွဲပြားသော ရာသီဥတုများကိုလည်း ပိုင်ဆိုင်ထား လျက်ရှိနေကြသည်။ ထို့ကြောင့်ပင် ကမ္ဘာ့မြောက်ခြမ်းရှိ အမေရိကန်နှင့် ဥရောပနိုင်ငံများ၌ ကမ္ဘာ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် မတူညီသော ရာသီဥတုမျိုးရှိနေကြသကဲ့သို့ ကမ္ဘာ့အလယ်ပိုင်းဒေသနိုင်ငံများသည်လည်း ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ချီလီနှင့် အာဂျင်တီးနားကဲ့သို့သော နိုင်ငံများနှင့်မတူကွဲပြားသည့် ရာသီဥတုမျိုးရှိနေကြခြင်းဖြစ်သည်။

ကမ္ဘာ့တောင်ပိုင်းဒေသ နိုင်ငံများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် စင်ကာပူမြို့ပြနိုင်ငံတို့သည်ပင်လျှင် အီကွေတာရပ်ဝန်းဒေသနိုင်ငံများဖြစ်ကြပါလျက် ရာသီဥတုချင်း တူညီမှုမရှိကြပေ။ မြန်မာနိုင်ငံ၌ နွေဥတု၊ မိုးဥတုနှင့် ဆောင်းဥတုဟူ၍ သုံးရာသီရှိနေသော်လည်း အီကွေတာနှင့် ပိုမိုနီးကပ်သည့်စင်ကာပူနိုင်ငံ၌ တစ်နှစ်ပတ်လုံး နေပူလိုက်၊ မိုးရွာလိုက် ဆက်တိုက်ဖြစ်ပေါ်သော အီကွေတာရာသီဥတု တစ်နည်းဆိုရသော် ပူအိုက်စွတ်စိုသည့် ရာသီဥတုမျိုးရှိနေသည်။

ကမ္ဘာကြီးစိမ်းလန်းစိုပြည်ခဲ့စဉ်က ကမ္ဘာ့အရပ်ဒေသအသီးသီး၏ နေ့စဉ် မိုးလေဝသအခြေအနေများနှင့် ရာသီဥတုအနေအထားများမှာ ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့၏ အပြန်အလှန် အမှီသဟဲ ပြုနေမှုများကြောင့် သဘာဝအလျောက်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကြီး မပျက်စီးသေးခင်အချိန်က၊ ဂေဟစနစ်ကောင်းစွာဖြစ်ထွန်းခဲ့သည့်အချိန်က ဂေဟဗေဒ သဘောတရားအရ အပြန်အလှန် အမှီသဟဲပြုရင်း၊ အပြန်အလှန်အကျိုးပြုရင်း ဖြစ်ပေါ်ခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် ကမ္ဘာ့မြောက်ခြမ်းရှိ ဥရောပနိုင်ငံများ၌ စက်မှုအတတ်ပညာများ စတင်ဖွံ့ဖြိုးတိုးတက်လာချိန်နောက်ပိုင်းမှစ၍ မိုးလေဝသအခြေအနေနှင့် ရာသီဥတုတို့ဖြစ်ပေါ်သည့် ဖြစ်စဉ်အရပ်ရပ်အပေါ် ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့က ရာနှုန်းပြည့်ဖန်တီးခွင့်မရရှိကြတော့ပေ။ အကြောင်းမူကား မိုးလေဝသအခြေအနေနှင့် ရာသီဥတုဖြစ်စဉ်တို့အပေါ်၌ သက်ရှိလူသားတို့ကပါ ဝင်ရောက်ခြယ်လှယ်လွှမ်းမိုးဖန်တီးလာကြသောကြောင့်ပင်ဖြစ်သည်။

စက်မှုတော်လှန်ရေးကာလရောက်ရှိချိန် နောက်ပိုင်းမှသာလျှင် ကာဗွန်ဓာတ်ငွေ့အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ လေထုထဲသို့ စွန့်ထုတ်မှု တစ်စတစ်စတိုး၍ များပြားလာခဲ့ရာ ကမ္ဘာ့အရပ်ရပ်ရှိ သစ်ပင်သစ်တောများက စုပ်ယူသိုလှောင်ပေးထားနိုင်သော ကာဗွန်ဓာတ်ငွေ့ပမာဏကိုပင် ကျော်လွန်လာခဲ့သည်။ သစ်ပင်သစ်တောများနည်းတူ ကမ္ဘာပေါ်ရှိ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များကလည်း ကာဗွန်ဓာတ်ငွေ့များကိုစုပ်ယူပေးနေကြပါလျက်နှင့် ထိုကဲ့သို့ သစ်ပင်သစ်တောနှင့် ပင်လယ်သမုဒ္ဒရာတို့က စုပ်ယူနိုင်စွမ်းကို ကျော်လွှားလွန်မြောက်အောင် စွန့်ထုတ်နေကြသော ကာဗွန်အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များသည် ကမ္ဘာမြေကြီးကို ဖန်လုံအိမ်ကြီးတစ်ခုအဖြစ် အုပ်မိုးကာရံထားလိုက်ကြတော့သည်။

ဖန်လုံအိမ်ဖြစ်လာသော ကမ္ဘာကြီးသည် နေမှကျရောက်လာသော ရောင်ခြည်အလင်းတန်းများကို ကမ္ဘာ့အပြင်ဘက်သို့ အပြည့်အဝပြန်ထုတ်ပေးနိုင်စွမ်းမရှိတော့သဖြင့် သိသာစွာပူနွေးလာတော့သည်။ ကမ္ဘာကြီးပူနွေးလာမှု (Global Warming) ဖြစ်စဉ်သည် ကမ္ဘာ့မိုးလေဝသအခြေအနေနှင့် ရာသီဥတုတို့အပေါ် လွှမ်းမိုးချုပ်ကိုင်သည့် လူတို့၏ ပယောဂများဖြစ်လာကြသည်။

ထို့ကြောင့်ပင် ခေတ်သစ် သိပ္ပံပညာဆိုင်ရာ ရာသီဥတုဗေဒ၌ ရာသီဥတုကို ဖြစ်ပေါ်စေသော အကြောင်းတရားများတွင် ကမ္ဘာ့မြေထု၊ ရေထုနှင့် လေထုတို့ကို သာမက လူတို့အပါအဝင် သက်ရှိတို့၏အခန်းကဏ္ဍဖြစ်သော ဘိုင်အိုစဖီးယား(Biosphere)ကိုပါ ထည့်သွင်းတွက်ချက်နည်းများဖြင့် ကဏ္ဍသစ်ဖွင့်လှစ်ခဲ့ကြရပြီဖြစ်သည်။ ဤသို့အားဖြင့် ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်တို့သည် ခေတ်သစ်မိုးလေဝသ ခန့်မှန်းတွက်ချက်နည်းများ၊ ရာသီဥတုဖြစ်စဉ် လေ့လာမှုများကို ခေတ်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် လေ့လာနိုင်ခဲ့ကြသည်။

ထိုကဲ့သို့ လုပ်ဆောင်လာခဲ့ကြရာမှ နှစ်ဆယ်ရာစုနှောင်းပိုင်းအရောက်တွင် အလွန်ထိတ်လန့်ဖွယ်ကောင်းသော ကမ္ဘာလုံးဆိုင်ရာအခြေအနေတစ်ရပ်ကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ကြသည်။ ထိုအခြေအနေသည်ကား ကမ္ဘာ့ရာသီဥတုပြောင်းလဲလာနေခြင်းပင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်း(Climate Change)ဆိုသည်မှာ ရာသီဥတုတစ်ခုမှ တစ်ခုသို့ ကူးပြောင်းခြင်းမျိုးမဟုတ်ဘဲ ရာသီခွင်တစ်ခုအတွင်း၌ ဖြစ်ရိုးဖြစ်စဉ်အခြေအနေများမှ သွေဖည်လာခြင်းကိုခေါ်ဝေါ်ခြင်းဖြစ်သည်။

သာဓကအားဖြင့် မိုးဥတုကာလတွင် ပုံမှန်ရွာသွန်းမြဲထက် ပိုမိုရွာသွန်းခြင်း၊ ပုံမှန်ရွာသွန်းမြဲအောက် မိုးရေချိန် လျော့ကျရွာသွန်းခြင်းနှင့် မိုးခေါင်နေခြင်း၊ နွေရာသီကာလ၌ ပုံမှန်အပူချိန်ထက် ပိုမိုမြင့်တက်ခြင်း၊ နွေခေါင်ခေါင်၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ နွေလယ်အပူချိန်ကျဆင်းခြင်း၊ ဆောင်းဥတု၌ ပုံမှန်ထက် အအေးပိုမိုလွန်ကဲခြင်း၊ အအေးပေါ့ခြင်း၊ အအေးမြသော ရက်ကာလတိုတောင်းခြင်း စသည်တို့သည် မိုးလေဝသအခြေအနေ ကစဉ့်ကလျားဖြစ်ခြင်းနှင့် ရာသီဥတုပြောင်းလဲနေခြင်းတို့၏ ကြန်အင်လက္ခဏာများဖြစ်ကြသည်။

ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်တချို့အနေဖြင့်မူ ကောက်ပဲသီးနှံများ ပုံမှန်ရင့်မှည့်ရမည့်အချိန်ထက်စော၍ ရင့်မှည့်ခြင်း သို့တည်းမဟုတ် နောက်ကျပြီးမှ ရင့်မှည့်ခြင်း၊ ကမ္ဘာ့တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းရှိ အစဉ်အေးခဲနေသော ရေခဲလွှာများ အရည်ပျော်ကျလာနေခြင်း၊ ပင်လယ်ရေတိမ်ပိုင်းရှိ သန္တာကျောက်တန်းများ ကွဲအက်ပျက်စီးလာခြင်း၊ သန္တာကျောက်တန်းအသစ်ဖြစ်တည်မှုထက် ပျက်စီးမှုက ပိုမိုများပြားလာခြင်း၊ ယခင်က အပူပိုင်းဒေသ၌သာ ပေါက်ဖွားရှင်သန်နိုင်သည့် ခြင်များမှာ သမပိုင်းဒေသ၌ပါ ပေါက်ဖွားရှင်သန်ပြီး လူတို့ကို ပြင်းထန်သော ရောဂါပိုးများ ပိုမိုကူးစက်ကပ်ရောက်စေခြင်း၊ တွားသွားသတ္တဝါချို့နှင့် အင်းဆက်ပိုးတချို့ အရွယ်အစား လျော့ကျလာခြင်း စသည်တို့ကို ကြုံတွေ့နေကြရသည်။

ရှဉ့်၊ ကြွက် တွားသွားသတ္တဝါများ၏ ၄၀ ရာခိုင်နှုန်းမှာ အရွယ်အစားသေးသွယ် လျော့ကျလာနေသကဲ့သို့ ပိုးတောင်မာများ၊ ပင့်ကူ၊ ပုရွက်နှင့် နကျယ် စသောအင်းဆက်ပိုးများ၏ ၅၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းမှာ အရွယ်အစားကြုံလှီလာနေကြပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲကာ အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းချိန် ပြောင်းလဲခြင်းနှင့် မိုးရွာသွန်းမှုပုံစံပြောင်းလဲခြင်းတို့ကြောင့် အဏုဇီဝရုပ်များမှ အသားစားသတ္တဝါကြီးများထိ မျိုးစိတ်ပေါင်း ၄၅ ရာခိုင်နှုန်းခန့်မှာ မျိုးရိုးလိုက်အရွယ်အစားသေးငယ်လာနေကြသည်။

အင်းဆက်ပိုးမွှားများ၊ တွားသွားသတ္တဝါများ၊ ကုန်းနေသတ္တဝါများနှင့် ရေနေသွေးအေးသတ္တဝါများသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် အပူချိန် တစ်ဒီဂရီ ဆဲလ်စီယပ်စ်တိုးလာတိုင်း ဇီဝဖြစ်စဉ်ပြောင်းလဲမှု ၁၀ ရာခိုင်နှုန်းဖြစ်ပေါ်လျက်ရှိနေကြသည်။ သာဓကတချို့အဖြစ် ယခင်က တွားသွားသတ္တဝါတို့၏ သွေးကိုစုပ်ယူစားသုံးခြင်း မရှိသော ခြင်များမှာ ယခုအခါ တွားသွားသတ္တဝါတို့၏ သွေးကိုပါစုပ်ယူစားသုံးလာကြခြင်းနှင့် မျောက်မျိုးစိတ် တချို့က သားကောင်ကို ရှာဖွေဖမ်းဆီးသတ်ဖြတ်စားသုံးလာကြခြင်းတို့ကို တွေ့မြင်နိုင်သည်။

ရာသီဥတုပြောင်းလဲခြင်း၏ ထင်ရှားသောအကျိုးဆက်ကြီးတစ်ခုကို သစ်ပင်သစ်တောကဏ္ဍ၌လည်း တွေ့မြင်နိုင်သည်။ ကမ္ဘာမြေပြင်ပေါ်ရှိ သစ်ပင်သစ်တောများသည် ကမ္ဘာမြေအတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက်ရှိနေကြသကဲ့သို့ ပင်လယ်သမုဒ္ဒရာနှင့် မြစ်ချောင်းအင်းအိုင်တို့၏ ရေပြင်အောက်ရှိ ရေညှိရေမှော်ပင်များကလည်း ကမ္ဘာ့မြေအတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်း၊ မြေ၏စိုထိုင်းဆပြောင်းလဲခြင်း၊ မြေဆီဩဇာဟုဆိုရမည်ဖြစ်သော မြေကြီးထဲရှိ ဒြပ်စင်အချိုးအစားပြောင်းလဲခြင်းများဖြစ်ပေါ်ကာ အပင်များ သေးငယ်ကြုံလှီလာလျက်ရှိနေပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးနိုင်မှုပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိနေသည်။

မြေကြီးထဲမှ အာဟာရများကို စုပ်ယူကာ နေရောင်ဖြင့်ချက်လုပ်သည့် အလင်းဖွဲ့အစာချက်ဖြစ်စဉ်အတွင်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူကာ လေထုထဲသို့ အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ရေငွေ့များကိုထုတ်လွှတ်ပေးနေကြသော သစ်ပင်တို့၏ ဇီဝဖြစ်စဉ်အပေါ် အရွယ်အစားကြုံလှီလာနေခြင်းက သက်ရောက်မှုများစွာကိုဖြစ်ပေါ်စေသည်။ ကြီးထွားအရွယ်ရောက်ပြီးသော သစ်ပင်တစ်ပင်သည် နေ့စဉ် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို အလုံအလောက်ထုတ်လွှတ်ပေးနိုင်သကဲ့သို့ လေထုထဲသို့ ရေငွေ့လီတာပေါင်းများစွာကို ထုတ်လွှတ်ပေးနေခြင်းဖြင့်လည်း ပတ်ဝန်းကျင်အပူချိန်ကို လျှော့ချပေးနိုင်စွမ်းရှိသည်။ အရွယ်ရောက်သင့်သည့်အချိန်တွင် ကြုံလှီသေးသွယ်နေခြင်းကြောင့် အောက်ဆီဂျင်နှင့် ရေငွေ့ထုတ်လွှတ်နိုင်မှုများကို လျော့ကျစေလျက်ရှိသည်။

ဒေသတစ်ခုအတွင်း ရေငွေ့ပါဝင်နှုန်းသည် အဆိုပါဒေသ၏ မိုးလေဝသအခြေအနေအပေါ် များစွာ အကျိုးသက်ရောက်စေသည်ဖြစ်ရာ သစ်ပင်များ၏ ရေငွေ့ထုတ်လွှတ်နိုင်မှုနည်းပါးနေခြင်းက မိုးလေဝသအခြေအနေကို အဆိုးဘက်သို့ ဦးတည်စေလျက်ရှိသည်။ ဤသို့အားဖြင့် လူတို့၏ပယောဂကြောင့်ဖြစ်ရသော ကာဗွန်ထုတ်လွှတ်မှု၊ ဖန်လုံအိမ်အာနိသင်၊ ကမ္ဘာကြီးပူနွေးမှု၊ မိုးလေဝသအခြေအနေ ကစဉ့်ကလျားဖြစ်မှု၊ ရာသီဥတုပြောင်းလဲမှုတို့သည် လူနှင့်သက်ရှိမျိုးစိတ်အားလုံးကို ဆိုးကျိုးများ ထပ်ဆင့်သက်ရောက်စေသည်။ ထိုသို့သော ဆိုးကျိုးသက်ရောက်စေမှုများကပင် တစ်ဖန်ပြန်၍ မိုးလေဝသအခြေအနေကို ကစဉ့်ကလျားဖြစ်ပေါ်စေခြင်းဖြင့် အဆိုးသံသရာထဲ၌ လည်နေရမည့်အကြောင်းကို ဖန်လာစေသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲနေခြင်းကို တိုက်ဖျက်နိုင်ရေးသည် စိတ်ကူးယဉ်ဆန်နေရုံမျှဖြင့်၊ အမြင်ကောင်းအောင် ဟန်ဆောင်ဟန်ပြလုပ်ဆောင်ပြနေရုံမျှဖြင့် ကျော်လွှားပြီးမြောက်သွားနိုင်မည်မဟုတ်ပေ။ ကမ္ဘာ့ပြည်သူအားလုံးတို့က ကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းအားဖြင့်သာ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်သွားကြရမည်ဖြစ်သည်။

အခြေခံအကျဆုံးအနေဖြင့် ကမ္ဘာ့လူဦးရေ သန်းခုနစ်ထောင်ကျော်တို့သည် လူတစ်ဦးချင်းက တစ်နှစ်လျှင် နှစ်လတ် သို့မဟုတ် နှစ်ရှည်ပင် တစ်ပင်စီကို ရှင်သန်အောင်စိုက်ပျိုးနိုင်ကြမည်ဆိုပါက နှစ်စဉ်ကမ္ဘာပေါ်၌ သစ်ပင်ကြီးများ သန်းခုနစ်ထောင်ကျော် တိုးပွားလာလိမ့်မည်ဖြစ်သည်။ အခြားတစ်ဖက်၌လည်း သစ်တောပြုန်းတီးမှုကိုဖြစ်စေသော မည်သည့်လုပ်ရပ်မျိုးကိုမဆို အစိုးရနှင့် ပြည်သူလူထုတို့က ထိထိရောက်ရောက် ဆန့်ကျင်ဟန့်တားနိုင်မည်ဆိုပါက ကမ္ဘာ့အပူချိန်ထပ်မံမြင့်တက်မလာနိုင်စေရေးအတွက် အတိုင်းအတာ တစ်ရပ်ထိ အကျိုးသက်ရောက်မှုရှိလိမ့်မည်ဖြစ်သည်။

လူ့ပယောဂကြောင့်ဖြစ်ရသော ရာသီဥတုပြောင်းလဲမှုနှင့် မိုးလေဝသ ကစဉ့်ကလျားဖြစ်မှုတို့ကို အသိဉာဏ်မြင့်မားသော လူတို့ကပင် ပြန်လည်ထိန်းကျောင်းတည့်မတ်ကြရမည်သာဖြစ်ပေသည်။

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ “တော်လှန်ရေးအရေခြုံ၍ လုယက်ဓားပြတိုက်သတ်ဖြတ်နေသော PDF များကို ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ဖမ်းဆီးရမိ”** ခေါင်းစဉ်ဖြင့် ၂၁-၁၂-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ရန်ကုန်-ဒလ မြစ်ကူးသင်္ဘောဖြစ်သည့် ချယ်ရီသင်္ဘောပေါ်၌ PDF အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့မှု”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ပဲလွမ်းဖြူတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉ သန်းကျော်ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ပဲလွမ်းဖြူတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပဲလွမ်းဖြူသည် ပြည်တွင်းဈေးကွက်ထက် ပြည်ပဈေးကွက်ကို ပိုမိုအားထားစိုက်ပျိုးနေရသည့် ပဲအမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပဲလွမ်းဖြူများကို အိန္ဒိယ၊ တရုတ်၊ တောင်ကိုရီးယားနိုင်ငံများအပြင် ဥရောပနိုင်ငံများထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲလွမ်းဖြူသည် အခြားနိုင်ငံများက တင်ပို့ရောင်းချပေးနေသည့် ပဲလွမ်းဖြူများနှင့် နှိုင်းယှဉ်ပါက ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုနည်းသဖြင့် ဥရောပဈေးကွက်က အထူးကြိုက်နှစ်သက်မှုရှိနေသောကြောင့် ဥရောပဒေသဈေးကွက်များတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ ထိ ပေါက်ဈေးရရှိကြောင်း၊ ထို့ကြောင့် ပဲလွမ်းဖြူများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ လစဉ် တင်ပို့ရောင်းချပေးလျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ပဲလွမ်းဖြူတင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉၁၂ သန်းထိ နိုင်ငံခြားဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

ပြည်ပသို့ ပဲလွမ်းဖြူတင်ပို့ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၉၆ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၁၆ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ယခုအခါပဲလွမ်းဖြူအသစ်များထွက်ရှိလာပြီး ဈေးကွက်သို့ဝင်ရောက်နေပြီဖြစ်သော်လည်း ဈေးနှုန်းကျဆင်းခြင်းမရှိဘဲ ယခင်နှစ်ထက် ဈေးနှုန်းများ ပိုမိုရရှိလာခဲ့ကြောင်း၊ ယခင်နှစ်က ပဲလွမ်းဖြူတစ်အိတ်လျှင် ငွေကျပ် တစ်သိန်းခန့်ပေါက်ဈေးရှိခဲ့ရာမှ ယခုနှစ်တွင် ပဲလွမ်းဖြူတစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ မှ ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

SKL



# မင်းဘူးမြို့နယ် ရေမြက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေး

**မင်းဘူး ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ရေမြက်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှမျိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှမျိုးသူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၁၀ အတွက် ငွေကျပ် ၄၃ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးအတွက်ငွေကျပ် ၇ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးအတွက် ငွေကျပ် ၂ ဒသမ ၃ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးအတွက် ငွေကျပ် ၁ ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၁ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၂၅ သန်းထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှမျိုးသူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ခင်မာ**

# မေတ္တာစွမ်းအား

- သူကစိတ်ကွက် ဒေါသထွက်လည်း
အမျက်ဒေါမာန် မတုံ့ပြန်ဘဲ
ခိုက်ရန်ရှောင်ခွာ မုဒိတာပွား
မေတ္တာထား၍ လေးစားလိုက်လျော
စိတ်မနှောဖြင့် သဘောဖြူစွာ
ဆက်ဆံပါမှ လူ့ရွာတစ်ခွင်
ပတ်ဝန်းကျင်၌ ဖြူစင်မေတ္တာ
ရှိန်အဝါကြောင့် သာယာငြိမ်းချမ်း
ဘဝလမ်း၌ ရွှင်လန်းကြည်သာ
စိတ်ချမ်းသာ၍ ပြည်ရွာကောင်းကျိုး
ထမ်းသယ်ပိုးရင်း ညီကိုရင်းသို့
ရင်းနှီးခင်မင် ချစ်ကျွမ်းဝင်၍
ပြည်ခွင်ရပ်ရွာ ငြိမ်းချမ်းသာသည်
မေတ္တာစွမ်းအား အကျိုးတည်း။ ။

**မင်းရွှေမင်း(တောင်ကုတ်)**

# ပေါင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ပေါင် ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရဲပြားကုန်းကျေးရွာနှင့် သဲဖြူကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့်အတူ ရဲပြားကုန်းကျေးရွာနှင့် သဲဖြူကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲပြားကုန်းကျေးရွာနှင့် သဲဖြူကုန်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၉၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကန်ဖြူမြန်မာကုမ္ပဏီက တာဝန်ယူ၍ ဩဂုတ်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်ထံမှ သိရသည်။

**သုတ**






## သမ္မတ ပူတင် အဓိကမဟာမိတ်ဖြစ်သည့် ဘီလာရုစ်နိုင်ငံသို့ သွားရောက်

**မော်စကို ဒီဇင်ဘာ ၁၉**

ရုရှားသမ္မတ ပူတင်သည် ယနေ့တွင် အဓိကမဟာမိတ်နိုင်ငံဖြစ်သည့် ဘီလာရုစ်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားတပ်များက မြေပြင်ထိုးစစ်သစ်တစ်ခု ထပ်မံပြုလုပ်လာမည့်အရေးကို ယူကရိန်းတာဝန်ရှိသူများ ကစိုးရိမ်နေစဉ် ရုရှားသမ္မတ ပူတင်က ဘီလာရုစ်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် ရုရှားသမ္မတပူတင်အတွက် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးဘီလာရုစ်ခရီးစဉ်ဖြစ်သည်။

ရုရှားသမ္မတပူတင်သည် ယနေ့ခရီးစဉ်အတွင်း ဘီလာရုစ်သမ္မတ အလက်ဇန်းဒါး လူကာရှန်ကိုနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က ယူကရိန်းအထူးစစ်ဆင်ရေးများကို စတင်ရာတွင် ဘီလာရုစ်နယ်စပ်မှတစ်ဆင့် စစ်မျက်နှာတစ်ခု ဖွင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၃ ရက်ကလည်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် ဘီလာရုစ်နိုင်ငံသို့ မကြေညာဘဲ သွားရောက်ခဲ့ပြီး ဘီလာရုစ် ကာကွယ်ရေးဝန်ကြီးနှင့် အသေးစိတ် ကြေညာခြင်းမရှိသည့် သဘောတူညီချက်တစ်ရပ် ရယူခဲ့ကြောင်း သိရသည်။ KKO

## ကဘူးလ်မြို့ မြောက်ပိုင်း ဥမင်လမ်းအတွင်း၌ လောင်စာဆီတင်ယာဉ် ပေါက်ကွဲမှုဖြစ်ပွား လူ ၁၉ ဦး သေဆုံး၍ ၃၂ ဦး ဒဏ်ရာများရရှိ

**ကဘူးလ် ဒီဇင်ဘာ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့မြောက်ပိုင်းရှိ ဥမင်လမ်းတစ်ခုအတွင်း လောင်စာဆီတင်ယာဉ်တစ်စီးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူပေါင်း ၁၉ ဦး သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါလောင်စာဆီတင်ယာဉ်ပေါက်ကွဲမှုသည် ဆာလန်းအမည်ရှိ ဥမင်လမ်းအတွင်း ဒီဇင်ဘာ ၁၈ ရက်ညပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လောင်စာဆီတင်ယာဉ်ပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ ၁၉ ဦး သေဆုံးခဲ့ရပြီး ၃၂ ဦးဒဏ်ရာများရရှိခဲ့ကြောင်းအာဖဂန်နစ္စတန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် လောင်စာဆီတင်ယာဉ်ပေါက်ကွဲမှုကြောင့် ပေါ်ထွက်ခဲ့သည့် အပျက်အစီးများအောက်ရောက်နေသူများ ရှိနိုင်သေးသည်ဖြစ်ရာ သေဆုံးသူအရေအတွက် ထပ်တိုးလာနိုင်ကြောင်း အာဖဂန်နစ္စတန်တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် လောင်စာဆီတင်ယာဉ် ပေါက်ကွဲမှုအကြောင်းရင်းကို မသိရသေးကြောင်း သိရသည်။

ဆာလန်း ဥမင်လမ်းသည် ကဘူးလ်မြို့ မြောက်ဘက်မိုင် ၆၀ အကွာတွင်တည်ရှိပြီး ၁၉၆၀ပြည့်နှစ်များအတွင်း ဆိုဗီယက်ပြည်ထောင်စုက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO



## ရုရှားနှင့်တရုတ် ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန် စီစဉ်



**မော်စကို ဒီဇင်ဘာ ၁၉**

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်ထိ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်နှင့် ရုရှားနိုင်ငံ ရေတပ်များပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်မည့်အစီအစဉ်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အရှေ့တရုတ်ပင်လယ်ဒေသ၌ ပြုလုပ်မည့် အဆိုပါပူးတွဲ ရေတပ်စစ်ရေးလေ့ကျင့်မှုအတွင်း ဒုံးပျံပစ်ခတ်လေ့ကျင့်မှုများနှင့်အမြောက်ပစ်ခတ်လေ့ကျင့်မှုများ ပါဝင်မည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

အဆိုပါနှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ အဓိကရည်ရွယ်ချက်မှာရုရှားနှင့်တရုတ် ရေတပ်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေးနှင့် အာရှ-ပစိဖိတ်ဒေသငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုတို့ကို ထိန်းသိမ်းထားနိုင်ရေးဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာထားသည်။


လက်ရှိအချိန်တွင် အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ပါဝင်မည့် ရုရှားစစ်သင်္ဘောလေးစီးသည် ဗလာဒီဗော့စတော့ ဆိပ်ကမ်းမှ အရှေ့တရုတ် ပင်လယ်ဒေသသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

တရုတ်နှင့် ရုရှားတို့သည် ၂၀၁၂ ခုနှစ်မှစတင်၍ နှစ်နိုင်ငံ ရေတပ်ပူးတွဲ စစ်ရေးလေ့ကျင့်မှုများကို နှစ်စဉ်ပြုလုပ်ခဲ့ကြောင်း သိရသည်။ KKO

## ပါကစ္စတန် အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနချုပ်တစ်ခုကို တာလီဘန်အကျဉ်းသားများ ထိန်းချုပ်ထား

**အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၁၉**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဌာနချုပ်တစ်ခု၌ ထိန်းသိမ်းခံထားရသည့် ပါကစ္စတန်တာလီဘန် စစ်သွေးကြွများသည် ဒီဇင်ဘာ ၁၈ ရက် ညပိုင်းတွင် အစောင့်များကို လူအားဖြင့်ဖမ်းချုပ်၍ ဌာနချုပ်အဆောက်အအုံကို ထိန်းချုပ်ထားကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။



ပါကစ္စတန်တာလီဘန်အကျဉ်းသားများသည် အစောင့်များကို လူအားဖြင့်ဖမ်းချုပ်၍ ဓားစာခံပြုလုပ်ပြီးနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနချုပ်ကို ထိန်းချုပ်ထားခြင်းဖြစ်ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ပါကစ္စတန်ရဲတပ်ဖွဲ့နှင့် စစ်ဘက်တို့သည် အဆိုပါအကြမ်းဖက်မှု တိုက်ဖျက်ရေးဌာနချုပ်တည်ရှိရာနယ်မြေသို့ တပ်ဖွဲ့ဝင်များနှင့် အထူးတပ်ဖွဲ့များကို ပို့ဆောင်ထားသည်။

ပါကစ္စတန်အစိုးရ တာဝန်ရှိသူများ၏အဆိုအရ အကြမ်းဖက်မှုတိုက်ဖျက်ရေး အဆောက်အအုံထိန်းချုပ်မှုတွင် ပါကစ္စတန်တာလီဘန်အကျဉ်းသား အနည်းဆုံး ဦးရေ ၃၀ ပါဝင်ခဲ့ပြီး လုံခြုံရေးဝန်ထမ်း ၁၀ ဦးထိကို ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံသည် တီရစ်ခ်အီး တာလီဘန် ပါကစ္စတန် ခေါ် ပါကစ္စတန် တာလီဘန်အုပ်စု၏ ပုန်ကန်မှုနှင့်ရင်ဆိုင်နေရသည်။

တီရစ်ခ်အီး တာလီဘန် ပါကစ္စတန်အုပ်စုသည် အာဖဂန် တာလီဘန်အုပ်စုနှင့် အဆက်အဆံရှိကြောင်း သိရသည်။ KKO

## ထိုင်းပင်လယ်ကွေ့၌ ထိုင်းစစ်သင်္ဘောတစ်စီးနစ်မြုပ် ရေတပ်သား ၇၃ ဦးကိုကယ်တင်နိုင်သော်လည်း ၃၃ ဦး ပျောက်ဆုံးနေ

**ဗန်ကောက် ဒီဇင်ဘာ ၁၉**

ထိုင်းပင်လယ်ကွေ့ ရေပြင်အတွင်း၌ ဒီဇင်ဘာ ၁၈ ရက်ညပိုင်းက ထိုင်းရေတပ် အစောင့်လိုက်စစ်သင်္ဘောတစ်စီးနစ်မြုပ်ခဲ့ရာ ရေတပ်သား ၇၃ ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း ၃၃ ဦး ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိတ်ချ်တီအမ်အက်စ်ဆူခိုထိုင်းအမည်ရှိ အဆိုပါစစ်သင်္ဘောသည် အင်ဂျင်ပြဿနာ တစ်ရပ်ကြောင့် ထိုင်းကမ်းရိုးတန်းနှင့် ရေမိုင် ၂၀ အကွာတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်သင်္ဘော နစ်မြုပ်ချိန်တွင် ရာသီဥတု အခြေအနေမှာလည်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆိုးရွားပြင်းထန်နေကြောင်း သိရသည်။

စစ်သင်္ဘောနစ်မြုပ်ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းကို ညတွင်းချင်းလုပ်ဆောင်ခဲ့ရာ သင်္ဘောပေါ် လိုက်ပါသွားသူ ရေတပ်သား ၁၀၆ ဦးအနက် ၇၃ ဦးကိုကယ်တင်နိုင်ခဲ့သော်လည်း ၃၃ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ထိုင်းရေတပ်က သတင်းထုတ်ပြန်ထားသည်။

ပျောက်ဆုံးနေသော ရေတပ်သားများကိုရှာဖွေရေးအတွက် ထိုင်းရေတပ်က စစ်သင်္ဘောသုံးစီးနှင့် ရဟတ်ယာဉ်နှစ်စင်းကို အိတ်ချ်တီအမ်အက်စ်ဆူခိုထိုင်းစစ်သင်္ဘော နစ်မြုပ်ရာနေရာသို့ စေလွှတ်ထားသည်။

အဆိုပါစစ်သင်္ဘောသည်အမေရိကန်နိုင်ငံက တည်ဆောက်ထားသည့် စစ်သင်္ဘောဖြစ်ပြီး ၎င်းစစ်သင်္ဘောကို ထိုင်းရေတပ်က ၁၉၈၇ ခုနှစ်မှစ၍ အသုံးပြုခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ရှီယန်း-၂၀ အာကာသနည်းပညာစူးစမ်းလေ့လာရေးဂြိုဟ်တုတစ်စင်း တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်ခဲ့



**ပေကျင်း ဒီဇင်ဘာ ၁၉**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှီယန်း-၂၀ အမျိုးအစား အာကာသနည်းပညာစူးစမ်းလေ့လာရေးဂြိုဟ်တုတစ်စင်းကို ဒီဇင်ဘာ ၁၆ ရက်က လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဒီဇင်ဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

ရှီယန်း-၂၀ အာကာသ နည်းပညာ စူးစမ်းလေ့လာရေးဂြိုဟ်တု သယ်ဆောင်ထားသည့် လောင်းမတ်ချ်- ၁၁ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီချန်းဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၁၁ ဒုံးပျံသည် ရှီယန်း-၂၀ အာကာသနည်းပညာ စူးစမ်းလေ့လာရေးဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၁၆ ရက်မစ်ရှင်သည် လောင်းမတ်ချ် ဒုံးပျံများအတွက် ၄၅၆ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ပြီး ရှီယန်း-၂၀ အာကာသနည်းပညာ စူးစမ်းလေ့လာရေးဂြိုဟ်တုကို ပတ်လမ်းပေါ်၌အာကာသနည်းပညာသစ်များ စမ်းသပ်ရေးအတွက် အသုံးပြုမည်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၆၂ ကြိမ်ထိ လွှတ်တင်ခဲ့ပြီး ဒီဇင်ဘာ ၃၀ ရက်တွင်လည်း ပေတူ-၃ မစ်ရှင်ကို လွှတ်တင်ဖွယ်ရှိကြောင်း သိရသည်။

KKO

# HEALTH

## ကိုဗစ်ရောဂါကြောင့် ကွယ်လွန်ခဲ့ရသူများ၏ ရုပ်အလောင်းများမှတစ်ဆင့် ကိုရိုနာပိုင်းရပ်ကူးစက်နိုင်

**တိုကျို ဒီဇင်ဘာ ၁၉**

ကိုရိုနာဗိုင်းရပ်သည် ကိုဗစ်ရောဂါကြောင့် ကွယ်လွန်ခဲ့ရသူများ၏ ရုပ်အလောင်းများမှတစ်ဆင့်လည်း ကူးစက်နိုင်ခြေရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဒီဇင်ဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

ဂျပန်နိုင်ငံမှ သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါကြောင့် ကွယ်လွန်ခဲ့ရသူများ၏ လေပြွန်လမ်းကြောင်းနှင့်အဆုတ်တို့၌ ကိုရိုနာပိုင်းရပ်များ နောင် ၁၇ ရက်ကြာထိ ဆက်ရှိနေတတ်သည်ကို ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

ရုပ်အလောင်းများမှတစ်ဆင့် အများပြည်သူများထံ ကိုရိုနာဗိုင်းရပ်ကူးစက်နိုင်ခြေမှာ နည်းပါးသော်လည်း ရုပ်အလောင်းခွဲစိတ်စစ်ဆေးသူများ၊ ကျန်းမာရေးဝန်ထမ်းများအတွက်မူ သတိထားရမည်ဖြစ်ကြောင်း ဂျပန်သုတေသနပညာရှင်များက သတိပေးထားသည်။

ထို့ပြင် ကြွက်များဖြင့်ပြုလုပ်ခဲ့သည့် စမ်းသပ်မှုတွင်လည်း ကိုရိုနာပိုင်းရပ်များသည် ၎င်းကြွက်များသေဆုံးပြီးနောက်မှာပင် အဆုတ်နှင့်လေပြွန်လမ်းကြောင်းများ၌ ၂၄ နာရီထိ ဆက်ရှိနေတတ်ကြောင်း ဂျပန် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါကြောင့် ကွယ်လွန်သူများ၏ ရုပ်အလောင်းများကို ကိုင်တွယ်ရာတွင် ပိုင်းရပ်မကူးစက်ရေးအတွက် သင့်လျော်သည့်ပိုင်းရပ်ကူးစက်မှု ထိန်းချုပ်ရေးနည်းလမ်းများ ကျင့်သုံးရန်လိုကြောင်း ဂျပန်သုတေသန ပညာရှင်များက ပြောကြားသည်။

KKO

## နာဆာ၏ အင်ဂျီနျူတီရဟတ်ယာဉ် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၃၆ ကြိမ်မြောက် ပျံသန်းမှုပြုလုပ်နိုင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အင်ဂျီနျူတီ ရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၃၆ ကြိမ်မြောက် ပျံသန်းမှုကို ပြုလုပ်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ၃၆ ကြိမ်မြောက် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ပျံသန်းမှုကို ဒီဇင်ဘာ ၁၀ ရက်ကပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၀ ရက်ပျံသန်းမှုတွင် အင်ဂျီနျူတီရဟတ်ယာဉ်သည် ၆၀ ဒသမ ၅ စက္ကန့်ကြာ ပျံသန်းခဲ့ပြီး အကွာအဝေး ၃၆၀ ပေထိ ရောက်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။



အင်ဂျီနျူတီရဟတ်ယာဉ်သည် ဒီဇင်ဘာ ၃ ရက်တွင် ပြုလုပ်ခဲ့သော ၃၅ ကြိမ်မြောက် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ပျံသန်းမှုတွင် အမြင့်ပေ စံချိန်သစ်တင်ခဲ့ပြီး အင်္ဂါဂြိုဟ် မြေမျက်နှာပြင်အထက် ၄၆ ပေထိ တက်ရောက်နိုင်ခဲ့သည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်သို့ စတင်ဆင်းသက်ခဲ့ပြီးနောက်ပိုင်း ယနေ့အချိန်ထိ ခရီးအကွာအဝေး ၂၄၆၃၃ ပေထိ ပျံသန်းခဲ့ပြီး အင်္ဂါဂြိုဟ်လေထုလွှာအတွင်းရောက်ခဲ့ချိန် စုစုပေါင်း ၆၁ မိနစ်ထိရှိကြောင်း၊ အင်ဂျီနျူတီရဟတ်ယာဉ်သည် နာဆာ၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်နှင့်အတူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း၌ ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

KKO

## စမ်းသပ်ဆဲမျိုးဗီဇကုထုံးတစ်မျိုးက DEB အရေပြားရောဂါကို ကုသပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဒီဇင်ဘာ ၁၉**

စမ်းသပ်ဆဲ မျိုးဗီဇကုထုံးတစ်မျိုးသည် Dystrophic Epidermolysis Bullosa (DEB) ခေါ် ရှားပါးပြင်းထန်သည့် အရေပြားရောဂါတစ်မျိုးကြောင့် ပေါ်ထွက်လာသည့်အနာများကို ကုသပေးနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါမျိုးဗီဇကုထုံးသည် မျိုးဗီဇကြောင့်ပင် ဖြစ်ပွားတတ်သော DEB ခေါ် ရှားပါးသည့်အရေပြားရောဂါတစ်မျိုး ခံစားနေရသူများအတွက် မျှော်လင့်ချက် တစ်ရပ်ဖြစ်လာနိုင်ကြောင်း အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

DEB အရေပြားရောဂါခံစားရသူများသည် အရေပြားလွန်စွာ ပျက်စီးလွယ်ပြီး သာမန်ခြစ်ရာ ရှရာများရခဲ့လျှင်ပင် အနာများဖြစ်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် အရေပြားလိမ်းဆေးဆီအဖြစ် အနာများကိုလိမ်းကျံနိုင်သည့် စမ်းသပ်ဆဲမျိုးဗီဇကုထုံးတစ်ရပ်သည် DEB အရေပြားရောဂါအတွက် ပထမဆုံးကုထုံးဖြစ်လာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

DEB အရေပြားရောဂါသည် မျိုးဗီဇဖောက်ပြန်မှုကြောင့် ကော်လာဂျင် ခေါ် ဇီဝအစေးဓာတ်တစ်မျိုးကို ကိုယ်ခန္ဓာကထုတ်မပေးနိုင်တော့ချိန်တွင် ဖြစ်ပွားတတ်သည့် အရေပြားရောဂါဖြစ်သည်။

လက်ရှိအချိန်တွင် DEB အရေပြားရောဂါအတွက် တိကျသည့် ကုထုံးမျိုးမရှိသေးကြောင်း သိရသည်။

KKO



## ရုရှားနိုင်ငံ၏ ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ်ကို ကနေဒါစက်ရုပ်လက်တံဖြင့်စစ်ဆေးရန် စီစဉ်ထား

**မော်စကို ဒီဇင်ဘာ ၁၉**

နိုင်ငံတကာအာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးများသည် ကနေဒါနိုင်ငံလုပ် စက်ရုပ်လက်တံဖြင့် ရုရှားနိုင်ငံ၏ ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ်ကို စစ်ဆေးရန် စီစဉ်ထားကြောင်း Reuters သတင်းဌာနက ဒီဇင်ဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်၌ဆိုက်ကပ်ထားသော ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ်၌ ဒီဇင်ဘာ ၁၄ ရက် ညပိုင်းက အအေးပေးစနစ်ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ ရုရှားအာကာသယာဉ်မှူး နှစ်ဦး၏ အာကာသစခန်းယာဉ်ပြင်ပထွက်ခွာရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။

အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ်၏ အခန်းတွင်းအပူချိန် အနည်းငယ်အပြောင်းအလဲရှိခဲ့သော်လည်း လက်ခံနိုင်သည့်အခြေအနေတွင် ရှိဆဲဖြစ်သည်ဟု ရုရှား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သို့ရာတွင် မိမိတို့အနေဖြင့် ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ်၏အခြေအနေကို ကနေဒါစက်ရုပ်လက်တံ၌ တပ်ဆင်ထားသည့် ကင်မရာဖြင့် စစ်ဆေးရန်စီစဉ်ထားကြောင်း ရုရှားအာကာသအေဂျင်စီ သတင်းထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံတကာ အာကာသစခန်း၌ တပ်ဆင်ထားသော စက်ရုပ်လက်တံသည် အလျား ၁၇ မီတာရှည်လျားပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများပြုလုပ်ခြင်း၊ အထောက်အပံ့ပစ္စည်းများ ရွှေ့ပြောင်းပေးခြင်း၊ အာကာသစခန်း၌ ဆိုက်ကပ်မည့် အာကာသယာဉ်များကို ဆွဲယူပေးနိုင်ခြင်းများ ပြုလုပ်နိုင်သည်။

လက်ရှိအချိန်တွင် ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ်၏ အခြေအနေကြောင့် ရုရှားအာကာသအေဂျင်စီသည် ဆိုယုဇ် MS-23 အာကာသလူသယ်ယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲနှင့်ဘောလုံးပြိုင်ပွဲတို့ကို ယနေ့နံနက် ၉ နာရီမှ စတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းနှင့် အားကစားရုံ(ဘီ)တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။



ဦးစွာ ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အမျိုးသားပွဲစဉ်များ၌ ပြည်ထောင်စုရာထူးဝန်အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို သုံးပွဲ နှစ်ပွဲ၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ထို့အတူ ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ငါးဂိုး ဂိုးမရှိ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြသည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဒီဇင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ဝက်စ်ဟမ်းအသင်းက ဝမ်ဘစ်ဆာကာကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် ဆွေးနွေး

**လန်ဒန် ဒီဇင်ဘာ ၁၉**

ဝက်စ်ဟမ်းအသင်းက ခံစစ်ပိုင်းဖြည့်တင်းရန်အတွက် မန်ယူအသင်းတွင် ပွဲကစားခွင့်ပျောက်ဆုံးနေသည့် ခံစစ်ကစားသမား ဝမ်ဘစ်ဆာကာကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ရန် ဆွေးနွေးမှုပြုလုပ်နေသည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ဝမ်ဘစ်ဆာကာသည် ၂၀၁၉ ခုနှစ်က ပဲလေ့စ်အသင်းမှမန်ယူအသင်းသို့စတာလင်ပေါင် သန်း ၅၀ ဖြင့် ပြောင်းရွှေ့ခဲ့ပြီး နည်းပြဟောင်း ဆိုးလ်ရှားလက်ထက်တွင် ပုံမှန်ကောင်းပြသ၍ ပုံမှန်ပွဲကစားခွင့် ရရှိခဲ့သော်လည်း နည်းပြတန်ဟတ် လက်အောက်တွင် ခြေစွမ်းပိုင်းကျဆင်းလာကာ ပြိုင်ပွဲစုံတွင် ပွဲကစားချိန် လေးမိနစ်သာရှိသဖြင့် ၎င်းက အသင်းမှထွက်ခွာလိုနေသောကြောင့် ဝက်စ်ဟမ်းအသင်းက ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆွေးနွေးခဲ့သည်။

ဝမ်ဘစ်ဆာကာသည် မန်ယူအသင်းနှင့် လာမည့်နွေရာသီတွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း နည်းပြတန်ဟတ်က ၎င်း၏ကစားပုံကို နှစ်သက်ခြင်းမရှိသဖြင့် အသင်းမှထွက်ခွာခွင့်ပြုထားသောကြောင့် ဝက်စ်ဟမ်းအသင်းက ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူ၍ စာချုပ်သက်တမ်း ကုန်ဆုံးပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူမည်ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ်ဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲတွင် ၁၅ ပွဲကစားခဲ့ရာ ပေးဂိုး ၁၇ ဂိုးထိရှိခဲ့ပြီး ခံစစ်ပိုင်းလိုအပ်ချက်များကြောင့် ရမှတ်များဆုံးရှုံးခဲ့ကာ ရမှတ် ၁၄ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁၆)သို့ ရောက်ရှိခဲ့ပြီး တန်းဆင်းဇုန်မှ နော့တင်ဟမ်အသင်းနှင့် ရမှတ်တစ်မှတ်သာ ကွာဟလျက်ရှိကြောင်း သိရသည်။

ML



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အုပ်စုပွဲစဉ်များတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အသင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ စွမ်းအင်ဝန်ကြီးဌာန အသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အလုပ်သမားဝန်ကြီးဌာန အသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။



ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉နာရီမှ စတင်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း၊ စက်မှုဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့်ပြည်ထောင်စုရာထူးဝန်အသင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ STA

# AfrAsia Bank Mauritius Open ချန်ပီယံဆုကို ရှို့ဇ်နာ ဆွတ်ခူး

**ပေါ့လိုးရှစ် ဒီဇင်ဘာ ၁၉**

မောရစ်သျှနိုင်ငံတွင် ကျင်းပခဲ့သည့်AfrAsia Bank Mauritius Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြင်သစ်ဂေါက်သီးရိုက်ကစားသမား ရှို့ဇ်နာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျှော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်ဟု Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ၌ စပိန်ဂေါက်သီးရိုက်ကစားသမား ဂါစီယာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ပြင်သစ်ဂေါက်သီးရိုက်ကစားသမား ဂျူလီယန်ဘရန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

ချန်ပီယံဆု ဆွတ်ခူးခဲ့သည့် ရှို့ဇ်နာက ဆုကြေးငွေအဖြစ် ယူရိုတစ်သန်းခံစားခွင့်ရရှိခဲ့ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် DP World Tour တွင် သုံးလုံးမြောက်ဆုဖလားကို ဆွတ်ခူးရရှိခဲ့သည်။

ရှို့ဇ်နာသည် ပထမနေ့တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ဒုတိယနေ့မှစတင်၍ ရလဒ်များ ကောင်းမွန်လာခဲ့ပြီး ဂျူလီယန်ဘရန်းနှင့် နောက်ဆုံးနေ့ထိ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရသည်။

ရှို့ဇ်နာက "အကြိတ်အနယ်ရှိတဲ့ပြိုင်ပွဲပါ။ နောက်ဆုံးနေ့ထိကို ချန်ပီယံ အဆုံးအဖြတ်အတွက် အကြိတ်အနယ် ကစားခဲ့ရတာပါ။ နောက်ဆုံးနေ့မှာ ရလဒ်ကောင်းမွန်ခဲ့လို့ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တာပါ။ အောင်မြင်မှုရယူနိုင်ဖို့ ရာသီအစကတည်းက လေ့ကျင့်မှုတွေပြင်းပြင်းထန်ထန်လုပ်ခဲ့ပါတယ်။ရာသီကုန်ခါနီးမှချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။AZL

# နည်းပြချက်ဇလောနေရာတွင် ဆော်ဒီနည်းပြ ဟာဗီရီနာ့ဒ်နှင့် အစားထိုးရန် ပိုလန်အသင်းပြင်ဆင်

**ဝါဆော ဒီဇင်ဘာ ၁၉**

ပိုလန်အသင်းသည် ယခုလကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် နည်းပြချက်ဇလော၏ နေရာတွင် ဆော်ဒီအာရေဗျအသင်းနည်းပြ ဟာဗီရီနာ့ဒ်နှင့် အစားထိုးရန် ပြင်ဆင်နေသည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဟာဗီရီနာ့ဒ်၏ ဆော်ဒီအာရေဗျအသင်းသည် လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသော်လည်း အဖွင့်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့သည့်အပြင် ပိုလန်အသင်းနှင့် မက္ကဆီကိုအသင်းတို့ကိုအကောင်းဆုံးတုံ့ပြန် ကစားနိုင်ခဲ့သည့်အတွက် ပိုလန်ဘောလုံးအဖွဲ့ချုပ်က စာချုပ်သက်တမ်းကုန်ဆုံးမည့် ချက်ဇလော၏နေရာတွင် ဟာဗီရီနာ့ဒ်နှင့် အစားထိုးနိုင်ရန်ကြိုးပမ်းနေသည်။

လက်ရှိတွင် နည်းပြဟာဗီရီနာ့ဒ်သည် ဆော်ဒီအာရေဗျအသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသော်လည်း ၎င်းအနေဖြင့် ပိုလန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မက်ဇီကီနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ပိုလန်အသင်း၏ကမ်းလှမ်းမှုကို စိတ်ဝင်စားကြောင်း ပြောကြားခဲ့သည်။

အသက် ၅၄ နှစ်ရှိ ဆော်ဒီအာရေဗျအသင်းနည်းပြ ဟာဗီရီနာ့ဒ်သည် ၂၀၀၈ ခုနှစ်တွင် နိုင်ငံလက်ရွေးစင်နည်းပြဘဝကို စတင်ခဲ့ပြီး ဇမ်ဘီယာအသင်း၊ အန်ဂိုလာအသင်း၊ အိုင်ဗရီကို့စ်အသင်း၊ မော်ရိုကိုအသင်းတို့ကို ကိုင်တွယ်ခဲ့ရာ အောင်မြင်မှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ML

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# စွန့်ပစ်ပလတ်စတစ်များကြောင့်ဖြစ်ရသည့် ကူးစက်ရောဂါများ(၁)



ယနေ့ မျက်မှောက်ကာလ နေရာတိုင်းလိုလိုတွင် ပလတ်စတစ်သည် မပါမဖြစ်လူသုံးကုန်ပစ္စည်း ဖြစ်နေသည်။ အဓိကအားဖြင့် ပစ္စည်းများကိုထုပ်ပိုးသည့်နေရာတွင် ပလတ်စတစ်ကိုအသုံးပြုကြသည်။ တစ်ခါသုံးအဖြစ် အသုံးချကြသည်က များသည်။ ၂၀ ရာစုနှစ် ဒုတိယနှစ် ၅၀ ကာလများမှစတင်လျက် ပလတ်စတစ်အသုံးပြုမှု တွင်ကျယ်လာခဲ့သည်။ ပလတ်စတစ်ကို တစ်ခါသုံးအဖြစ် အသုံးချကြသည့်အတွက် ပြန်လည်စွန့်ပစ်ရန်လိုသည်။ ပလတ်စတစ်သည် သူ့အလိုလိုပျက်စီးရန် မလွယ်သည့်အရာဖြစ်သည်။ သည်တော့ အသုံးပြုပြီးသည့် ပလတ်စတစ်များ၏ ၅၅ ရာခိုင်နှုန်းက ကမ္ဘာမြေကြီးပေါ်သို့သာ အမှိုက်များအဖြစ် စွန့်ပစ်ခံကြရသည်။

ကမ္ဘာတစ်လွှား ပလတ်စတစ်များနှင့် ပတ်သက်သော စီမံခန့်ခွဲမှုအားနည်းသည့်အတွက် ပလတ်စတစ်ကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်လာရသည်။ ပလတ်စတစ်ဟုဆိုလိုက်လျှင် မိုက်ခရိုပလတ်စတစ်နှင့် နာနိုပလတ်စတစ်တို့ကို လူသိများသည်။ မိုက်ခရိုပလတ်စတစ်ဆိုသည်က သုည ဒသမ ၂ လက်မ သို့မဟုတ် ၅ မီလီမီတာအောက် သေးငယ်သည့် ပလတ်စတစ်အမှုန်များကို ဆိုလိုသည်။ နာနိုပလတ်စတစ်ကမူ မိုက်ခရိုပလတ်စတစ်အမှုန်လေးများထက် အဆပေါင်း သန်းဂဏန်းထိ ပိုမိုသေးငယ်သွားသည်။

ပလတ်စတစ်၏ ဆိုးကျိုးများဟုဆိုလိုက်လျှင် မိုက်ခရိုနှင့်နာနိုအရွယ်အစား အလွန်သေးငယ်သည့် ပလတ်စတစ်အမှုန်လေးများ၏ ဆိုးကျိုးကိုသာ လက်ညှိုးညွှန်ဖော်ထုတ်ကြသည်က များသည်။ လူသားများ ပုံမှန်မြင်တွေ့နေကျ ပလတ်စတစ်ရေဘူး၊ ရေခွက်၊ ပစ္စည်းထည့်သည့်ဘူး စသည်တို့ကို မက်ခရိုပလတ်စတစ်ဟုခေါ်သည်။ မက်ခရိုပလတ်စတစ်ပစ္စည်းများသည်လည်း ကမ္ဘာမြေကြီးအပေါ်အန္တရာယ်ပြုနိုင်သည်။ မက်ခရိုပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ကူးစက်ရောဂါများ ပိုမိုပျံ့နှံ့စေသည်။ အကျိုးဆက်အနေဖြင့် လူသားထု၏ကျန်းမာရေးနှင့်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ထိခိုက်စေသည်။

လူသားထုနှင့်နီးနီးကပ်ကပ်နေပြီး ဒုက္ခပေးသည့်အထဲတွင် ခြင်မှဖြစ်သော ကူးစက်ရောဂါများက ရှေ့ဆုံးမှပါသည်။ ခြင်များက သွေးလွန်တုပ်ကွေးလို ဗိုင်းရပ်ပိုးများကိုလည်း သယ်သည်။ ငှက်ဖျားပိုးလို ကပ်ပါးပိုးများကိုလည်း သယ်သည်။ ပြီးလျှင် လူများကိုကိုက်ပြီး ရောဂါရစေသည်။ Vector-borne diseases များဟုခေါ်သည်။ သည်နေရာတွင် ခြင်သည် Vector ခေါ် ပိုးသယ်ဆောင်သူဖြစ်သည်။ လူသည် ရောဂါပိုးကူးစက်ခံရသည့် Host ဖြစ်သွားသည်။ ငှက်ဖျားရောဂါမှာဆိုလျှင် ပိုးသယ်ဆောင်ပေးသည့် အနော့ဖလိခြင်ကို မူလလက်ခံသူ(Primary host)ဟုခေါ်ပြီး ခြင်ကိုက်ခံရသူကို Secondary host ခေါ်ကြခြင်းမျိုးလည်းရှိသည်။ အနော့ဖလိခြင်သည် Vector လည်းဖြစ်သလို Primary host လည်း ဖြစ်နေသည်။ စွန့်ပစ်ပလတ်စတစ်ပစ္စည်းများ သို့မဟုတ် မက်ခရိုပလတ်စတစ်များက ရေထဲရောက်သည့်အခါ အထက်ဖော်ပြပါ ရောဂါပိုးသယ်ဆောင်သူ ခြင်ကဲ့သို့ Vector များအတွက် နားခိုရာနေရာ ဖြစ်သွားသည်။ ဗိုင်းရပ်နှင့်ကပ်ပါးပိုးများသာမကပေ။ Leptospirosis ခေါ်သည့် ဗက်တီးရီးယားကြောင့် ဖြစ်ရသည့် ရောဂါများမှ တရားခံဗက်တီးရီးယားပိုးများကိုလည်း ပလတ်စတစ်က ပိုမိုပွားများနိုင်စေရန် အားပေးကူညီသည်။

လူသားတို့အတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ရေညှိ၊ ရေမှော်တချို့အတွက်လည်း ပလတ်စတစ်က အားပေးကူညီသည်။ လူများ သမုဒ္ဒရာထဲမျောနေသည့်အခါ ပလတ်စတစ်ပုံးများကို ချည်နှောင်ပြီး ရေပေါ်ပေါလောပေါ် စီးမျောရှင်သန်ကြသကဲ့သို့ ပိုးလောက်လမ်းများ၊ ဗက်တီးရီးယားများ၊ ကပ်ပါးပိုးများ၊ ရေညှိနှင့်မှော်များသည်လည်း ပလတ်စတစ်အပိုင်းအစများနှင့် တွဲဆက်ချည်နှောင်ကြပြီး ရေဆိုးရေညစ်များထဲ ပေါလောပေါ် စီးမျောရှင်သန်နေကြခြင်းဖြစ်သည်။ ထိုသို့ အသေးအမွှားသက်ရှိကလေးများနှင့် ပလတ်စတစ်အပိုင်းအစများ ချည်နှောင်တွယ်ဆက်ထားသည့်ပစ္စည်းကို Biofilms ဟုခေါ်ကြသည်။ ၂၀ ရာစုအတွင်းတုန်းကမူ ပလတ်စတစ်သည် လူသားတို့၏ဘဝများစွာကို ပဋ္ဌလက်အတတ်သဖွယ် ပြောင်းလဲပေးခဲ့သည့်ပစ္စည်းဖြစ်သည်။ ၂၁ ရာစုတွင် ပလတ်စတစ်သည် လူသားထု၏ ကျိန်စာဖြစ်နေသည်။ ၁၉၅၀ ပြည့်လွန်နှစ်များမှစတင်လျက် ပလတ်စတစ်ပစ္စည်းများကို တစ်အုံတစ်မကြီး စီးပွားဖြစ် စတင်ထုတ်လုပ်ခဲ့ကြသည်။ ၁၉၅၀ ပြည့်နှစ်က ပလတ်စတစ်မက်ထရစ်တန်ချိန် နှစ်သန်း ထုတ်လုပ်ခဲ့ကြရာမှ ၂၀၁၅ ခုနှစ် ရောက်သည့်အခါ မက်ထရစ်တန် ၃၈၁ သန်းထိ ထုတ်လုပ်လာခဲ့ကြသည်။

ပလတ်စတစ်က အထိအခိုက်အကြမ်းပတမ်းခံနိုင်သည်။ တော်ရုံနှင့်ပျက်စီးသွားလေ့မရှိပေ။ စားနပ်ရိက္ခာလုံခြုံမှု၊ စားနပ်ရိက္ခာအလေအလွင့်လျှော့ချနိုင်ရေး၊ စားနပ်ရိက္ခာများ တာရှည်ခံရေး စသည့်ရည်ရွယ်ချက်များပြည့်မီရန်က တစ်ခါသုံးပလတ်စတစ်ဘူးများဖြင့် ထည့်သွင်းသိမ်းဆည်းတင်ပို့ခြင်းက အရေးကြီးလာသည်။ ကုန်ကျစရိတ်ကလည်း မများပေ။ နောက်ပိုင်းတွင် စီးပွားဖြစ် ပလတ်စတစ်လုပ်ငန်းကြီးများ များလာပြီး အစားအသောက်များတွင်သာမက အခြားသော ကုန်ပစ္စည်းမျိုးစုံကိုပါ ပလတ်စတစ်ဖြင့် ထုပ်ပိုးလာကြသည်။ အကျိုးဆက်က ယနေ့ ပလတ်စတစ်အမှိုက်များ၏ ထက်ဝက်ခန့်မှာ ကုန်ပစ္စည်းထုပ်ပိုးခြင်းမှ ထွက်ရှိလာသည့် ပလတ်စတစ်ပစ္စည်းများ ဖြစ်နေတော့သည်။

၂၀၁၅ ခုနှစ်တွင် ပလတ်စတစ်အမှိုက် တန်ချိန်သန်းပေါင်း ၃၀၂ မက်ထရစ်တန်ရှိသည့်အနက် မက်ထရစ်တန် ၁၄၁ သန်းမှာ ထုပ်ပိုးမှုလုပ်ငန်းများမှ ထွက်ရှိသည့် ပလတ်စတစ်များဖြစ်သည်။ ၎င်းပလတ်စတစ်များ ထုတ်လုပ်ခြင်း၏ရည်ရွယ်ချက်မှာ ခြောက်လတာအချိန်ကာလအတွင်း ကုန်ပစ္စည်းတစ်ခုခုကို ထုပ်ပိုးထားနိုင်ရန်သာဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့ပလတ်စတစ်အမှိုက်များ၏ ၂၀ ရာခိုင်နှုန်းကို ပြန်လည် အသုံးပြုခဲ့ကြသည်။ ၂၅ ရာခိုင်နှုန်းကို ဖျက်ဆီးနိုင်ခဲ့ပြီး ကျန် ၅၅ ရာခိုင်နှုန်းကို အမှိုက်ပုံများတွင် စွန့်ပစ်ခြင်း၊ အမှိုက်ပစ်ချခြင်းပုံစံများဖြင့်သာ စွန့်ပစ်ခဲ့ကြသည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်ပြီး စီမံခန့်ခွဲမှုအလွဲများကို ဝင်ငွေအလယ်အလတ်ရှိသော အပူပိုင်းဒေသနိုင်ငံများတွင် အများဆုံးတွေ့ရသည်ဟု ဆိုသည်။ တရုတ်နိုင်ငံသည်လည်း ထိုအုပ်စုထဲပါနေသည်။ ၎င်းတိုင်းပြည်များတွင် တိုးတက်မှုအရှိန်အဟုန် အလွန်မြန်နေသည်။ ပြည်ပမှထွက်ကုန်ပစ္စည်းမျိုးစုံကိုလည်း မှာယူတင်သွင်းသုံးစွဲနိုင်ကြသည်။ ထိုပစ္စည်းများကို ထုပ်ပိုးထားသည့် ပလတ်စတစ်များက တိုင်းပြည်ထဲတွင် အမှိုက်အဖြစ်ကျန်ရစ်သည်။ ၎င်းအမှိုက်များကို မည်သို့စနစ်တကျစွန့်ပစ်မလဲဆိုသည့် စီမံချက်အသင့်ရှိမနေပေ။ သည်အတိုင်းသာ ပလတ်စတစ်များကို တိုးတက်ထုတ်လုပ်နေပြီး တစ်ဖက်က စနစ်တကျမစွန့်ပစ်နိုင်လျှင် ၂၀၅၀ ပြည့်နှစ်ရောက်သည့်အခါ ကမ္ဘာပေါ်တွင် ပလတ်စတစ်စွန့်ပစ်အမှိုက် မက်ထရစ်တန်ချိန် သန်း ၁၂၀၀၀ ရှိနေမည်ဟု ခန့်မှန်းထားကြသည်။

ကမ္ဘာတစ်လွှား ပလတ်စတစ်အမှိုက်စွန့်ပစ်မှုများက တောရိုင်းတိရစ္ဆာန်များကိုလည်း ဘေးဒုက္ခရောက်စေသည်။ ပလတ်စတစ်များကို မြိုချမိခြင်းရှိသည်။ ပလတ်စတစ်များထဲ ပိတ်မိနေခြင်းတို့ရှိသည်။ ပလတ်စတစ်က သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေသည်။ ရေထဲတွင် ပလတ်စတစ်ရှိနေလျှင် ရေထဲက အောက်ဆီဂျင်ဓာတ် လျော့ကျသွားသည်။ ရေထုထဲ အလင်းဖြတ်သန်းမှု လျော့ကျသည်။ သန္တာကျောက်တန်းများအပေါ်ကို ပိတ်ဆို့ကာဆီးထားလိုက်သည်။ ပလတ်စတစ်က သူ့အလိုလိုပျက်စီးရန် မလွယ်ပေ။ အလွန်ဆုံး မက်ခရိုပလတ်စတစ်အဖြစ်မှ အပိုင်းစလေးများ ကွဲထွက်သွားပြီး ငါးမီလီမီတာအောက်ထိ သေးငယ်သည့် မိုက်ခရိုပလတ်စတစ်အဖြစ် ရောက်သွားခြင်းသာရှိသည်။ မိုက်ခရိုပလတ်စတစ်များကြောင့် ပင်လယ်သမုဒ္ဒရာ သဘာဝပတ်ဝန်းကျင်ထိခိုက်ရပုံများကို သုတေသနများစွာဖြင့် သက်သေပြထားနိုင်ခဲ့ပြီးဖြစ်သည်။ မိုက်ခရိုပလတ်စတစ်မှ ထပ်မံပြိုကွဲသည့်အခါ နာနိုပလတ်စတစ်အဆင့်ကို ရောက်သည်။ မိုက်ခရိုပလတ်စတစ်နှင့် နာနိုပလတ်စတစ်များအားလုံးသည် လူသားနှင့် တိရစ္ဆာန်များ၏ ဟော်မုန်းထုတ်လွှတ်မှုဖြစ်စဉ်များကို အနှောင့်အယှက်ပေးနိုင်သည်။

ဥပမာတစ်ခုပြရလျှင် ခြင်တစ်ကောင်၏ဘဝဖြစ်စဉ်၌ ခြင်သားလောင်းဘဝကစတင်ပြီး မိုက်ခရိုပလတ်စတစ်များကို သယ်ဆောင်ထားနိုင်သည်။ ခြင်သားလောင်းဘဝတွင် ခြင်တစ်ကောင်ဖြစ်လာသည်ထိ မိုက်ခရိုပလတ်စတစ်များပါလာပြီး ခြင်မှလူကို ကိုက်လိုက်သည့်အခါ မိုက်ခရိုပလတ်စတစ်များက လူ့ခန္ဓာကိုယ်ထဲ ပြန်ရောက်လာ သည်။ လူတို့စွန့်ပစ်လိုက်သည့် ပလတ်စတစ်များသည် သက်ရှိဘဝများစွာထဲတွင် လှည့်လည်ဖြတ်သန်းပြီး နောက်ဆုံးလူသားတို့ထံပင် ပြန်လည်ရောက်ရှိလာသည့်သဘောဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာထဲတွင် အမှိုက်များစုနေသည့် ရေစီးကြောင်းကြီးတစ်ခုရှိသည်။ မဟာပစိဖိတ်သမုဒ္ဒရာအမှိုက်ပုံကြီး (Great Pacific garbage patch)ဟုခေါ်ကြသည်။ လိပ်ကြီးများအပါအဝင် အခြားနို့တိုက်ရေသတ္တဝါအတော်များများမှာ ၎င်းအမှိုက်ပုံကြီးမှ ပလတ်စတစ်များကို မြိုချမိပြီး ဝေဒနာများရနေကြသည်။ ပလတ်စတစ်အမှိုက်များနှင့်ပတ်သက်လာလျှင် မိုက်ခရိုပလတ်စတစ်များနှင့်ပတ်သက်ပြီး သုတေသနများလုပ်ကြသလောက် မက်ခရိုပလတ်စတစ်ခေါ်သည့် မျက်စိရှေ့တွင်အလွယ်တကူမြင်နေရသော ပလတ်စတစ်များအပေါ် သုတေသနပြုခြင်းက နည်းနေသေးသည်ဟုဆိုကြသည်။

ပလတ်စတစ်အရွယ်စုံများကြား မက်ခရိုပလတ်စတစ်က လူသားတို့နှင့်ပတ်သက်သည့် ကူးစက်ရောဂါတချို့ကို သွယ်ဝိုက်အားပေးနေခြင်းရှိသည်။ အဓိကအားဖြင့် ဗိုင်းရပ်နှင့်ကပ်ပါးပိုးများကို သယ်ဆောင်သည့် အင်းဆက်များကို ရှင်သန်ကြီးထွားရန် ပလတ်စတစ်များက နေရာပေးထားနိုင်သည်။ သွေးလွန်တုပ်ကွေး၊ ချင်ကန်ဂန်ရာ၊ ဇီကာဗိုင်းရပ်တို့ကဲ့သို့ ပိုးမျိုးစုံ သယ်ဆောင်နိုင်သည့် Aedes အနွယ်ဝင် ခြင်ကျားများက ပလတ်စတစ်ဘူးခွံ၊ ပလတ်စတစ်ခွက်၊ တာယာအဟောင်းများတွင် နေထိုင်ကြသည်။ Aedes အနွယ်ဝင်ခြင်ကျားများကို အိန္ဒိယ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း အစရှိသည့်နိုင်ငံများတွင် တွေ့ကြရသည်။ အကြောင်းရင်းက ထိုနိုင်ငံများတွင် Aedes အနွယ်ဝင် ခြင်ကျားများနေထိုင်ရန် ပလတ်စတစ်အမှိုက်များ များနေခြင်းကြောင့်ဖြစ်ပါသည်။

❖ ဥပမာတစ်ခုပြရလျှင် ခြင်တစ်ကောင်၏ဘဝဖြစ်စဉ်၌ ခြင်သားလောင်းဘဝကစတင်ပြီး မိုက်ခရိုပလတ်စတစ်များကို သယ်ဆောင်ထားနိုင်သည်။ ခြင်သားလောင်းဘဝတွင် ခြင်တစ်ကောင်ဖြစ်လာသည်ထိ မိုက်ခရိုပလတ်စတစ်များပါလာပြီး ခြင်မှလူကိုကိုက်လိုက်သည့်အခါ မိုက်ခရိုပလတ်စတစ်များက လူ့ခန္ဓာကိုယ်ထဲ ပြန်ရောက်လာသည်။ လူတို့စွန့်ပစ်လိုက်သည့် ပလတ်စတစ်များသည် သက်ရှိဘဝများစွာထဲတွင် လှည့်လည်ဖြတ်သန်းပြီး နောက်ဆုံးလူသားတို့ထံပင် ပြန်လည်ရောက်ရှိလာသည့်သဘောဖြစ်သည်။ ❖

**ကိုးကား**

- **Plastic pollution and infectious diseases by Pierre-Olivier Maquart, Yves Froehlich, Sebastien Boyer**

**ဒေါက်တာလွှမ်းမိုးဟန်**

# ပန်းချီဆရာကြီး ဦးဘသက်(၁၉၀၃-၁၉၇၂) ၏ ပန်းချီကားသုံးကားကို အွန်လိုင်းမှ လေလံတင်ရောင်းချသွားမည်



**ရန်ကုန် ဒီဇင်ဘာ ၁၉**

နာမည်ကျော် ပန်းချီဆရာကြီး ဦးဘသက် (၁၉၀၃-၁၉၇၂) ၏ ပန်းချီကားသုံးကားကို အွန်လိုင်းမှ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ လေလံတင်မည့် ပန်းချီကားများသည် ပန်းချီဆရာကြီး ဦးဘသက် (၁၉၀၃-၁၉၇၂) ၏ ၁၉၇၀ ပြည့်နှစ်က ရေးဆွဲထားခဲ့သော ရေဆေးပန်းချီကားများဖြစ်ပြီး ဒီဇင်ဘာ ၂၁ ရက် ည ၈ နာရီမှ စတင်ကာ ဒီဇင်ဘာ ၂၅ ရက် ည ၉ နာရီထိ ပန်းချီကားတစ်ကားလျှင် ကြမ်းခင်းဈေး ငွေကျပ် ၁၈ သိန်းဖြင့် အွန်လိုင်းမှ လေလံတင်ရောင်းချသွားမည်ဖြစ်ရာ လေလံပိတ်ချိန်တွင် အမြင့်ဆုံးဈေးပေးနိုင်သည့် လေလံအောင်မြင်သူကို ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ ပန်းချီဆရာကြီး ဦးဘသက်ရေးဆွဲခဲ့တဲ့ ပန်းချီကားတွေထဲက ပန်းချီကားသုံးကားရှိပါတယ်။ ပန်းချီကားသုံးကားစလုံးက ၁၉၇၀-၁၉၇၁ ခုနှစ်လောက်က ရေဆေးနဲ့ ရေးဆွဲခဲ့တဲ့ ပန်းချီကားတွေဖြစ်ပြီးတော့ ပန်းချီကားသုံးကားစလုံး လေလံတင်ရောင်းချပေးမှာဖြစ်ပါတယ်"ဟု ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြသည်။

အွန်လိုင်းမှ လေလံတင်ရောင်းချပေးမည့် ပန်းချီဆရာကြီး ဦးဘသက် (၁၉၀၃- ၁၉၇၂)၏ ပန်းချီကားများအနက် မန္တလေးကျုံး ပန်းချီကားသည် (၈×၁၁) လက်မအရွယ်အစားဖြစ်ကြောင်း၊ အလားတူ ရွှေတိဂုံအမည်ရှိ ရေဆေးပန်းချီကားမှာ အရွယ်အစား (၂၁×၁၄) လက်မဖြစ်ပြီး ရွာအမည်ရှိ ရေဆေးပန်းချီကားမှာ အရွယ်အစားအနေဖြင့် (၁၃×၁၁) လက်မဖြစ်ကြောင်း သိရသည်။ ASH

# ဂီတစာဆို ကိုရွှန်းမြိုင်(မြို့မ) မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ဂီတစာဆို ကိုရွှန်းမြိုင် (မြို့မ) သည် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကံဟောင်းရပ်ကွက်ရှိ နေအိမ်၌ ဒီဇင်ဘာ ၁၈ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က လူကြီးရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း ၎င်း၏ သားဖြစ်သူ ဦးပါရမီရွှန်းက ပြောပြ၍ သိရသည်။

ဂီတစာဆို ကိုရွှန်းမြိုင် (မြို့မ) သည် ကွယ်လွန်ချိန်တွင် အသက် ၇၉ နှစ်ရှိပြီဖြစ်ပြီး ဂီတစာဆို မြို့မငြိမ်း၏ သားလည်းဖြစ်ရာ တေးသီချင်းများစွာကို ရေးသားခဲ့သူဖြစ်ကြောင်း၊ ဖခင်ဖြစ်သူ မြို့မငြိမ်း၏သီချင်းများကို စုစည်း၍ မြို့မငြိမ်းမြန်မာသီချင်းများ အမှတ်စဉ်(၁) စာအုပ်နှင့် မြန်မာ့မဟာဂီတသီချင်းများ၊ စန္ဒရားနှင့် သံစုံတီးဝိုင်းစာအုပ်ကို ထုတ်ဝေခဲ့သူဖြစ်ကြောင်း သိရသည်။

"အဖေက ဒီဇင်ဘာ ၁၈ ရက် နံနက် ၄ နာရီကျော်ကျော်မှာ ဆုံးသွားပါတယ်။ ဒီဇင်ဘာ ၂၀ ရက်မှာ အေးရိပ်ငြိမ်သုသာန်မှာ သင်္ဂြိုဟ်သွားမှာပါ"ဟု ဦးပါရမီရွှန်းက ပြောပြသည်။



ဂီတစာဆို ကိုရွှန်းမြိုင် (မြို့မ) သည် မြို့မငြိမ်းမြန်မာသီချင်းများ အမှတ်စဉ်(၁) စာအုပ်ကို မြို့မငြိမ်း (၁၀၅) နှစ်ပြည့်အဖြစ် အမှတ်တရအဖြစ် ထုတ်ဝေခြင်းဖြစ်ပြီး မြို့မငြိမ်းရေးသားခဲ့သည့် တေးသီချင်းများအကြောင်း ပြုစုရေးသားထားခြင်းဖြစ်ကြောင်း၊ မြန်မာ့မဟာဂီတသီချင်းများ စန္ဒရားနှင့် သံစုံတီးဝိုင်းစာအုပ်တွင် မဟာဂီတသီချင်းများ၏ စန္ဒရားလက်ကွက်များကို ပြုစုထားခြင်းဖြစ်ကြောင်း သိရသည်။

ဂီတစာဆို ကိုရွှန်းမြိုင် (မြို့မ) ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ ဒေါ်မြမြမိုး၊ သမီး ဒေါ်သက်မြွှန်း၊ သား ဦးဇာနည်ရွှန်း၊ ဦးဘာမထီရွှန်း၊ ဦးပါရမီရွှန်းနှင့် မြေး ၁၂ ဦးတို့ ကျန်ရစ်ခဲ့ကြောင်း သိရသည်။ ASH

# ဒိုက်ဦးမြို့နယ် ချင်းစုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဒိုက်ဦး ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ချင်းစုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ဒိုက်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦး၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ချင်းစုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်းနှင့် ဆိုလာစနစ်သုံး ရေတင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ တင်ဒါရ ကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းတိုးတက်မှုနှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကုမ္ပဏီတာဝန်ခံများနှင့် တွေ့ဆုံပြီး လုပ်ငန်းများသတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို အလေးထား ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့သည်။

ဒိုက်ဦးမြို့နယ် ချင်းစုကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိသော စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် 4KW ဆိုလာ ရေတင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၈ ဒသမ ၆ သန်းဖြင့် မင်္ဂလာပါရွှေသွန်ကုမ္ပဏီက စက်တင်ဘာ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်တွင် ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။ **ကိုညီ**

# They Listen ဇာတ်ကားကို ၂၀၂၃ ခုနှစ်တွင် ရိုက်တင်ရန် စီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၁၉**

They Listen အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားကို ၂၀၂၃ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ရုံတင်ပြသရန် Blumhouse ကုမ္ပဏီက စီစဉ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် Blumhouse ကုမ္ပဏီသည် They Listen ဇာတ်ကားထုတ်လုပ်မှုကို လော့စ်အိန်ဂျလိစ်မြို့၌ စတင်နေပြီဖြစ်သည်။

အဆိုပါဇာတ်ကားကို စာရေးဆရာဒါရိုက်တာ ခရစ်ဝိတ်က ကိုယ်တိုင် ဝတ္ထုဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

They Listen ဇာတ်ကားတွင် မင်းသား ဂျွန်ချိုနှင့် မင်းသမီး ကတ်သရင်းဝါတာဆန်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ဒါရိုက်တာ ခရစ်ဝိတ်သည် Twilight ဇာတ်ကားတွဲများ၏ ဒုတိယဇာတ်ကားဖြစ်သော The Golden Compass၊ New Moon နှင့် A Better Life ကဲ့သို့ နာမည်ကျော်ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။ KKO





# Avatar: The Way of Water ၏ နိုင်ငံတကာဝင်ငွေ ကန်ဒေါ်လာ ၁၂၇ သန်းရရှိ

**နယူးယောက် ဒီဇင်ဘာ ၁၉**

ယခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် စတင်ရုံတင်ပြသခဲ့သည့် Avatar: The Way of Water ဇာတ်ကားသည် ဒီဇင်ဘာ ၁၇ ရက်ထိ နှစ်ရက်တာအတွင်း နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၇ သန်း ရရှိထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

Avatar: The Way of Water ၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ ဒီဇင်ဘာ ၁၈ ရက်တွင် အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော်လွန်သွားနိုင်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကားကို ၂၀ ရာစုရုပ်ရှင်ကုမ္ပဏီက တရုတ်ရုပ်ရှင်ဈေးကွက်အပါအဝင် နိုင်ငံတကာဈေးကွက် ၅၂ ခုတို့၌ ရုံတင်ပြသလျက်ရှိသည်။

Avatar: The Way of Water ဇာတ်ကားသည် Avatar: (2009) ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို မူလ Avatar ကို ရိုက်ကူးခဲ့သော ကမ္ဘာကျော် ဒါရိုက်တာ ဂျိမ်းကင်မရွန်ကပင် တာဝန်ယူရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဒါရိုက်တာ ဂျိမ်းကင်မရွန်သည် Avatar-2နှင့် 3 ဇာတ်ကားများကို ဆက်လက်ရိုက်ကူးနေကြောင်း သိရသည်။

KKO



# SAC Chairman Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla enjoy final match of SAC Chairman's Trophy ISD U-18 Women's Football Tourney hailing Diamond Jubilee Independence Day


Senior General Min Aung Hlaing and Daw Kyu Kyu Hla present cash award to Mandalay Region team.

**Nay Pyi Taw December 19**

As a gesture of hailing the Diamond Jubilee Independence Day, the final match and awarding of the State Administration Council Chairman's Trophy Inter-State/Region Under-18 Women's Football Tournament took place at Wunna Theikdi Stadium in Nay Pyi Taw this afternoon, attended by SAC Chairman Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla.

Among the spectators were SAC Joint Secretary Lt-Gen Ye Win Oo, SAC members and their wives, Union ministers and their wives, Union level officials, the chairman of Nay Pyi Taw Council, senior military officers, the commander of Nay Pyi Taw Command, deputy ministers, managers, coaches and footballers from regions and states, officials and staff of ministries, and officials from Myanmar Football Federation.

In the final match, Shan State and Mandalay Region poured out utmost efforts in putting pressure on each other to be able to secure the victory as both teams were powerhouses in the tournament. In the 5th minute, Mandalay Region team scored an opening goal. After that, the match raised its tempo with reciprocal attacks. At the final whistle, Mandalay Region team beat Shan State team with a 2-1 win.


Lt-Gen Ye Win Oo presents medals to Mandalay Region team.

At the awarding ceremony, SAC members Lt-Gen Soe Htut, U Sai Lon Seng, U Moung Har, Jeng Phang Naw Taung and Daw Aye Nu Sein presented honorary medals and cash awards to the best players in respective positions.

SAC member Lt-Gen Moe Myint Tun presented individual medals, honorary prize and cash award to fourth prize winner Kachin State team, SAC member Admiral Tin Aung San to third prize winning Ayeyawady Region team and SAC member General Mya Tun Oo to second prize winning Shan State team respectively.

SAC Joint Secretary Lt-Gen Ye Win Oo presented individual medals to players from first prize winning Mandalay Region team.

The Senior General and wife presented cash award and championship trophy to first prize winning Mandalay Region team and cordially greeted the players.

Aimed at improving the Myanmar football sport standard and emerging outstanding and talented new generation women footballers from regions and states, the Department of Sports and Physical Education under the Ministry of Sports and Youth Affairs and the Myanmar Football Federation joined hands in organizing the aforesaid football tournament as of 5 December to mark the Diamond Jubilee Independence Day. Yesterday, Mandalay Region team clinched the title of the tournament with a 2-1 win over Shan State team.

100


General Mya Tun Oo presents cash award to Shan State team.


Admiral Tin Aung San presents cash award to Ayeyawady Region team.

# Karen New Year flag hoisting ceremonies will be held in Yangon



A previous Karen New Year Festival in progress.

**Yangon December 19**

A flag hoisting ceremony for Karen New Year Festival 2762 will be held in various townships of Yangon Region, according to the central committee for organizing the event.

22 December is Karen New Year Day 2762 for ethnic Karen people. Therefore, the flag hoisting ceremony will take place in various townships of Yangon such as Thakayta (Union National Races Village), Insein, North Okkalapa, Ahlone, Dala, Kawhmu, Twantay, Kungyangon, Hmawby, Htantabin and Taikkyi. At the ceremonies, Karen national flags will be flown together with the State flag for salutation. The events will be organized on a grand scale in line with the Covid-19 rules and disciplines. This year's events will be more crowded as the restrictions have been eased. There will be Karen traditional dances, food stalls and clothing shops. Honorary patrons of the Ethnic Affairs, Literature and Culture Association will attend the events.

Plans are being made to open over 20 booths at the Union National Races Village in Yangon. Those wanting to sell their products can dial 09262010700. 336

# Export of black-eyed pea earns more than US$19 million till 9 Deember

**Nay Pyi Taw December 19**

The Ministry of Commerce recently stated that export of black-eyed pea earned more than US$19 million during the eight-month period till 9 December 2022 of the 2022-23 fiscal year.

Black-eyed pea exportation relies on the foreign market, rather than the domestic market. It can be consumed together with steamed glutinous rice or roasted or fried as a snack.

Hence, Myanmar's black-eyed pea is exported to India, China, Republic of Korea and European Union countries, winning the favoriteness of EU market due to lesser percentage of pesticide residue.

In the EU Market, the bean is traded at US$1,200 per ton. So, Myanmar exports black-eyed pea to customer countries, earning US$19.912 million during the period from 1 April to 9 December 2022.

In this regard, export of such a bean pocketed US$18.196 million in shipping and US$1.716 million through border land.

Such a bean is also called Nattaw bean which can be harvested in Myanmar calander month Nattaw yearly.

Although newly-harvested black-eyed pea enters the market, its prices do not decline but rise rather than that of previous year.

This year's market priced the bean at K110,000 to K120,000 per bag compared with K100,000 per bag last year. 336

# Electrric Power Ministry to facilitate Control Centre with SCADA-EMS

**Nay Pyi Taw December 19**

The Ministry of Electric Power issued a press release on 17 December, saying that control centres will be installed with SCADA-EMS.

The Department of Electric Power Transmission & System Control is scheduled to install SCADA-EMS at the control centres.

In this regard, it is necessary to purchase video wall display with controller for installation of SCADA-EMS as well as need to conduct the installation and system integration.

Hence, tender will be invited for implementation of the project. Those wishing to implement the projects need to buy tender proposals at the material admin section of the department in Nay Pyi Taw and submit them to the department not later than 2 pm on 26 December.

For further information, dial 067-3410209 and 067-3410282 of the material admin section.

Myanmar has been using the SCADA system since 1984. At that time, Data Acquisition system was purchased from Siemens of Germany as the national grids network did not fully use SCADA system.

At that time, power plants and main sub-power stations sent main data to the Control Centre in Yangon.

At that time, the department used carrier telephones for supervisory control through voice command.

336



Staff working at the control centre of the Electric Power Ministry.

# Thailand warship capsizes leaving 31 sailors missing

**Bangkok December 19**

The Thai navy says 31 sailors are missing after a warship carrying more than 100 crew capsized and sank during a storm in the Gulf of Thailand.

The HTMS Sukhothai sank after water flooded its power controls on Sunday night. Images shared by the navy showed some crew who survived in a life raft.

On Monday, authorities said they had rescued 75 sailors, but 31 were still missing in rough seas.

"We will keep looking," a navy spokesman told the BBC.

Search crews worked through the night to find survivors, with the operation continuing on Monday with air force assistance.

The navy also announced an investigation into the cause of the disaster.

"This has almost never happened in our force's history, especially to a ship that is still in active use," spokesman Admiral Pogkrong Monthardpalin told the BBC.

Footage shared by the navy on Twitter showed crew members wrapped in blankets and receiving treatment after they had been rescued. Some were being airlifted to hospital.

Other images showed sailors from the Sukhothai in a life raft, having jumped from the sinking vessel.

One unnamed crew member said he had been in the water for several hours before he was rescued.

BBC

# Vaughan shooting: Five killed by gunman in Canada apartment block



Police officers found a horrendous scene when they arrived.

**Toronto December 19**

Five people have died after a gunman opened fire at a block of flats in Toronto, Canada.

Police responded to reports of the shooting at the building in Vaughan, about 30km (19 miles) north of Toronto, at 19:20 (12:20 GMT) on Sunday, shooting the suspect dead there.

Another injured person has been taken to hospital in a serious condition.

Authorities are investigating the motive, including a possible connection between the gunman and the victims.

York police chief Jim MacSween said attending officers were met with a "horrendous scene", with numerous deceased victims found in different flats of the building.

"We're in the process right now of doing notifications to those families, so at this point I can't share any information on the victims or the subject," he said.

Mr MacSween said there was no ongoing threat to the public, and York police said those evacuated could return to their homes.

In a tweet, Vaughan's mayor Stephen Del Duca extended condolences to the families of the victims. BBC

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## SAMP/T Mamba လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ယူကရိန်းသို့ ပေးပို့နိုင်ဖွယ်ရှိ



ယူကရိန်းနိုင်ငံ၏ တောင်းဆိုမှုအရ ပြင်သစ် သို့မဟုတ် အီတလီမှ SAMP/T Mamba လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်တပ်ခွဲများနှင့် အမေရိကန်နိုင်ငံထံမှ Patriot ဒုံးကျည်တပ်ခွဲ တစ်ခွဲတို့ ပါဝင်သည့်စနစ်ကို ပေးပို့နိုင်ဖွယ်ရှိကြောင်း Challenges သတင်းစာတွင် ရေးသားဖော်ပြထားသည်။ ထိုသို့ပေးပို့နေမှုများသည် တရားဝင်ပစ်မှတ်များဖြစ်လာမည်ဟု ရုရှားက သတိပေးထားပြီးဖြစ်သော်လည်း ၎င်းကို ကြိုးပမ်းလုပ်ဆောင်နေကြသည်။ လတ်တလော သတင်းများထွက်ပေါ်နေသော်လည်း တရားဝင်အတည်ပြုသဘောတူညီခွင့်ပြုထားခြင်းမျိုးမရှိသေးပေ။

ပြင်သစ်နှင့် အီတလီနိုင်ငံတို့သည် MBDA နှင့် Thales တို့ ပူးပေါင်း၍ Eurosam ဖက်စပ်လုပ်ငန်းစုက ဒီဇိုင်းထုတ်ထားသော SAMP/T Mamba တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် ယူကရိန်း၏ တောင်းဆိုမှုကို လက်ခံရရှိခဲ့ကြောင်း သိရသည်။ Challenges သတင်းစာတွင် ယူကရိန်းဆိုင်ရာ ပြင်သစ်သံအမတ် Etienne De Poncins ပြောကြားချက်ကို ကိုးကား၍ အီတလီနိုင်ငံသည် ၎င်းတို့ပိုင်ဆိုင်ထားသည့် လေကြောင်းရန်ကာကွယ်ရေးစနစ် ငါးစုံထဲမှ တစ်စုံပေးအပ်သင့်ကြောင်း ပြင်သစ်နိုင်ငံ Challenges သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

ပြင်သစ်၊ အီတလီ နှစ်နိုင်ငံထုတ် SAMP/T Mamba လက်နက်စနစ်ကို ယူကရိန်းသို့ ပို့ဆောင်ခြင်းတွင် အတားအဆီးဖြစ်နေခဲ့သော အခက်အခဲများ ပြေလည်သွားသည်ဟု Challenges သတင်းစာက ရေးသားထားသည်။

"ပြင်သစ်နဲ့အီတလီတို့က ယူကရိန်း တောင်းဆိုထားတဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်တွေ ထောက်ပံ့ပေးမှာဖြစ်တယ်။ သမ္မတဇလာဒီမာဇီလန်စကီးရဲ့ အလွန်ပြင်းပြတဲ့ တောင်းဆိုချက်ဖြစ်ပြီး အီတလီနိုင်ငံသားတွေက ဒီစနစ်ကိုပေးအပ်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒါမှ သူတို့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာပါ" ဟု Etienne De Poncins ပြောကြားခဲ့သည်။

"ကျွန်ုပ်တို့သည် SAMP/T နှင့် ပြင်သစ်၊ အီတလီထုတ် Mamba စနစ်ကို တောင်းဆိုနေပါတယ်။ SAMP/T နှင့် Mamba က စနစ်အတူတူပင်ဖြစ်ပြီး ပြင်သစ်အမည်ပြောင်း ပေးထားခြင်းဖြစ်သည်"ဟု ဒီဇင်ဘာ ၉ ရက်က Le Monde နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ယူကရိန်းကာကွယ်ရေးဝန်ကြီး Oleksii Reznikov က Challenges သတင်းစာကို ပြောကြားခဲ့သည်။

SAMP/T သည် အချက်အချာနေရာများနှင့် မြေပြင်တပ်ဖွဲ့များကို ဒုံးကျည်ဖြိမ်းခြောက်မှုများ (TBM၊ တာဝေးပစ်ခရုစ်ဒုံးကျည်များ၊ ရေဒါဖျက်ဒုံးကျည်များ -ARM) နှင့် လေယာဉ်များရန်မှ လွှမ်းခြုံကာကွယ်နိုင်စွမ်းရှိသည့် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်အမျိုးအစားဖြစ်သည်။ SAMP/T စနစ်သည် တာလတ်နှင့် တာဝေးလေကြောင်းရန်ကာကွယ်ရေး လိုအပ်ချက်များ တပ်စခန်းများ၊ အရေးကြီးအချက်အချာနေရာနှင့် ဧရိယာများကာကွယ်ရေးတို့ကိုဖြည့်ဆည်းပေးရန် ဒီဇိုင်းထုတ်ထားခြင်းလည်းဖြစ်သည်။ ၎င်းကို Stand-Alone သီးခြားရပ်တည်၍ တိုက်ပွဲဝင်နိုင်စွမ်းရှိသလို ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေး ကွန်ရက်အတွင်း၌လည်း ထည့်သွင်းတပ်ဖြန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အသုံးပြုထားသည့် ဒုံးကျည်အမျိုးအစားမှာ ASTER ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်အမျိုးအစားဖြစ်ပြီး အဆင့် နှစ်ဆင့်သုံးထိရောက်မှုမြင့်မားသည့် ကြားဖြတ်ဒုံးကျည်ဖြစ်သည်။ အစိုင်အခဲတွန်းကန်အားအသုံးပြုထားကာ ပစ်မှတ်ဆီဦးတည်ရာသို့ ဒုံးကျည်၏လမ်းကြောင်းကို ဒေါင်လိုက်ပစ်လွှတ်ပြီးနောက် စက္ကန့်အနည်းငယ်ကြာတွင် အားမြင့်ကိရိယာမှ တွန်းထုတ်ပေးခြင်းဖြစ်သည်။

၎င်း၏ ပျံသန်းမှုအလယ်လောက်တွင် ဘက်စုံသုံးရေဒါမှတစ်ဆင့်ပေးပို့လာသောပစ်မှတ်အချက်အလက်များအသုံးပြု၍ တိကျစွာလမ်းညွှန်ထိန်းကျောင်းတိုက်ခိုက်နိုင်သည်။ ဒုံးကျည်၏ အာရုံခံအပိုင်းတွင် ရာသီဥတုမရွေး တိကျစွာလမ်းညွှန်ထိန်းကျောင်းပေးနိုင်မည့် Electromag-netic Active Seeker လျှပ်စစ်သံလိုက်လှိုင်းသုံးအာရုံခံကိရိယာ တပ်ဆင်အသုံးပြုထားသည်။

**SAMP/T Mamba air defense system possibly delivered to Ukraine soon ကို ဘာသာပြန်ဆိုထားပါသည်။**

## Silo-Based ဒုံးကျည်တပ်ဖွဲ့ များအတွက် Sarmat ICBMs က အရေးပါလာမည်ဟု ဗိုလ်ချုပ်ကြီး ဆာဂျီကာရာကာယက်ဗ်ပြော

ရုရှားနိုင်ငံ၏ အကြီးစား Silo-Based မြေအောက်ဂိုဒေါင်အခြေပြု ဒုံးကျည်တပ်ဖွဲ့တွင် RS-28 Sarmat အကြီးစားတိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်(ICBM)နှင့်အတူ ဒုံးကျည်စနစ်များသည် လာမည့်နှစ်များအတွင်း အဓိကအရေးပါလာမည့်စနစ်ဖြစ်လာမည်ဖြစ်သည်ဟု မဟာဗျူဟာမြောက်ဒုံးကျည်တပ်ဖွဲ့၏တပ်မှူး ဗိုလ်ချုပ်ကြီး ဆာဂျီကာရာကာယက်ဗ်က ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

"ဒီကနေ့အချိန်မှာ သုတေသနတွေ ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ခေတ်မီဆန်းသစ်တဲ့ ဒုံးကျည်စနစ်တွေရဲ့ တိုက်ခိုက်ရေးအလားအလာကို မြှင့်တင်ဖို့ ရည်ရွယ်ချက်နဲ့ နိုင်ငံပိုင် စစ်လက်နက်စီမံကိန်းတွေအောက်မှာ ရုရှားစစ်ဘက်စက်မှုကဏ္ဍကလုပ်ဆောင်နေပြီး ယုံကြည်စိတ်ချစွာ မဟာဗျူဟာမြောက်အဟန့်အတားစွမ်းဆောင်ရည်တွေကို ရရှိပိုင်ဆိုင်ထားနိုင်ဖို့ပါပဲ"ဟု ဗိုလ်ချုပ်ကြီး ဆာဂျီကာရာကာယက်ဗ်က ပြောပြသည်။

အဆိုပါလုပ်ငန်းများ၏ ရလဒ်တစ်ခုအနေဖြင့် လာမည့်နှစ်များတွင် အကြီးစား Silo-Based မြေအောက်ဂိုဒေါင်အခြေပြု ဒုံးကျည်တပ်ဖွဲ့အတွက်အရေးပါသည့် Sarmat ဒုံးကျည်စနစ်အပြင် ရောက်ရှိလာသည့် Avangard နှင့် Yars ဒုံးကျည်စနစ်များပင်ဖြစ်သည်ဟု ဒီဇင်ဘာ ၁၇ ရက်က ကျရောက်သည့် ရုရှားနိုင်ငံ မဟာဗျူဟာမြောက်ဒုံးကျည်တပ်ဖွဲ့နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၏ Krasnaya Zvezda သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ၎င်းက ပြောကြားခဲ့သည်။

"လက်ရှိအခြေအနေအရ ဒုံးကျည်စနစ် ဖန်တီးထုတ်လုပ်နိုင်မှုက ရုရှားရဲ့ မဟာဗျူဟာမြောက်လုံခြုံရေးကို အားကောင်းစေပါတယ်။ မဟာဗျူဟာမြောက်ဒုံးကျည်တပ်ဖွဲ့အတွက် လက်နက်တွေ တပ်ဆင်ရေးနဲ့ တပ်ဖွဲ့တွေအတွက်ရောက်လာတဲ့ လက်နက်အသစ်တွေကို လေ့ကျင့်သင်ကြား၊ လုပ်ဆောင်ဖို့ ပြင်ဆင်ထားပါတယ်"ဟု ဗိုလ်ချုပ်ကြီး ဆာဂျီကာရာကာယက်ဗ်က ပြောကြားခဲ့သည်။

Sarmat သည် ၎င်း၏ ယခင်တားရှင်း Voyevoda ICBM ၏ ဝိသေသလက္ခဏာရပ်များဖြင့်ပင် အသုံးပြုထုတ်လုပ်ထားပြီး ပိုမိုစွမ်းဆောင်ရည်မြင့်မားသည့် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်ဖြစ်သည်။ အထူးသဖြင့် Sarmat ၏ အချိန်ကာလတိုတောင်းသောအားမြှင့်ကိရိယာအပိုင်းသည် ၎င်း၏ MI-RVed ထိပ်ဖူးများကို စောစီးစွာပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရရှိစေမည်ဖြစ်ကာ ၎င်းသည် ပစ်လွှတ်ပြီးနောက် ဒုံးကျည်ကို ထောက်လှမ်းရန်နှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များဖြင့် တုံ့ပြန်တိုက်ခိုက်ဖျက်ဆီးရန်မှာ အလွန်ခက်ခဲစေမည်ဖြစ်သည်။ Sar-mat ICBM ၏ လောင်စာအသုံးပြုနိုင်မှုအလားအလာသည် ထိပ်ဖူးအများအပြားသယ်ဆောင်တိုက်ပွဲဝင်ရန်ဖြစ်နိုင်ကြောင်း ရှင်းပြခဲ့သည်။

"Sarmat ဒုံးကျည်စနစ်တီထွင်သူတွေက ဒုံးကျည်အသစ်ရဲ့ ထူးခြားတဲ့ဝိသေသလက္ခဏာတွေကို ဖန်တီးတီထွင်နိုင်ခဲ့ကြပါတယ်။ အဲဒါက လက်ရှိနဲ့ အနာဂတ်ဒုံးကျည်ကာကွယ်ရေးစနစ်တွေရဲ့ စွမ်းဆောင်ရည်ကို အချည်းနှီးဖြစ်စေပါတယ်"ဟု ဗိုလ်ချုပ်ကြီး ဆာဂျီကာရာကာယက်ဗ်က ပြောကြားခဲ့သည်။

ဆိုက်ဘေးရီးယားနိုင်ငံ အရှေ့ပိုင်းရှိ Krasnoyarsk ဒေသတွင် Uzhur ဒုံးကျည်တပ်ဖွဲ့ကို Sarmat ICBMs ဖြင့် ပြန်လည်ပြင်ဆင် ဖွဲ့စည်းခဲ့သည်။ ၎င်းဒုံးတပ်မသည် အရည်လောင်စာသုံးတိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များဖြင့် အကြီးစားဒုံးကျည်စနစ်များဖြန့်ကြက်ချထားရန် ဖွဲ့စည်းထားသောကြောင့် နည်းပညာပိုင်းအရ သင့်လျော်မှုရှိကြောင်း၊ ထို့ပြင် Uzhur ဒုံးကျည်တပ်မသည် အရေးပါသောမဟာဗျူဟာမြောက်နယ်မြေတွင် တပ်စွဲထားကြောင်း၊ အခြားသောဒုံးကျည်တပ်မများတွင် Sarmat ICBM များ ဖြန့်ကြက်ချထားခြင်းဆိုင်ရာဆုံးဖြတ်ချက်မှာ ဖွံ့ဖြိုးဆဲစစ်ရေးမဟာဗျူဟာအခြေအနေပေါ်မူတည်ပြီး ရုရှား၏ မဟာဗျူဟာမြောက်ဒုံးကျည်တပ်ဖွဲ့တိုက်ခိုက်ရေးအလားအလာကို ပိုမိုအားကောင်းစေရန်လိုအပ်ကြောင်း ၎င်းက ကောက်ချက်ချထားသည်။



**Top-notch Sarmat ICBMs to be mainstay of Russia's silo-based missile force — commander ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ရာသီ၌ ဆီထွက်သီးနှံသုံးမျိုး ၃၆၄ ဧက လျာထားစိုက်ပျိုး



ယခင်နှစ်ကစိုက်ပျိုးခဲ့သည့် နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၉**

ရေဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံသုံးမျိုး ၃၆၄ ဧက လျာထားစိုက်ပျိုးနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံသုံးမျိုးကို ဒီဇင်ဘာ ဒုတိယပတ်မှ စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါဆီထွက်သီးနှံသုံးမျိုးဖြစ်သည့်နေကြာဧက ၃၀၀၊ နှမ်း ၁၅ ဧက၊ မြေပဲ ၄၉ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၃၆၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံတွေနဲ့ အခြားဆောင်းသီးနှံတွေ စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံနေကြာ ဧက ၃၀၀ ထိ အများဆုံးလျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒေသတွင်း ဆီစားသုံးမှုဖူလုံစေဖို့နဲ့ နိုင်ငံတော်ရဲ့ စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းကနေ ဖြည့်ဆည်းပေးဖို့အတွက် ဆီထွက်သီးနှံတွေကိုစိုက်ပျိုးတာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေစိုက်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တဲ့နည်းပညာတွေကို ပို့ချဆောင်ရွက်ပေးနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များအခမဲ့ထုတ်ပေးပြီး စိုက်နည်းစနစ်နှင့် အခြားနည်းပညာများကိုလည်း သင်ကြားပို့ချပေးကြောင်း၊ အဆိုပါဆီထွက်သီးနှံများ စနစ်တကျရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံများဖြစ်ထွန်းအောင်မြင်စေရေး၊ ဆီထွက်သီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးစသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းယောင်းမြို့နယ်တွင် ဝမ်ဟိုရမ်း-ဝမ်ဘန်း-ဝမ်လဲ-ဝမ်ကျူ-ဝမ်မိုင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မိုင်းယောင်းမြို့နယ်တွင် ဝမ်ဟိုရမ်း-ဝမ်ဘန်း-ဝမ်လဲ-ဝမ်ကျူ-ဝမ်မိုင်လမ်း (ရွှေညောင်ပင်သွားလမ်း) ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများ ယနေ့တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက မိုင်းယောင်းမြို့နယ် ဝမ်ဟိုရမ်း-ဝမ်ဘန်း-ဝမ်လဲ-ဝမ်ကျူ-ဝမ်မိုင်လမ်း (ရွှေညောင်ပင်သွားလမ်း) ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး မိုင်းယောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဝမ်ဟိုရမ်း-ဝမ်ဘန်း-ဝမ်လဲ-ဝမ်ကျူ-ဝမ်မိုင်လမ်း(ရွှေညောင်ပင်သွားလမ်း) အရှည် ၅ ဒသမ ၂၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို မိုင်းယောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၆၄ ဒသမ ၀၁၅ သန်းဖြင့် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာငါးရွာမှ လူ ၂၃၆၅ ဦးအတွက် ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဝင်းနိုင်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မော်လမြိုင်မြို့နယ် မရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မော်လမြိုင် ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက မရမ်းကျေးရွာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိရွှေစင်မြတ်ကျော်က ကော်မတီဖွဲ့စည်းရာတွင်လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလသတ်မှတ်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိ၊ ရပ်ဖများက စီမံကိန်းကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

မော်လမြိုင်မြို့နယ် မရမ်းကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရန်ပုံငွေများ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန္တာ**




## မန္တလေးမြို့ ကုန်စည်စျေးနှုန်းများ

၁၉-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၅၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၂၈၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၅၀၀/၇၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၂၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရှိ Advance Metering Infrastructure (AMI) Control Center ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၉**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ပြုလုပ်သော Advance Metering Infrastructure Control Center ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းခေတ္တဥက္ကဋ္ဌ ဦးအေးကျော်နှင့် Ever Meter Co.,Ltd ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က (AMI) Control Center ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စုပေါင်းဓာတ်ပုံရိုက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ကို Ever Meter Co.,Ltd ဥက္ကဋ္ဌ ဦးမျိုးအောင်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် AMI စနစ်နှင့် Automatic Billing စနစ်များ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိပြည်သူများ သက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ထမင်းတစ်ပွဲငွေကျပ် ၅၀၀ ဖြင့် ရောင်းချပေးနေမှုများကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း မိုင်းနောင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်း၌ ရာသီသီးနှံစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နေ့လယ်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက မိုင်းနောင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၌ ရာသီသီးနှံစိုက်ပျိုးထားရှိမှု၊ ဒေသကြက်၊ အသားတိုးကြက်၊ ဥစားကြက်၊ ငါးနှင့်ဝက်မွေးမြူရေးစသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယူနီဖောင်းများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယူနီဖောင်းများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် ဟသ်ာတမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ယူနီဖောင်းများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ယူနီဖောင်းများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# ဒီဇင်ဘာ ၁၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ဒီဇင်ဘာ ၁၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၅၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၅၆၈ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၁၄၁ ဦး |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကန်ကြီးရပ်ကွက်နေ ချမ်းလင်းဘို (ခ) ဆံပင်ရှည်သည် ၎င်းအသုံးပြုသည့် "Chann Lin Bo" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ်နေ ပြည့်ဖြိုးထွန်းသည် ၎င်းအသုံးပြုသည့် "Pyai Phyo Htun" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ညောင်တုန်းမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ညောင်တုန်း ဒီဇင်ဘာ ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်သို့ ရောက်ရှိပြီး ညောင်တုန်းမြို့ အတုလမာရဇိန် ကြေးသွန်းဘုရားကြီးအား ဖူးမြော်ကြည်ညို၍ ဗိုလ်ချုပ်လမ်းရှိ ပုဏ္ဏာမာရာမဈေးကျောင်းတိုက်၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ညောင်တုန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁) ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွေးက ပန်းလှိုင်မြစ်ကူးတံတားဆောက်လုပ်ရန်လျာထားမှုကို ရှင်းလင်းတင်ပြရာ ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဆင်ထုံးကျေးရွာအုပ်စု ကြိမ်ပင်ဆယ်ကျေးရွာရှိ ရွှေဟင်္သာရွှေကျင်ကျောင်းတိုက်ခွဲသို့ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့က လက်မခံနိုင်ကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

➢ ➢ ➢

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ ရက်**

**၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်**

၁။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် တနင်္ဂနွေနေ့ ညနေပိုင်းက ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် အကြောင်းမဲ့လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ဖောက်ခွဲခဲ့မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ စုစုပေါင်း ၁၇ ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ခရီးသွားပြည်သူများကို ဤသို့ပစ်မှတ်ထား လူမဆန်စွာတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်**

၁။ ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မိသားစုရပ်ကွက် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ခရီးသည်များ တင်ဆောင်မောင်းနှင်လာသည့် ပြည်တွင်းရေကြောင်းပိုင် ချယ်ရီ(၂) ရေယာဉ်ကို PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ရေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

၂။ ထိုသို့ အပြစ်မဲ့ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် မိုင်းထောင်ဖောက်ခွဲခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

MPC MYANMAR PRESS COUNCIL
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက် (၇/၂၀၂၂)

**၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်**

၁။ ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ခရီးသည်များ တင်ဆောင်မောင်းနှင်လာသည့် ပြည်တွင်းရေကြောင်းပိုင် ချယ်ရီ(၂)ရေယာဉ်ကို အကြမ်းဖက်သမားအချို့က ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူ ၁၇ ဦး မိုင်းစထိမှန်ကာ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ ယမန်နေ့က ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်လုပ်ရပ်သည် စားဝတ်နေရေးအတွက် နေ့စဉ်လှုပ်ရှားရုန်းကန်နေကြရသည့် အပြစ်မဲ့ပြည်သူများကို ဦးတည်ချက်ထားကာ ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်း ထင်ရှားသဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက လုံးဝ(လုံးဝ)လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်**

ရန်ကုန်တိုင်းဒေသကြီး ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ပြေးဆွဲနေသည့် ချယ်ရီ(၂)ရေယာဉ်ကို အကြမ်းဖက် PDF များက လက်လုပ်မိုင်းဖြင့် လူမဆန်စွာ ဖောက်ခွဲခဲ့သည့်အတွက် ခရီးသွားပြည်သူ ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကြားသိရပါသည်။

ထိုကဲ့သို့ ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် ရေယာဉ်ကို လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးအဖွဲ့သူ၊ အဖွဲ့သားများက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

**စာမျက်နှာ ၂၀ မှအဆက်**

ငြင်းမရတဲ့အကြမ်းဖက်မှုတွေ ဘူးပေါ် သလိုပေါ်လာတော့ ဘာသံမှမထွက်နိုင်ဘဲ ရေငုံနှုတ်ပိတ်ပြီးနေကြတာကို အံ့ဩဘနန်း ဖြစ်ရပါတယ်။ မြန်မာနိုင်ငံအပေါ် သဘောထားမမှန်သူတွေရဲ့ ထုံးစံအတိုင်း ဘယ်လိုပဲမျက်စိပိတ်နားပိတ်ပြီး နေနိုင် ကြသည်ဖြစ်စေ ဒီလိုအကြမ်းဖက်မှုတွေကို မြင်တွေ့နေရတဲ့ မည်သူမဆို အကြောင်းမဲ့ အနိုင်ကျင့် သတ်ဖြတ်ခံရသူတွေအတွက် လွန်စွာစိတ်ထိခိုက်နေကြရပါတယ်။

ဒါ့ကြောင့်လည်း အကြမ်းဖက်မှုတွေကို မလိုလားဘဲ အမှန်တရားကို မြတ်နိုးတဲ့ မြန်မာပြည်သူတွေရဲ့ အသံတွေကို Face-book၊ Twitter၊ Telegram၊ VK စတဲ့ ဆိုရှယ်မီဒီယာပေါ်မှာ ပျံ့နှံ့နေတာကိုလည်း တွေ့ရှိနေရပါတယ်။

အကြမ်းဖက်ဝါဒ သို့မဟုတ် အကြမ်းဖက်မှုတွေနဲ့ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂနဲ့ နိုင်ငံကြီးတွေရဲ့ ပြဋ္ဌာန်းချက်တွေ၊ သတ်မှတ်ချက်တချို့ကို ထုတ်နုတ်တင်ပြလိုပါတယ်။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က ထုတ်ပြန်တဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေညီလာခံဆုံးဖြတ်ချက် (၄၉/၆၀)မှာ အကြမ်းဖက်ဝါဒ/လုပ်ရပ်တွေနဲ့ပတ်သက်ပြီး ဖော်ပြထားတာက "Criminal acts intended or calculated to provoke a state of terror in the general public, a group of persons or particular persons for political purposes are in any circumstance unjustifiable, whatever the conside-rations of a political, philosophical, ideological, racial, ethnic, religious or any other nature that may be invo-ked to justify them"လို့ ဆိုပါတယ်။ ဒါ့ကြောင့် အကြမ်းဖက်လုပ်ရပ်တွေဆိုတာ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မဆို နိုင်ငံရေးရည်မှန်းချက်အတွက် လူထုကြားမှာအထိတ်တလန့်ဖြစ်စေဖို့ ကျူးလွန်တဲ့ ရာဇဝတ်မှုတွေဖြစ်တယ်လို့ ဆိုထားတာဖြစ်ပါတယ်။

**နောက်ထပ်ထင်ရှားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကတော့ ကမ္ဘာပေါ်က အကြမ်းဖက်လုပ်ရပ်တွေကို မှတ်တမ်းတင်နေတဲ့ University of Maryland က Global Terrorism Database (GTD)ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပါတယ်။ GTD ကတော့ အကြမ်းဖက်ဝါဒဆိုတာ နိုင်ငံတော်မဟုတ်တဲ့အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေက နိုင်ငံရေးရည်မှန်းချက်အတွက် ပြည်သူလူထုကို သွေးထွက်သံယိုမှုဖြစ်စေခြင်း အကြောက်တရားသွင်းတဲ့ လုပ်ရပ်တွေဖြစ်တယ် (acts of violence by non-state actors, perpetrated against civilian populations, intended to cause fear, in order to achieve a political objective)လို့ဆိုပါတယ်။**

ဒါ့ကြောင့် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ချိုင့်လေ့လာကြည့်မယ်ဆိုရင် နိုင်ငံရေးရလိုမှုကို နိုင်ငံရေးအရ အဖြေမရှာဘဲ လက်နက်ကိုင်မဟုတ်တဲ့ အပြစ်မဲ့ပြည်သူတွေကိုပစ်မှတ်ထားပြီး အကြောက်တရားသွင်းဖို့ ခြိမ်းခြောက်တာတွေ၊ အကြမ်းဖက်သတ်ဖြတ်နေတာတွေက ကမ္ဘာ့လူ့အဖွဲ့အစည်းတွေအားလုံး လက်ခံထားတဲ့ အကြမ်းဖက်ဝါဒနဲ့အကြမ်းဖက်လုပ်ရပ်တွေပဲ ဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း တွေ့နိုင်ပါတယ်။ ယခု မြန်မာနိုင်ငံမှာ PDF အကြမ်းဖက်တွေ ဆောင်ရွက်နေကြတာက အပြစ်မဲ့အရပ်သားစစ်စစ်တွေကို လုပ်ကြံသတ်ဖြတ်ခြင်း(Targeted Assassinations of Civilians or Non-combatants)၊ ဥပဒေပြင်ပလူသတ်တရားစီရင်ခြင်း(Extra-judicial Killing)တွေသာဖြစ်တယ်ဆိုတာ သာမန်မျက်စိနဲ့ကြည့်ရင်ကို မြင်နိုင်ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုဆိုတာတွေထက် အဆပေါင်းများစွာဆိုးရွားတဲ့ အကြမ်းဖက်ဝါဒ(Terrorism)သာဖြစ်ပါတယ်။

**နောက်ထပ်သတိပြုစရာတစ်ခုက ရန်ငါ၊ စည်းပြတ်လာကြတဲ့ ကမ္ဘာ့နိုင်ငံရေးအခြေအနေအရ အကျိုးစီးပွားအုပ်စုတချို့ဟာ အရှေ့တောင်အာရှနဲ့ အာရှပစိဖိတ်ဒေသဆီကို နိုင်ငံရေးကွာဟမှု၊ လူမျိုးရေးကွာဟမှု၊ ဘာသာတရားကွာဟမှုတွေကို အခြေခံပြီး အစွန်းရောက်ဝါဒ (Extremism) သွတ်သွင်းနေကြတယ်ဆိုတာကို သတိပြုဆင်ခြင်စရာဖြစ်ပါတယ်။ ထိုအုပ်စုတွေအတွက် မြန်မာနိုင်ငံလို ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာအပါအဝင် အရှေ့တောင်အာရှနဲ့ အာရှ-ပစိဖိတ်ဒေသမှာ မတည်မငြိမ်ဖြစ်နေစေဖို့၊ ၎င်းတို့ကြိုးဆွဲရာကိုလိုက်ပါလာစေဖို့ ဆန္ဒရှိနေကြပါတယ်။ ဒါ့ကြောင့်လည်း မြန်မာနိုင်ငံမှာ သူတို့ကြိုးဆွဲရာကိုလိုက်ပါခြင်းမရှိဘဲ အခြေခံဥပဒေအရ ခေတ္တအာဏာထိန်းထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဘက်ပေါင်းစုံကဖိအားပေးနေကြတာဖြစ်ပါတယ်။ ဒီလိုဖိအားပေးလိုတာနဲ့ပဲ NUG/PDF တွေရဲ့အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မသိချင်ယောင်ဆောင်ပြီး ဖုံးဖိနေကြတာကတော့ အင်မတန်မှရုပ်ဆိုးအကျည်းတန်လှပါတယ်။**

မည်သို့ပင်ဆိုစေကာမူ တမူးက အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ အမျိုးသမီးငယ်လေး အကြမ်းဖက်ခံရတဲ့ဖြစ်စဉ်ဟာ မြန်မာလူ့အဖွဲ့အစည်းအတွင်းမှာသာမကဘဲ ဒေသတွင်းနဲ့ ကမ္ဘာ့လူ့အဖွဲ့အစည်းအတွက် တပ်လှန့်သံဖြစ်ပါတယ်။ နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ ဆောင်ရွက်နေတဲ့အမှားသရုပ်ပြကို ဝိုင်းဝန်းတားဆီးကြဖို့ပျက်ကွက်ကြရင် ဒေသတွင်းမှာ အလားတူပြဿနာတွေ ရင်ဆိုင်လာရနိုင်တယ်ဆိုတာ သတိချပ်သင့်ပါတယ်။ ဒါ့ကြောင့် တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူလူထုအနေနဲ့ အနောက်အုပ်စုလွှမ်းမိုးထားတဲ့ နိုင်ငံတကာမီဒီယာအမည်ခံတွေမှာ မဖော်ပြတဲ့ NUG/PDF အဖွဲ့တွေရဲ့အကြမ်းဖက်မှုဝါဒ၊ လူမဆန်မှုဖြစ်ရပ်မှန်တွေကို ဖော်ထုတ်သုံးသပ်ပြီး NUG အဖွဲ့ရဲ့ အကြမ်းဖက်လမ်းစဉ်ကို ဝိုင်းဝန်းကာကွယ်တားဆီးကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး လုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံးကို အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးရဲရင့်လွင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| (ခ) | ဦးသိန်းဆွေ | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာမြင့်မြင့်သန်း | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါ်ခင်ခင်သီ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| (ခ) | ဒေါ်သန္တာလေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိက အခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၁၁၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၉၂၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။


ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၃၂၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- ❖ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ❖ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ



ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သူများကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၉**

NUG နှင့် CRPH တို့၏ ညွှန်ကြားမှုဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရဟန်း၊ သံဃာတော်များ၊ အစိုးရဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အစိုးရယန္တရားများပျက်ပြားစေရန် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်း၊ တံတားများ၊ ခရီးသွားမော်တော်ယာဉ်၊ ရေယာဉ်များကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက် ည ၆ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မိသားစုရပ်ကွက် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ခရီးသည်များတင်ဆောင်မောင်းနှင်လာသည့် ပြည်တွင်းရေကြောင်းပိုင် ချယ်ရီ(၂)ရေယာဉ်ကို PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ရေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဖောက်ခွဲဖျက်ဆီးခဲ့သော PDF အမည်ခံအကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



**ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲသည့်နေရာကို တွေ့ရစဉ်။**

# တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် MDF Board (Medium Density Fibreboard) ကီလိုဂရမ် ၂၅၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Cheng Long, Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် မော်လမြိုင်မြို့ ဂေါက်ကလပ် ကျွဲခြံကုန်းကျေးရွာအနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကတ္တရာပုံး ကီလိုဂရမ် ၅၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၁၈၆၀၀ နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Light Truck အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၁၁၈၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ ဒီဇင်ဘာ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း တံတားဦး အဝိုင်းထိပ် BOCဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင်တင်သွင်းခွင့်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၆၅၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် YUTONG အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀၀ ကိုလည်းကောင်း၊ ပြင်ဦးလွင်-မန္တလေးသွား အရှေ့မြို့ပတ်လမ်းနှင့် ၄၃ လမ်းကြား Power-5 ယာဉ်ရပ်နားဝင်းအတွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင်တင်သွင်းခွင့် အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၃၃၆၆၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် YUTONG အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၄၀၃၁၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒိုက်ဦးမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ် ငါးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့်မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုး ၉၅ လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၇ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၂၃ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၉၂၁၇၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစားပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၃ နှစ်စီ ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံမှ သိရသည်။

ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်နေ မသွယ်သွယ်(ခ)မသွယ်(ခ)မခိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နေ မသီတာအေး(ခ)မဒသသတို့က ပြည်ကြီးတံခွန်မြို့နယ်နေ မ -----၊ ၂၀ နှစ်ကို တရုတ်နိုင်ငံတွင် ဝင်ငွေကောင်းသည့်အလုပ်ရမည်ဟုလိမ်လည်စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ခေါ်ဆောင်ပြီး တရုတ်အမျိုးသားနှင့် အမယူလက်ထပ်ရန် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်းက (ပ)၁၆/၂၀၁၈၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် အမှုဖွင့်၍ မဟာအောင်မြေခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် တရားခံ မသွယ်သွယ် (ခ) မသွယ် (ခ) မခိုင်ဦးနှင့် မသီတာအေး (ခ) မဒသသတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၃ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုဗစ်-၁၉ ရောဂါ
ကာကွယ်ဆေး၊
အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့်
ထပ်ဆောင်းကာကွယ်ဆေးများ
ထိုးနှံမှုခံယူခြင်းဖြင့်
ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့်
ရောဂါကြောင့်သေဆုံးရမှုတို့ကို
ထိရောက်စွာလျှော့ချနိုင်ပါ၍
ကာကွယ်ဆေးထိုးနှံမှု
မပျက်မကွက်ခံယူကြပါရန်
တိုက်တွန်းအပ်ပါသည်။

# အခက်အခဲမှန်သမျှကို ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်း ကျော်လွှားသွားစေလို

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်ထိ ကမ္ဘာတစ်ဝန်း၌ မိမိကိုယ်ကိုသေကြောင်းကြံစည်သေဆုံးသူ (Suicide)ဦးရေ ၁၀၃၂၂၅၀ ထိရှိသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများအပါအဝင် စိတ်ဖိစီးမှုများ၊ လူမှုရေး၊ ကျန်းမာရေးပြဿနာများကြောင့် ကမ္ဘာတစ်ဝန်း၌ နေ့စဉ် သေကြောင်းကြံစည်မှု ဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။ ရခဲလှသော လူ့ဘဝကို လွယ်လွယ်ဖြင့် အရှုံးမပေးသင့်ပေ။ အမှန်တော့ သုံးလောကထွတ်ထားမြတ်စွာဘုရားသည် ကျွန်ုပ်တို့ အသက်ရှင်နေထိုင်လျက်ရှိသော လူ့ဘုံတွင်သာ ပွင့်တော်မူခဲ့သည်။ လူ့ဘုံတွင် ကောင်းမှုကုသိုလ်ပြုလုပ်ရန် အခွင့်အလမ်းများစွာရှိသည်။ လုပ်လျှင်လုပ်သလောက် အကျိုးရှိပြီး ဒုက္ခအားလုံးချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့ပင် ရောက်ရှိသည်ထိ ကြိုးပမ်းအားထုတ်နိုင်သောနေရာသည် လူ့ဘုံပင်ဖြစ်သည်။

**ပြဿနာဖြေရှင်းရာတွင်**

လူအမျိုးမျိုးစိတ်အထွေထွေဆိုသလို လူ့ဘဝကို အကျိုးရှိစွာဖြတ်သန်းနေသူများရှိသလို ရေစုန်မျော နေသူများလည်းရှိကြသည်။ အချို့သောသူများသည် အောင်မြင်မှုရရှိချိန်တွင် မိသားစုများ၊ မိတ်ဆွေများနှင့်အတူ ပျော်ပျော်ကြီးအောင်ပွဲခံလေ့ရှိသော်လည်း ကျရှုံးမှုများ၊ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်တွင် စိတ်ဖိစီးမှုဒဏ်မခံနိုင်ဘဲ လွဲမှားသောနည်းလမ်းများဖြင့် ထွက်ပေါက်ရှာသွားကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။ လူ့ဘောင်လောကတွင် ဖြေရှင်း၍မရသောပြဿနာဟူ၍ မရှိပေ။ အတိမ်အနက်တော့ ကွာခြားကောင်းကွာခြားနိုင်ပေသည်။ ပြဿနာရှိလျှင် အဖြေရှိ၏။ လူတစ်ဦး၏ အသိဉာဏ်ပညာ၊ အတွေ့အကြုံနှင့်ချဉ်းကပ်မှုအပေါ်တွင်သာ မူတည်နေမည်ဖြစ်သည်။ အချို့သောပြဿနာသည် အချိန်ကာလတစ်ခုသို့ရောက်ရှိသည့်အခါတွင် အလိုအလျောက်ဖြေရှင်းပြီးသားဖြစ်သွားသည်။

**သေကြောင်းကြံစည်လျက်ရှိ**

သို့သော် ကမ္ဘာတစ်ဝန်း၌ သေကြောင်းကြံစည်သူ ၇၉ ရာခိုင်နှုန်းခန့်သည် ဝင်ငွေနည်းသည့်မိသားစုများမှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆိုထားသည်။ သေကြောင်းကြံစည်သူအများစုသည် လူမှုရေးအခက်အခဲများ၊ အတင်းအကျပ်စေခိုင်းခံရမှုများ၊ စိတ်ကမောက်ကမဖြစ်မှုများကြောင့် ဖြစ်ပွားရလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အတွင်း သေကြောင်းကြံစည်သူ ၁၅၆၅ ဦး ရှိခဲ့သောကြောင့် ကမ္ဘာ့အဆင့် ၁၆၂ ရှိခဲ့ပြီး သေကြောင်းကြံစည်မှုနှုန်း သုည ဒသမ ၄၃ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။ ထိုသို့ သေကြောင်းကြံစည်သူအများစုသည် အသက် ၂၅ နှစ်မှ နှစ် ၄၀ အတွင်းဖြစ်သည်။ ၎င်းတို့အနက် အများစုသည် အရက် သို့မဟုတ် မူးယစ်ဆေးဝါး သုံးစွဲသောကြောင့်ဖြစ်သည်။ အချို့သူများသည် ကျန်းမာရေးချို့ယွင်းမှုနှင့် စိတ်ကမောက်ကမ ဖြစ်နေမှုများကြောင့်လည်း သေကြောင်းကြံစည်လျက်ရှိကြသည်။

**ခွဲခြားဆက်ဆံခံရလို့လား**

မြန်မာနိုင်ငံတွင် ရိုးရာယဉ်ကျေးမှုနှင့် ထုံးတမ်းအစဉ်အလာအရ အချို့သောဒေသများ၌ မိဘအုပ်ထိန်းသူများနှင့် သက်ကြီးရွယ်အိုများသည် ငယ်ရွယ်သူများကို ကောင်းမွန်သော အနာဂတ်ဖန်တီးပေးနိုင်ရေးအတွက် လွှမ်းမိုးထိန်းချုပ်ထားလေ့ရှိကြသည်။ ထိုသို့ ဝင်ရောက်စွက်ဖက်ခြင်းသည် လူငယ်များ၏ အမြင်သဘောထားနှင့်စိတ်ဓာတ်ခံယူချက်တို့အပေါ် အနုတ်သဘောဆောင်သော သက်ရောက်မှုများ ဖြစ်လာစေနိုင်သည်။ ထိုသို့ ဖြစ်လာမည်ဆိုလျှင် အနာဂတ်မျှော်မှန်းချက်ကင်းမဲ့လာခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများဖြစ်ပွားလာခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းတို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ သေကြောင်းကြံစည်မှုနှုန်း မြင့်တက်ခဲ့သည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

ထို့ပြင် ကိုဗစ်-၁၉ ကာလတွင် စိတ်ဖိစီးမှုများကြောင့် နှစ်ခြိုက်စွာ မအိပ်စက်နိုင်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ အစာမကြေခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ မကောင်းသောရှုထောင့်မှ တွေးမြင်ခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အကြမ်းဖက်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်း၊ သီးခြားနေထိုင်ခြင်းတို့အပြင် သေကြောင်းကြံစည်မှုများပင် ဖြစ်စေနိုင်သည်။ ထိုအကျပ်အတည်းကိုကျော်လွှားနိုင်ရန်အတွက် လူငယ်များအပြင် သက်ကြီးရွယ်အိုများကိုလည်း စိတ်ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးသွားရန်လိုအပ်သည်။ အပြန်အလှန်လေးစားတန်ဖိုးထားမှုဖြင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အထသာရှိနေမည်ဆိုလျှင် မျိုးဆက်အားလုံးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

**အကြောင်းတရားများ**

လူတစ်ဦးသည် သေကြောင်းကြံစည်မှုဖြစ်စေရန် စေ့ဆော်သည့် အကြောင်းတရားများစွာရှိသည်။ အထူးသဖြင့် အရက်အလွန်အကျွံသောက်သုံးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ စိတ်ကျန်းမာရေးချို့ယွင်းခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ ငွေကြေးအဆင်မပြေခြင်း၊ အိမ်တွင်းအကြမ်းဖက်ခံရခြင်း၊ ပြဿနာကို ရှောင်လွှဲလိုခြင်း၊ စိတ်ဖိစီးမှုများခြင်းတို့ဖြစ်သည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလတွင် အိမ်ထဲ၌သာ ပိတ်လှောင်ထားခံရခြင်း၊ အလုပ်လက်မဲ့ဖြစ်လာခြင်း၊ စီးပွားရေးကျပ်တည်းလာခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်းကျဆင်းလာခြင်းတို့ကို ခံစားရလေ့ရှိသည်။ ထိုသို့ခံစားနေရမှုများကို မှန်ကန်သောနည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းခြင်းမရှိလျှင် ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှောက်လာပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းလုံးဝမရှိတော့ဘဲ လွဲမှားသောနည်းလမ်းများဖြင့် ထွက်ပေါက်ရှာသွားတတ်ကြသည်။

**နည်းလမ်းတကျဖြေရှင်းသင့်**

ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်မြှင့်တင်ပေးရန်လိုအပ်သည်။ ပြဿနာကိုဒေါသစိတ်ဖြင့် မဖြေရှင်းမိအောင်အမြဲသတိထားခြင်း၊ စိတ်ထွက်ပေါက်ရရှိစေရေးအတွက် စိတ်လိုက်မာန်ပါမပြုခြင်း၊ အရက်၊ မူးယစ်ဆေးဝါးတို့ကိုရှောင်ရှားခြင်း၊ အခက်အခဲပြဿနာရပ်များကို မိသားစုဝင်များ၊ အနီးကပ်နေထိုင်သူများနှင့်အတူ ဝိုင်းဝန်းအဖြေရှာခြင်း၊ ရာသီဥတု၊ မိမိ၏ကျန်းမာရေးအခြေအနေတို့နှင့်လျော်ညီစွာ ကိုယ်လက်လှုပ်ရှားမှုများပြုလုပ်ခြင်း၊ မျှတသောအာဟာရမှီဝဲခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်းနည်းလမ်းများဖြင့် စိတ်ဖိစီးမှုများကိုဖြေလျှော့နိုင်သည်။

ထို့ပြင် သက်ဆိုင်ရာအစိုးရများ၊ လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း ကိုဗစ်-၁၉ကာလတွင် အကျပ်အတည်း ကြုံတွေ့နေရသည့် အသိုက်အဝန်းများကို နှစ်သိမ့်ဆွေးနွေးခြင်း၊ စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ ရုပ်ဝတ္ထုပစ္စည်းများ ပံ့ပိုးကူညီပေးခြင်းဖြင့် စိတ်ဖိစီးမှုများကို ဖြေလျှော့ပေးသင့်သည်။ အထူးသဖြင့် ဆက်လက်ရှင်သန် ကြိုးစားနေထိုင်သွားလိုသည့် ဝန်းကျင်တစ်ရပ်ဖြစ်လာအောင် ကူညီဖြည့်ဆည်းပေးသွားသင့်သည်။ အထူးသဖြင့် စိတ်ဖိစီးမှုဖြစ်နေသူများ၊ သေကြောင်းကြံစည်ဖွယ်ရာရှိသူများနှင့် မပြတ်ထိတွေ့ပြီး စိတ်ခွန်အားဖြစ်စေမည့်အကြောင်းအရာများ၊ အားတက်ဖွယ်ရာများဖြင့် စည်းရုံးသိမ်းသွင်းဆွေးနွေးသွားသင့်ပေသည်။

**ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားသွားစေလို**

မည်သို့ပင်ဆိုစေ လူ့ဘဝသည် ရခဲလှပေသည်။ ထိုသို့ရခဲလှသောလူ့ဘဝတွင် တန်ဖိုးရှိရှိနေထိုင်သွားရန်လိုအပ်သည်။ အထူးသဖြင့် မိမိဘဝအောင်မြင်တိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းနေရမည်ဖြစ်သလို လောကလူ့ဘောင် ကောင်းကျိုးအတွက်လည်း တတ်နိုင်သမျှ သယ်ပိုးသွားသင့်ပေသည်။ ထိုသို့ ဘဝရှင်သန်ရေးအတွက် ရုန်းကန်ကြိုးစားကြရာတွင် အလွယ်တကူတော့ အောင်မြင်မှုရရှိလိမ့်မည်မဟုတ်ပေ။ ရည်မှန်းချက်ကြီးလျှင် ကြီးသလောက်အခက်အခဲများစွာကို ကျော်လွှားသွားရလိမ့်မည်ဖြစ်သည်။ တစ်ခါတစ်ရံ ပတ်ဝန်းကျင်၏ပယောဂများကြောင့်လည်း မိမိရည်မှန်းချက်အပေါ် သက်ရောက်မှုများရှိလာနိုင်ပေသည်။

ယခုဆိုလျှင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကြောင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်ထိ လူပေါင်း ၆၅၇၄၇၃၀၀၀ ကျော် ရောဂါကူးစက်ခံရပြီး ဦးရေ ၆၆၇၁၀၀၀ ကျော်သေဆုံးခဲ့ပြီဖြစ်သည်။ ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါသည် ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် အိမ်ထဲ၌ ခြေချုပ်မိနေကြသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အဘက်ဘက်မှ အကျပ်အတည်းများကြုံတွေ့နေကြရသည်။

ထိုသို့သော အခြေအနေတွင် မိသားစုပြဿနာကို ဖြေရှင်းနိုင်စွမ်းမရှိသူများ၊ လွဲမှားစွာစိတ်ထွက်ပေါက်ရှာသူများသည် မိမိကိုယ်ကို သေကြောင်းကြံစည်လျက်ရှိကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။ ရခဲလှသော လူ့ဘဝကို လွယ်လွယ်နှင့် အရှုံးပေးမသွားသင့်ပေ။ မိသားစုနှင့်ပတ်ဝန်းကျင်မှလူများကလည်း နှစ်သိမ့်ဆွေးနွေးသွားသင့်ပေသည်။ မည်သို့ပင်ဆိုစေ မုန်တိုင်းများလွန်မြောက်သွားလျှင် လေပြည်လေညင်းလေးများ ဖြည်းညင်းစွာတိုက်ခတ်လာနိုင်သဖြင့် ဘဝကို လွယ်လွယ်နှင့်အရှုံးမပေးဘဲ အခက်အခဲမှန်သမျှကို ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းသွားစေလိုပါသည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

> ❖ ပြဿနာကိုဒေါသစိတ်ဖြင့် မဖြေရှင်းမိအောင်အမြဲသတိထားခြင်း၊ စိတ်ထွက်ပေါက်ရရှိစေရေးအတွက် စိတ်လိုက်မာန်ပါမပြုခြင်း၊ အရက်၊ မူးယစ်ဆေးဝါးတို့ကိုရှောင်ရှားခြင်း၊ အခက်အခဲပြဿနာရပ်များကို မိသားစုဝင်များ၊ အနီးကပ်နေထိုင်သူများနှင့်အတူ ဝိုင်းဝန်းအဖြေရှာခြင်း၊ ရာသီဥတု၊ မိမိ၏ကျန်းမာရေးအခြေအနေတို့နှင့်လျော်ညီစွာ ကိုယ်လက်လှုပ်ရှားမှုများပြုလုပ်ခြင်း၊ မျှတသောအာဟာရမှီဝဲခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်းနည်းလမ်းများဖြင့် စိတ်ဖိစီးမှုများကိုဖြေလျှော့နိုင်သည်။ ❖

## ဆင်ပေါင်ဝဲမြို့နယ် ကရကတ်ကျေးရွာ၌ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အင်းမကျေးရွာအုပ်စု ကရကတ်ကျေးရွာ၌ အိမ်တိုင်ရာရောက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကရကတ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အိမ်တိုင်ရာရောက်ရေရရှိရေး ရေပိုက်လိုင်းသွယ်တန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက လုပ်ငန်းများအချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ကရကတ်ကျေးရွာ အိမ်တိုင်ရာရောက်ရေရရှိရေး ရေပိုက်လိုင်းအရှည် ပေ ၅၇၃၀ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၂၇ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ဒုတိယပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်း ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**

0w Kv d @

# ရောထွေးစွာ စီးဆင်းခြင်း

ပိုင်ပိုင်




(၁)

စိမ်းစိုနေသောစပါးခင်း။ မှုံမြစ်ပေါင်မှရေများက တသွင်သွင်စီးဆင်းလျက်။ မြောက်ပြန်လေက ညင်းသွဲ့သွဲ့။ စပါးပင်များက အနှံများပြည့်လာသည်ကို ကြည့်ပြီး ပီတိအဟုန်တက်လာသည်။ နောက်လများ ဆိုလျှင်ဖြင့် ရွှေဝါရောင်စပါးခင်းဖြစ်တော့မည်။ ကိုယ့်ခွန်ကိုယ့်အားနှင့် ရှန်းခဲ့ရသော စပါးခင်း။

"အင်း ဒီနှစ်တော့ သားငယ်ကို ရှင်ပြုပေးနိုင်ကောင်းရဲ့။ မိဆယ်ကိုလဲ ဆေးခန်းပြရမယ်။ သူ့ဦးခေါင်းနောက်စေ့က ကိုက်ကိုက်နေတာ နန္ဒင်းမှိုင်းတိုက်နေရှုံနဲ့ အဆင်မပြေနိုင်တော့ဘူး"

တစ်ကိုယ်တည်း ရေရွတ်မိသောစကားများနှင့် အတူ စပါးခင်းကိုကြည့်ပြီး ဦးပေါက်ကြီးမျှော်လင့်ချက်အပြည့်နှင့် အိမ်သို့ပြန်ခဲ့သည်။ မုဆိုးခြုံရွာ၏ တောင်ဘက်အရပ်တွင်ရှိသော ဦးပေါက်ကြီး၏ လယ်မြေမှာ ငါးဧကရှိသည်။ မုဆိုးခြုံရွာသည် အေးချမ်းလှ၏။ ကမ္ဘာ့အမွေအနှစ်ရှေးဟောင်းနယ်မြေအဖြစ် သတ်မှတ်ထားသော ဟန်လင်းမြို့ဟောင်းမှာ ရွာ၏အရှေ့ဘက်တွင်ရှိသည်။ မိရိုးဖလာလယ်ယာလုပ်ငန်းဖြင့်သာ အသက်မွေးကြသည်။ အချို့ရွာသားများကတော့ မြစ်ကြီးနားဘက်တက်ကာ အုတ်ဖုတ်သည့်လုပ်ငန်း၊ ကျောက်တူးသည့်လုပ်ငန်းများ လိုက်လုပ်နေကြသည်။ မိဘအမွေလယ် ၁၀ ဧကမှာ မတိုးပွားလာဘဲ ဖဲ့ရောင်းခဲ့ရ၍ ငါးဧကသာကျန်တော့သည်။ လယ်ယာမလုပ်ချင်သော သားကြီးထွန်းပေါက်က ထိုင်းနိုင်ငံသို့ အလုပ်သွားလုပ်ချင်၍ လယ်ငါးဧက ဖဲ့ရောင်းပေးလိုက်ရသည်။ အသိအမြင်မကြွယ်ဝဘဲ ပွဲစားလူလိမ်များနှင့်ချိတ်ဆက်မိကာ ငွေများ ဆုံးရှုံးခဲ့ရသည်။ မန္တလေးတွင် သံချည်သံကွေးပညာသင်ကာ အလုပ်သွားလုပ်နေပြီး သိပ်မကြာခင် မိန်းမရတော့သည်။ တစ်နှစ်နေမှ တစ်ခါလောက်သာ ရွာပြန်လာတတ်သည်။ ဒေါ်မိဆယ်မှာ သားကြီးလာလျှင် ခေါင်းကိုက်ရောဂါအလိုလိုပျောက်၏ထင်။ သားငယ်မောင်ထွေးက သည်နှစ်မှ ခြောက်တန်းကျောင်းသားပင်ရှိသေး၏။ သူ့အစ်ကိုထွန်းပေါက်လို အတန်းပညာ ရှစ်တန်းလောက်နှင့် ရပ်သွားမည်ကို စိုးရိမ်မိသည်။ နွားအိုနောက်ကျသားဟု ဆိုရပေမည်လားမသိ။ ဒေါ်မိဆယ် အသက် ၅၀ နားနီးမှရခဲ့သောသားငယ်မှာ သူ့အစ်ကိုထွန်းပေါက်နှင့် အသက် ၂၀ ကွာခြားသည်။ ထွန်းပေါက်ကား အသက်ကွာလှသော ညီငယ်ကိုလည်း သံယောဇဉ်နည်းလှသည်။

(၂)

"ဟော ကိုပေါက် ဘာတွေပီတိဖြစ်လာတာလဲ။ မျက်နှာက ပြုံးလို့ပါလားတော့"

"အေးကွာ စပါးခင်းဆေးပက်၊ ရေသွင်းပြီး အနှံတွေဖြစ်နေတာကြည့်ပြီး အားရသကွာ။ သားငယ်ကို စပါးပေါ်ပြီးရင်တော့ သက်န်းဆီးပေးမယ်ကွ"

"ဟေး ပျော်လိုက်တာ ဖေကြီးရာ"

ဦးပေါက်ကြီးကို ဝမ်းသာအားရပြေးလာ၍ ဖက်လိုက်သောသားငယ်ကို ဒေါ်မိဆယ်ပြုံးကြည့်နေသည်။

"မိဆယ်။ မင်းမှာလဲ ခေါင်းကြီးကို အဝတ်နဲ့ထုပ်ထားရပြန်ပြီ။ ခေါင်းအတော်လေးကိုက်နေလားကွာ။ ဟင်းတွေ၊ အညော်တွေလဲမချက်နဲ့။ တို့သားအဖတွေ လက်ဖက်သုပ်နဲ့စားရလဲ ဖြစ်ပါတယ်"

"အေးပါတော်။ တော့်လျှာရင်းလေးမြက်အောင်လဲ ကျုပ်ကချက်ကျွေးချင်သေးတာ။ သားကြီးတို့လဲ စပါးပေါ်ပြီးမှလာမယ်ထင်ပါရဲ့"

"သိပ်မျှော်မနေပါနဲ့ မိဆယ်ရာ"

ဦးပေါက်ကြီးလည်း သိနေသည်။ စပါးပေါ်ချိန် ငွေစရှင်ချိန်ဆိုလျှင်ဖြင့် ထွန်းပေါက်တို့မိသားစုရောက်လာပေလိမ့်မည်။ လေကြီးမိုးကြီးမြို့ကြီးစကားများသာ ပြောပြီး အိမ်မှရသရွေ့သယ်ကာ ပြန်ကြလိမ့်မည်။ မိဘဆိုသည်ကား သားသမီးမျက်နှာမြင်ရလျှင်ပင် ကျေနပ်ပီတိဖြစ်ရ၏။

(၃)

"ဟေ့ သားငယ်။ ဖေကြီးနဲ့လယ်ကွင်းထဲလိုက်မလို့ဆိုကွ။ ထတော့လေကွာ"

"ဟုတ် ဖေကြီး"

သားအဖနှစ်ဦးသား ထမင်းကြော်စားပြီး လယ်ကွင်းဘက်ထွက်လာကြသည်။

"ဟား စိမ်းစိုပြီးလှလိုက်တာဖေကြီးရာ။ လယ်ကွင်းစိမ်းစိမ်းထဲကဗျိုင်းဖြူဖြူတွေကလဲလှလိုက်တာ။ ဟေး. . ."

"ဟာ သားငယ်ရာ။ မအော်ပါနဲ့ကွ။ ဗျိုင်းလေးတွေ လန့်ပြီး ပျံကုန်ပြီ။ သူတို့က ဖေကြီးတို့ လယ်သမားတွေအတွက် မိတ်ဆွေငှက်တွေကွ"

"ဟင် ဟုတ်လားဖေကြီး ဘာလို့မိတ်ဆွေငှက်လို့ပြောတာလဲ"

"ဗျိုင်းလေးတွေက တောင်သူလယ်သမားတို့ရဲ့ မိတ်ဆွေငှက်။ လယ်ကွက်ထဲကစပါးပင်တွေမှာ တွယ်ကပ်ဖျက်ဆီးတတ်တဲ့ လယ်ကဏန်း၊ ပိုးတုံးလုံး၊ ပေါက်ဖတ်နဲ့ ခူတွေကို ဖမ်းယူစားသောက်ပြီး တောင်သူလယ်သမားတွေကိုကူညီသလို ကျွဲ၊ နွားတွေရဲ့ ကျောပေါ်မှာ နားနေပြီး မှက်၊ ခြင် စတဲ့ပိုးမွှားတွေကို ထိုးဆိတ်စားသောက်ပြီး ကျွဲ၊ နွားတွေကိုလဲ ကူညီလေ့ရှိတယ်။ ငါး၊ အင်းဆက်၊ ကဏန်း၊ ခရုတွေကို စားတယ်ကွ။ အထူးသဖြင့် ရေစီးနဲ့အတူပါလာမဲ့ငါးတွေကို စိတ်ရှည်လက်ရှည် စောင့်ဖမ်းလေ့ရှိတယ်။ ဒါကြောင့်လဲ ကိုယ်လိုရာကို စိတ်ရှည်လက်ရှည်စောင့်စားကြရင် ကတွတ်ပေါက်ဗျိုင်းစောင့်သလိုလို့ ဆိုကြတာပေါ့ကွာ"

"ဗျိုင်းလေးတွေက ချစ်စရာလေးတွေနော်ဖေကြီး"

"ဗျိုင်းမက တစ်ခါဥရင် သုံးလုံးကနေ ငါးလုံးထိ ဥကြတယ်ကွ။ အသိုက်ကို အတူဆောက်တတ်ကြသလို ဥလေးတွေကို ဗျိုင်းဖိုကော ဗျိုင်းမပါ တစ်လှည့်စီ ဝပ်ပေးတတ်ကြတယ်။ မိုးရာသီမှာ ဥ ဥကြတာ။ ဥတွေက ခပ်ကြမ်းကြမ်းနဲ့ စိမ်းပြာရောင်နုနုလေးတွေပေါ့ကွာ။ သူတို့အသိုက်တွေက သစ်ပင်ခပ်မြင့်မြင့်၊ ဝါးရုံပင်အမြင့်တွေမှာ ဆောက်ကြတယ်"

"သူတို့ကို သား ဓာတ်ပုံရိုက်ချင်တာ။ ဖေကြီး ဖုန်းခဏပေးအုံး"

ဦးပေါက်ကြီးက သားငယ်ကို အင်္ကျီအိတ်ကပ်တွင်းမှ ဖုန်းထုတ်ပေးစဉ် ဖုန်းဝင်လာသည်။

"ဟယ်လို ဘာ အေး အေး အခုပြန်လာမယ်။ သားငယ်နောက်မှဓာတ်ပုံရိုက်။ မင်းအမေမူးလဲလို့တဲ့"

သားအဖနှစ်ယောက် အိမ်သို့ အမြန်ပြန်ခဲ့၏။

"မိဆယ် ဘယ်လိုဖြစ်တာလဲ။ နေသာရဲ့လား"

"ကိုပေါက် ကျုပ်တယ်မဟန်ဘူးတော်။ သားကြီးကိုလဲ တွေ့ချင်တယ်"

"သတိထားမိဆယ်။ သားကြီးကို ဖုန်းဆက်ပေးပါ့မယ်။ အခု ကားငှားပြီး ရွှေဘိုဆေးရုံသွားကြမယ်"

ရွာထဲက ကားငှားကာ ဒေါ်မိဆယ်၏တူမညိုညိုကိုပါခေါ်၍ ရွှေဘိုဆေးရုံသို့ သွားခဲ့ကြသည်။ ရွှေဘိုဆေးရုံက ဦးနှောက်အတွင်း စစ်ဆေးရမည်ဖြစ်၍ မန္တလေးဆေးရုံကြီးသို့ လွှတ်လိုက်သည်။ ဦးပေါက်ကြီးမှာ ရွာထဲရှိဆွေမျိုးများထံမှ စပါးပေါ်လျှင် ပြန်ပေးပါ့မည်ဟုဆိုကာ ငွေချေးရတော့သည်။ အရေးအကြောင်းဖြစ်၍ သားကြီးထံ အားကိုးတကြီးဖုန်းကြိုဆက်လိုက်သည်။

"ဟယ်လို သားကြီးရေ မင်းအမေကို မန္တလေးဆေးရုံကြီးတင်ရမယ်တဲ့ကွ။ အခု အဖေတို့ ကားနဲ့လာနေပြီ။ ဆေးရုံကြီးပေါက်ကစောင့်ပေးကွာ"

ဒေါ်မိဆယ် ခေါင်းကိုက်ရောဂါဖြစ်နေသည်မှာ ကြာပြီဖြစ်၏။ မီးယပ်ခေါင်းကိုက်ရောဂါဟုထင်ကာ နန္ဒင်းမှိုင်းတိုက်၍သာနေခဲ့သည်။ ဆေးရုံကြောက်သော ဒေါ်မိဆယ်က အိမ်တွင်းဆေးနည်းများသာ အားကိုးခဲ့သည်။ ဦးနှောက်အတွင်း တစ်ခုခုဖြစ်နေသည်လားဟု မတွေးတတ်ခဲ့ကြ။

(၄)

"သားကြီး မင်းအမေကို ညိုညိုပဲဆေးရုံစောင့်အိပ်လို့ရမှာကွ။ အဖေနဲ့သားငယ်ကတော့ မြောက်ပြင်က မင်းအိမ်ကိုလိုက်အိပ်ရမှာပဲ"

"ဟာ မဖြစ်ဘူးအဖေ။ ကျွန်တော့်အိမ်က ကျဉ်းတယ်။ ယောက္ခမလင်မယားနဲ့ လူကလဲများတယ်။ အဖေတို့သားအဖကို ဘုရားကြီးအရှေ့မုခ်က ဘုန်းကြီးကျောင်းမှာ လိုက်အပ်ပေးပါ့မယ်"

"အေးပါကွာ။ အဆင်ပြေသလိုပေါ့။ မင်းအမေအားရှိအောင်လို့ ဆေးရုံကိုတော့ နေ့တိုင်းလာပါကွာ"

သားကြီး၏နွေးထွေးမှုကင်းမဲ့ခြင်းကို ရင်နင့်အောင်ခံစားရသော်လည်း ဦးပေါက်ကြီး မသိကျိုးကျွန်ပြုနေရသည်။ သူတို့လည်း သိပ်အဆင်ပြေတာမှ မဟုတ်တာဟုသာ ဖြည့်တွေးလိုက်သည်။ ဒေါ်မိဆယ်ရောဂါသိရတော့ ဦးပေါက်ကြီးရင်မှာ ဗလောင်ဆန်ရ၏။ ဦးနှောက်တွင်း အကျိတ်ဖြစ်နေသည်မှာ အတော်ပင်ကြီးနေပြီဖြစ်ကြောင်းနှင့် ခွဲစိတ်ကုသမည်ဆိုပါက ငွေများစွာကုန်မည့်အပြင် ခက်ခဲနိုင်မည်ဟုလည်း သိရသည်။

"သားကြီး အဖေ ဘယ်လိုလုပ်ရမလဲကွာ"

"အဖေရာ ကျွန်တော်လဲ ဘာပြောရမှန်းမသိတော့ပါဘူး။ အခြေအနေက မထူးဘူးဆိုရင် ငွေကုန်သံပြာများဖြစ်နေမလား။ ဆေးရုံကြာကြာတက်နေရရင်လဲ အဆင်ပြေပါ့မလား။ အဖေ့လယ်ကလဲ လူငှားနဲ့စိတ်ချရလို့လား"

"အခုချိန်မှာတော့ အဖေ့ခေါင်းထဲ မိဆယ်အတွက်ပဲရှိတယ်။ လယ်တွေရောင်းပြီး အစွမ်းကုန်ကုပေးချင်တာ"

ဦးပေါက်ကြီးရင်ထဲတွင် ကြိမ်မီးအုံးနေသကဲ့သို့ ပူလောင်နေသည်။ သားငယ်လေးက မျက်နှာငယ်စွာ အဖေနှင့် အစ်ကိုကိုသာကြည့်နေ၏။

"ဦးကြီး ဒေါ်ဒေါ်ဆယ်ကခေါ်နေတယ်"

ညိုညိုလာခေါ်၍ ဆေးရုံထဲပြန်ဝင်လာသော ဦးပေါက်ကြီးက မျက်နှာပျက်ယွင်းမှုမရှိ၊ စိတ်ပူပန်ခြင်းမရှိသောပုံစံဖြင့်သာ။

"မိဆယ်ရေ ဆရာဝန်ကြီးပြောတာ အားရသကွာ။ မင်းရောဂါက သိပ်မပူရဘူးတဲ့။ စိတ်အေးအေးနေ။ တောတွေး တောင်တွေး စိတ်မလေးနဲ့။ ဆေးဝါးတွေကလဲ ကောင်းလိုက်တာလွန်ရောဟေ့"

"မိညိုပြောတာ ကျုပ်ကို ခွဲစိတ်ရမယ်ဆို။ ကျုပ်မလုပ်ချင်ဘူးနော်။ ရွာပြန်ချင်တယ်။ ခေါင်းကိုက်တာလဲ သက်သာနေပါပြီ ကိုပေါက်ရဲ့။ တော့်လယ်ကလဲ မှည့်တော့မှာလေတော်။ ကျုပ်တို့ လိုတဲ့ဆေးတွေ ဆရာဝန်ဆီကတောင်းပြီး ပြန်ကြရအောင်။ သားကြီးလဲ ကျုပ်ကို လာလာကြည့်နေရတာနဲ့ အလုပ်တွေပျက်နေရော့မယ်"

"ဟုတ်တယ်အမေရေ ဒီရက်တွေ သံပန်းတံခါးလာအပ်တာတွေကို လက်မခံနိုင်ဘူး။ ကျွန်တော့်ဝင်ငွေတစ်ခုတည်းပဲရှိတာဆိုတော့ အလုပ်ကနားလို့မရဘူးရယ်"

အလိုက်မသိစွာပြောလာသော သားကြီးစကားကြောင့် ဦးပေါက်ကြီး အတော်စိတ်တိုမိသည်။

"သားကြီး မင်းအလုပ်ပျက်တယ်ဆိုရင် နောက်ရက်ဆေးရုံကို မလာနဲ့တော့။ အဖေတို့ ကြည့်လုပ်မယ်"

"ဟုတ်ကဲ့ အဖေ"

သားကြီးမျက်နှာမြင်နေရ၍ ဝေဒနာသက်သာနေသော ဒေါ်မိဆယ်မျက်နှာညှိုးသွား၏။

ရွာပြန်ချင်သည်ဟုသာ တဖွဖွတောင်းဆိုနေသော ဒေါ်မိဆယ်။ ဖခင်က အလုပ်ပျက်ရင် ဆေးရုံမလာတော့နှင့်ဟုသောစကားကို နားထောင်သောသားကြီး။

စာမျက်နှာ ၂၅သို့ ➤

# မြန်မာ့ကုန်သွယ်မှုကဏ္ဍတွင် ယခုဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅ ဘီလီယံရရှိရန် လျာထားဆောင်ရွက်နေ



**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာ့ကုန်သွယ်မှုကဏ္ဍတွင် ယခုဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅ ဘီလီယံရရှိရန် လျာထားဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ကုန်သွယ်မှုလုပ်ငန်းများတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅ ဘီလီယံရရှိရန်လျာထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့လျာထားဆောင်ရွက်နေမှုအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၁၅၃၅ ဒသမ ၀၉၆ သန်းဖိုးနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၁၂၀၀၂ ဒသမ ၈၂၆ သန်းဖိုး စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၅၃၇ ဒသမ ၉၂၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် အဆိုပါကာလအတွင်း ပို့ကုန်ကဏ္ဍမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့် အခြားပို့ကုန်များကိုတင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့အတူ သွင်းကုန်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ပစ္စည်းများကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

SKL

# ကျွန်းလှမြို့နယ်တွင် မိုးစပါးဧက ၂၉၅၀၀ ရိတ်သိမ်းပြီးစီး

**ကျွန်းလှ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မိုးစပါးဧက ၂၉၅၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် မိုးစပါးဧက ၂၉၄၉၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်၍ စိုက်ပျိုးခဲ့ရာ မိုးစပါး ၃၄၀၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ဒီဇင်ဘာလပထမပတ်မှ စတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၂၉၅၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပျမ်းမျှ ၇၃ ဒသမ ၅၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးစပါးဧက ၂၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒါပေမဲ့ ၃၀၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ စိုက်ပျိုးထားတဲ့ မိုးစပါးခင်းတွေ ရိတ်သိမ်းနေပါပြီ။ မိုးစပါးဧက ၂၀၀၀၀ ကျော် ရိတ်သိမ်းပြီးပြီ။ ကျန်တဲ့ဧကတွေလဲ ဆက်လက် ရိတ်သိမ်းနေပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာ၌ ဒေသရာသီဥတုနှင့် ကိုက်ညီသည့်ရေမင်း၊ မနောသုခ၊ ဆင်းသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေ စပါးမျိုးများကို စိုက်ပျိုးကြကြောင်း၊ ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေတင်ပြီး ပျိုးထောင်စိုက်ပျိုးခြင်းဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီထံမှ သိရသည်။

(၂၀၆)



## ဟေမန်ဆောင်းဦး အလှထူး

\- မိုးဝသန် ခြေရာဖျောက်လို့
ရောက်ပြန်ပေါ့ ဆောင်းရာသီ၊
ထက်ဝလာ မိုးတိမ်ကင်း
မြူနှင်းဝေပြီ၊
ဖူးပွင့်ကြ ပန်းချယ်ရီ
ငွေနှင်းရည် ပက်ကာဖျန်း၊
ပန်းသဇင် ပင်ယံမြင့်မှာ
ဖူးပွင့်လို့လန်း။

\- ပန်းခွာညို အသွင်ဆန်းလို့
ခဝဲပန်းတို့ မွှေးနံ့ကြိုင်၊
လင်းအရုဏ် ချမ်းတုန်အေး
နှင်းဖွေးဖွေးဖြိုင်၊
လမြတ် တန်ဆောင်တိုင်
ဆီမီးမြိုင် အလင်းပေး၊
ချစ်စရာ ဟေမန်ဆောင်းမှာ
ပန်းပေါင်းစုံမွှေး။

\- ထုံးဖြူဖြူ စေတီနံဘေးက
ချိုးငှက်လေး ကူသံသာ၊
ကျေးငှက်တွေ သံစုံကျူးလို့
ဆောင်းဦးချိန်ခါ၊
လယ်စပါးတို့ ရွှေရောင်ဝါ
ရိတ်သိမ်းကာ တောင်သူအပေါင်း၊
စပါးပေါ်ချိန် ကထိန်ပွဲကို
ဆင်နွှဲတဲ့ဆောင်း။ ။

**မင်းဝေအောင်(ရဲကျွန်း)**

# ကျေးသီးမြို့နယ် မိုင်းယန်းကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ကျေးသီး ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းယန်းကျေးရွာအုပ်စု မိုင်းယန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦး၊ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မိုင်းယန်းကျေးရွာတွင် အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ၎င်းကုန်ထုတ်လမ်းပေါ်တွင် အရှည် ငါးပေ၊ အကျယ် ၂၂ ပေ၊ အမြင့် ငါးပေရှိ Box Culvert တံတားနှစ်စင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသန်းနိုင်က တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မိုင်းယန်းကျေးရွာတွင် အဆိုပါလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၉၅ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက ဇူလိုင်လဒုတိယပတ်ကစတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးသွားသဖြင့် ကျေးရွာရှိ အကျိုးပြုလယ်ယာကေများမှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးနိုင်ထံမှ သိရသည်။

**ချိုသန်းညွန့်**

➤ စာမျက်နှာ ၂၄မှအဆက်

အမှေ့နားတွင် ခြေဆုပ်လက်နယ်ပြုစုနေသော သားငယ်လေး။ နောက်ဆုံးတော့လည်း ရွာပြန်ရန်သာ အရေးဆိုနေသော ဒေါ်မိဆယ်ကို သနားလာသည်နှင့် ဦးပေါက်ကြီး စိတ်လျှော့လိုက်ကာ ရွာသို့ပြန်ခဲ့ကြတော့သည်။

(၅)

"ညီညို ညည်းဒေါ်ဒေါ်ဆယ့်အခြေအနေအမှန်ကို အမျိုးတွေကို မပြောနဲ့နော်။ တော်ကြာနေရင် မထင်ရတော့ပါဘူးဆိုပြီး မိဆယ်နား ပြန်ရောက်မှာစိုးလို့။ ငါ့မိန်းမ စိတ်မလျှော့စေချင်ဘူး။ သူတစ်ရက်အသက်ပိုရှည်ရှည်ပေါ့ဟာ"

"ဟုတ်ကဲ့ပါ ဦးကြီးရယ်"

လပိုင်းလောက်သာနေရတော့မည့် ဒေါ်မိဆယ်အတွက် အလှူဒါနပြုပေးရေးသာ ဦးပေါက်ကြီးတွေးနေသည်။ စပါးပေါ်လျှင် ပေးရမည့် စပါးကြိုပေးငွေများယူကာ သားငယ်လေးရှင်ပြုအလှူလုပ်ရန် ဆွေမျိုးများနှင့် တိုင်ပင်သည်။ အလှူရက်သတ်မှတ်ပြီး သားကြီးထံ ဖုန်းဆက်လိုက်သည်။

"သားကြီးရေ မင်းအမေက တယ်မဟန်တော့ဘူး။ အခုဆိုရင် သူ့ခေါင်းထဲက အကျိတ်က ပိုဒုက္ခပေးလာပြီကွ။ သတိတွေ ခဏခဏလွတ်လာတယ်။ သူအသိသတိလေးရှိနေတုန်း သားငယ်ကို ရှင်ပြုအလှူလုပ်ပေးမယ်။ မင်းတို့မိသားစုလာခဲ့ကြအုံး"

"လာဆို အဖေရာ။ ပြောရမှာ အားတော့နာတယ်။ ကျွန်တော့်ကို လမ်းစရိတ်နဲ့သုံးဖို့ ငွေအရင်လွှဲပေးအုံး။ ကျွန်တော့်အလုပ်မဖြစ်လို့ပါ"

"အေးပါကွာ"

ဒေါ်မိဆယ်အတွက်က သားကြီးမလာ၍ မဖြစ်သောကြောင့် ဦးပေါက်ကြီးမှာ ငွေအရင်လွှဲပေးလိုက်သည်။

အလှူမတိုင်မီ မိသားစုလိုက်ရောက်လာကြသော်လည်း မသိတတ်ကြပါ။ ချွေးမဖြစ်သူကလည်း ယောက္ခမကို ပြုစုရန်ဝေးစွ။ စပါးဘယ်လောက်ထွက်လေမည်နည်း၊ စပါးပေါ်ပြီး အလှူကြွေးဆပ်ပြီးလျှင် ငွေမည်မျှကျန်လေမည်နည်းသာ ပေသီးခေါက်နေပုံပင်။ နှစ်စဉ် စပါးပေါ်ပြီးလျှင် မိဘကပေးနေကျ ငွေကြေးကိုသာ မျှော်လင့်နေသည်။ ဦးပေါက်ကြီး တွေးမိလေပြီ။ ရေစီးနှင့်အတူမျောပါလာမည့်ငါးများကို စောင့်ဖမ်းရန် ကတွတ်ပေါက်ကစောင့်နေသော ဗျိုင်းမိသားစုအတွက် သည်နှစ်တော့ ငါးများစီးပါလာနိုင်မည် မထင်တော့ပေ။ မိခင်ကို အနားက တစ်ဖဝါးမှ မခွာဘဲ ပြုစုယုယပေးနေသော သားငယ်လေးကတော့ နိုင်သည့်ဘက်မှ ကူညီပေးသော ဗျိုင်းဖြူလေးပမာ။

# ပု လား၊ ပ လား ခွဲခြားသိတဲ့ပညာ

**ပညားကျွန်းထော**

ရန်ကုန်တက္ကသိုလ်မှာ လွတ်လပ်ရေးမရခင်က ဒီဂရီကောလိပ်ပေါ့။ နောက်တော့ ရန်ကုန်တက္ကသိုလ် ဖြစ်ပေါ်လာတဲ့အခါ အင်္ဂလိပ်မျက်နှာဖြူ ပရော်ဖက်ဆာ၊ လက်ချာရာတွေချည်းပါပဲ။ အိန္ဒိယတိုင်းရင်းသား တချို့လည်းပါတာပေါ့။ တက္ကသိုလ်မြန်မာစာဌာန ဆိုတာ မရှိသေးပါ။ ရန်ကုန်တက္ကသိုလ်မှာ မြန်မာလူမျိုး ဆရာ၊ ဆရာမဆိုတာလည်း မရှိသလောက်ပါပဲ။ တဖြည်းဖြည်းနဲ့ တစ်ယောက်၊ နှစ်ယောက် နိုင်ငံခြား အင်္ဂလန်ပြန်တွေ ရောက်လာကြပါတယ်။ ဆရာကြီး ဦးဖေမောင်တင်ကတော့ အင်္ဂလန်က မဟာဝိဇ္ဇာဘွဲ့ရခဲ့ပြီး ပြန်လာတဲ့အခါ အရှေ့တိုင်းပညာပါမောက္ခ ထိုမှတစ်ဆင့် ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး အဖြစ် ရွေးချယ်တာဝန်ပေးခြင်းခံခဲ့ရပါတယ်။

မြန်မာစာဌာနပေါ်လာတယ်။ မြန်မာစာကို တက္ကသိုလ်အဆင့်သင်ကြားဖို့ စီမံဆောင်ရွက်ကြပါတယ်။ ယခု ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန အဆောင်၊ တောင်ငူဆောင်နောက်က မြက်ခင်းပြင်မှာ ဆရာကြီးဦးဖေမောင်တင်ရဲ့ကြေးရုပ်တုကို တွေ့မြင်ကြရပါလိမ့်မယ်။ **မြန်မာထဲက ပထမပါမောက္ခချုပ်ပါ။**

ဆရာကြီး ဦးဖေမောင်တင်အကြောင်း စာရေးဆရာ မလေးလုံက အတ္ထုပ္ပတ္တိအပြည့်အစုံရေးသားခဲ့ပါတယ်။ ဝတ္ထုသဖွယ်ဖတ်ချင်စရာကောင်းအောင်နဲ့ အချက်အလက်အကြောင်းအရာတိကျပြည့်စုံအောင် ဆရာကြီးမကွယ်လွန်မီ အကြိမ်ကြိမ်တွေ့ဆုံမေးမြန်းပြီး ဆရာမက ကြိုးကြိုးစားစားပြုစုခဲ့ရှာပါတယ်။ မလေးလုံဟာ အောင်မြင်ထင်ရှားတဲ့ စာရေးဆရာမ တစ်ဦးပါ။ လုံမလေးဆိုတဲ့မဂ္ဂဇင်းကိုလည်း ၁၉၈၄ ခုနှစ်ကနေ ၁၄ နှစ်၊ ၁၅ နှစ်လောက် အယ်ဒီတာလုပ်ပြီး ထုတ်ဝေခဲ့သူပါ။

**ဦးဖေမောင်တင် သို့မဟုတ် ဘသက်ရှည်**

ဆရာကြီး ဦးဖေမောင်တင်ရဲ့ လုပ်ဆောင်ချက်တွေ၊ ဂုဏ်ကျေးဇူးကြီးမားပုံတွေကို ဆရာကြီးရုပ်တုဖွင့်ပွဲမှာ ပါမောက္ခဒေါက်တာ ဦးခင်အေး၊ ပါမောက္ခဒေါက်တာ အောင်မြင့်ဦး အစရှိတဲ့ ပညာရှိ၊ ပညာရှင်တွေက အမှတ်တရစာတမ်းတွေ ဖတ်ကြားဂုဏ်ပြုခဲ့ကြပါတယ်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာဖြစ်စေ၊ တက္ကသိုလ်များစာကြည့်တိုက်မှာဖြစ်စေ စုစည်းပုံနှိပ်ထားတဲ့ အဲဒီစာအုပ်ကို အခါအခွင့်သင့်ရင် ရှာဖွေလေ့လာဖတ်ရှုစေချင်ပါတယ်။

ဆရာကြီး ဦးဖေမောင်တင် သင်ကြားပြုစုခဲ့တဲ့ တပည့်များဟာ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ မြကေတု၊ ကုသ၊ ဦးမောင်မောင်ကြီး အစရှိသဖြင့် ပညာရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်၊ အင်မတန်ပဲ ကြီးကျယ်ခမ်းနားတဲ့ ပါမောက္ခ၊ စာရေးဆရာ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်လာစေခဲ့ပါတယ်။ ဦးဖေမောင်တင်ရဲ့ ခံယူချက်သဘောထားက **“တပည့်ဟာ ဆရာထက် ပိုတော်ရမယ်”** ဆိုတဲ့ စေတနာလမ်းညွှန်ချက်ပါ။ သူ့တပည့်တွေကို သူ့ထက်သာအောင် ပခုံးပေါ်တက်ရပ်ကြဖို့ တွန်းတင်ပေးတဲ့ဆရာ။ တပည့်တွေက ဆရာ့ထက် ပိုပြီးလက်စောင်းထက်မှသာ ပညာအဆင့်အတန်း မြင့်သည်ထက်မြင့်ပြီး တိုင်းပြည်နဲ့လူမျိုးကိုလည်း ကောင်းကျိုးပိုလို့ပိုလို့ ပြုနိုင်ကြပေမှာပေါ့။

ဆရာ့စေတနာ၊ ဆရာ့ဆန္ဒကို တပည့်တွေက သိထားတော့ ယခင်ထက် ပို၍ပို၍ကြိုးစားအားထုတ်ကြရပါတယ်။ တကယ်တော့ ပညာဆိုတာ ရှာဖွေလေလေ တွေ့ရှိလေလေ သိလာလေလေ သိစရာတွေရှိနေသေးတာ ပိုသိလေလေ။ တိုးပြီး ကြိုးစားဆည်းပူးဖန်တီးကြရလေလေ။ လူ့အဖွဲ့အစည်းဟာ ပိုမိုဖွံ့ဖြိုး၊ ပိုမိုတိုးတက်၊ ပိုမိုသာယာ၊ ပိုမိုအေးချမ်းကြည်သာ၊ ပိုမိုစိမ်းလန်းလှပ။ လူ့လောကဟာ နေချင်စဖွယ်ကောင်းတဲ့အနာဂတ်အဖြစ် ဖန်တီးနိုင်ပေမယ်။

၁၈ ရာစုမှာ ဥရောပစက်မှုတော်လှန်ရေးကနေ ကမ္ဘာ့နိုင်ငံရေးအခြေအနေဟာ နယ်ချဲ့ကိုလိုနီခေတ်၊ အရင်းရှင်ကိုလိုနီခေတ်၊ အရင်းရှင်နိုင်ငံအချင်းချင်း နယ်ချဲ့ရင်း လက်ဦးအောင် စားကျက်လုယက်ရင်း ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ကြီးတွေဖြစ်။ စစ်အေးတိုက်ပွဲဆက်ဖြစ်။ အရင်းရှင်စနစ်နဲ့ လက်ဝဲ

❖ နောင်လာနောက်သားမျိုးဆက်သစ်လူငယ်တွေကိုတော့ ဘယ်အရာက ရန်သူ၊ ဘယ်အပြုအမူရှိသူတွေက မိတ်ဆွေ၊ ဘယ်အလုပ်ကို လုပ်မိရင်တော့ အကျိုးဆက်က ဘယ်လောက်ထိ ဆိုးရွားနစ်နာတယ်။ ဘဝ၊ အသက်ကိုစွန့်ရရုံမက ဘဝအဆက်ဆက် အပါယ်လေးဘုံထဲမှာ နစ်မွန်းပြီး ဒုက္ခဝဲဩဃထဲကျရောက်ရမယ်ဆိုတဲ့ ပု နဲ့ ပ (ပုညကုသလ-ကောင်းမှုနဲ့ ပါပဒုစရိုက်-မကောင်းမှု။ ဘုမသိ ဘမသိလို့ ပြောလေ့ရှိကြတဲ့ ပု မှန်း ပ မှန်း ခွဲခြားတတ်ဖို့) သိသင့်ကြတယ်။ ❖

ကွန်မြူနစ်ဝါဒအားပြိုင်တင်းမာ၊ အုပ်စုတွေ အပြိုင်အဆိုင်ဖွဲ့ပြီး ကုန်သွယ်ရေးစစ်၊ သံတမန်ရေးစစ်၊ စီးပွားရေးစစ်၊ အပြန်အလှန်ပိတ်ဆို့တားဆီး၊ နှောင့်ယှက်၊ ဖျက်ဆီး၊ လက်ဝေခံရုပ်သေးအစိုးရမွေးပြီး ဩဇာလွှမ်းဖို့ကြိုးစားနေကြတဲ့ စစ်အေးလွန်၊ နည်းပညာအားပြိုင်တဲ့ခေတ်ရောက်လာကြ။ ဘက်စုံစစ်ပွဲ။ **အရေးကြီးတာက စောမီတိုးတက်ကြဖို့ရာ ပညာသာ အဓိကပါပဲ။** ပညာခေတ်နောက်ကျခဲ့ရင် ကိုယ့်ထက် ဘက်ပေါင်းစုံက သာလွန်သူတွေရဲ့ အနိုင်ကျင့်စော်ကားမှု၊ ဖိနှိပ်မှု၊ ဝိုင်းပယ်မှု၊ ဝိုင်ကျမှု ဒါကို အလိုက်အထိုက် အလျှော့ပေးရမှုတွေရှိနေပေမယ်။ အားမတန်ရင် မာန်ကိုလျှော့ရပေလိမ့်မယ်။

ဒီလိုမျိုး အောက်တန်းနောက်တန်းမကျစေရအောင်က ပညာရေးလောကနယ်ပယ်ကို တန်ဖိုးထားကြရမယ်။ အလေးထားကြရပေလိမ့်မယ်။ **ဆရာ့ထက်တော်တဲ့ တပည့်တွေကို ဌာနပေါင်းစုံ၊ ပညာရပ်ပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံက လေ့ကျင့်ပျိုးထောင်မွေးမြူပေးကြရပေမယ်။**

တစ်နှစ်ထက်တစ်နှစ်၊ တစ်ခေတ်ထက်တစ်ခေတ် တိုးတက်အောင်ဆိုတာ နောက်တက်လာတဲ့ မျိုးဆက်သစ်တွေကို ဦးစားပေးအလေးထားပြီး မွေးမြူပျိုးထောင်ကြရမှာပါ။ လူငယ်တွေ၊ တက်လူတွေ တော်အောင်၊ ကောင်းအောင် ဆရာမိဘတွေက ဂရုတစိုက်ကြိုးစားရသလိုပဲ နိုင်ငံနဲ့လူမျိုးအပေါ် လွှမ်းမိုးအနိုင်ကျင့်ချင်ကြတဲ့ အနီးရန်သူ၊ အဝေးရန်သူ (သူလည်း သူ့နိုင်ငံရဲ့အကျိုးစီးပွား အဓိကထားပြီး) ခိုးချင်သူ၊ လုချင်သူ၊ သိမ်းယူချင်သူတွေက စစ်မျက်နှာအမျိုးမျိုးဖွင့်ပြီး နာလန်မထူအောင်၊ လဲကျပြိုကွဲသွားအောင် အားစိုက်ခွန်စိုက်လုပ်ဆောင်နေကြတာကို မြင်အောင်ကြည့်ပြီး သိအောင်လေ့လာကြရပါမယ်။ မိုက်မဲသူတချို့က သူခိုးကိုဓားရိုးကမ်းတယ်။

ဘယ်နိုင်ငံ၊ ဘယ်သံရုံးက ဘယ်ကွင်းဆက်တွေနဲ့ မြန်မာတိုင်းရင်းသားလူငယ်တွေအပေါ်မှာ ပညာရေးကို စိတ်မဝင်စားအောင်၊ အားကစားကို စိတ်မပါအောင်၊ မျိုးချစ်စိတ်ခန်းခြောက်အောင်၊ တိုင်းရင်းသားချစ်ခင်စည်းလုံးမှုကို ပြိုကွဲမုန်းတီးအောင် နည်းမျိုးစုံနဲ့ သပ်လျှိုသွေးခွဲ ကုန်းချောစကားတွေ နားသွင်းနေကြဆဲပါပဲ။ နိုင်ငံနဲ့ လူမျိုးရဲ့အန္တရာယ်ဟာ အဝေးမှာလည်း ရှိနေတယ်။ အနီးမှာလည်း ပုံဖျက်ရုပ်ပြောင်းအသွင်ယူပြီး ချဉ်းကပ်နှောင့်ယှက်နေကြတယ်။ အမှန်ကို အမှားထင်၊ အဆိုးကို အကောင်းမှတ်။ တလွဲတချော်တွေးခေါ်၊ မဟုတ်တာကို ဟုတ်ယောင်ထင်စေဖို့ရာ ပူးကပ်ပြီး ဒုက္ခပေးနေတာတွေရှိနေကြတယ်။

ပန်းတိုင်ပျောက်အောင် နှောင့်ယှက်တယ်လေ။

CDM ယခင်ကမရှိခဲ့တဲ့ မှိုင်းတိုက်မှု၊ Civil Disobedience Movement တဲ့။ နိုင်ငံတော်အစိုးရက လေ့ကျင့်ပျိုးထောင်ပြီး ပြည်သူတွေအတွက် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုတွေ တာဝန်ယူနေကြရတဲ့ ဆရာ၊ ဆရာမတွေ၊ ဆရာဝန်၊ သူနာပြုတွေများစွာကို ၂၀၂၀ ခုနှစ်ထဲမှာ စာသင်ခန်းထဲက တပည့်စာသင်သား ကျောင်းသား၊ ကျောင်းသူတွေ ပစ်ထားခဲ့ရက်အောင် သွေးထိုးလှုံ့ဆော်နိုင်သွားတယ်။

ရောဂါအမျိုးမျိုး၊ ဝေဒနာအထွေထွေနဲ့ ဆေးရုံဆေးခန်းမှာ ရောက်ရှိနေကြတဲ့ လူနာတွေ၊ မွေးလူနာတွေ၊ ကလေးလူနာတွေ၊ သေလုမျောပါး လူအိုလူနာတွေအားလုံးကို (သမားကျင့်ဝတ်သစ္စာတရားကို ချိုးဖောက်ကာ) မိမိတာဝန်မှစွန့်ခွာပြီး ပျက်ကွက်ရက်အောင်၊ အရှက်အကြောက်ကင်းမဲ့သွားအောင် မှိုင်းတိုက်နိုင်ခဲ့ကြတယ်။ ကြေကွဲစရာသင်ခန်းစာများ။

ဒါဟာ တရားသလား။ မတရားဘူးလား။

ဒါမျိုးဟာ လောကပါလတရားဓမ္မနဲ့ညီပါရဲ့လား။ မိမိကို ပြုစုထောက်ပံ့၊ ပျိုးထောင်ခဲ့တဲ့ မိဘဆရာ အပါအဝင် ကျေးဇူးရှိသူ၊ ကျေးဇူးမကင်းကြသူတွေကို ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ရာရောက်ခဲ့ပါသလား။ ကျေးဇူးကန်းရာရောက်ခဲ့ပါသလား။

ကိုယ်တိုင်စဉ်းစားသိမြင်နိုင်ရင် ကောင်းတာပေါ့။

ရာထူးဘယ်လောက်မြင့်မြင့်၊ ပညာဘွဲ့အတန်းလက်မှတ်တွေ ဘယ်နှခုပဲရခဲ့ရခဲ့ ပုံမှန်အကြောင်းအကျိုး ဆင်ခြင်တုံတရားအသိဉာဏ် (Common Sense) နဲ့ စဉ်းစားရင်တောင် မလွဲမှားနိုင်တဲ့ လမ်းကြောင်းက သွေဖည်ပြီး ဘဝတစ်ခုလုံးပြောင်းလဲရုံမက ပတ်ဝန်းကျင်ကိုပါ ပညာရေးလောက၊ ကျန်းမာရေးလောက ကျန်ရှိထမ်းဆောင်နေကြသူတွေပါ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး ဒုက္ခရောက်ကျန်ရစ်အောင် ပစ်ပယ်ဖျက်ဆီးခဲ့မိတာ။

အလွန်တရာ ရက်စက်မိုက်ရိုင်းတဲ့ ဝါဒမှိုင်းထိုးနှက်ချက်ကြောင့် လူငယ်လူရွယ်ဝန်ထမ်းကောင်း အညွန့်အဖူးလေးတွေဟာ ကျိုးကြေပြိုလဲခဲ့ရတယ်။ လူ့ရဲ့ခံယူချက်နဲ့ အသိအမြင်ကို လှည့်စားဝါးမျိုတဲ့ ဦးနှောက်ဆေးကြောခြင်း စိတ်ဓာတ်စစ်ဆင်ရေး Brain Wash Psychological Warfare ဆိုတာ ကြောက်စရာကောင်းလှတဲ့အန္တရာယ်ဆိုတာ ကြီးမားတဲ့သင်ခန်းစာပဲပေါ့။

မိုးထဲ၊ လေထဲ၊ မုန်တိုင်းထဲက နိုင်ငံနဲ့လူမျိုးကို နစ်မွန်းပြိုလဲမသွားရလေအောင် သာမန်အသိအမြင်နဲ့တင် ထင်ထင်ရှားရှားသိမြင်နားလည်ကြတဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ ကျွမ်းအလုပ်သမား၊ ဆင်းရဲသား၊ တက္ကသိုလ်ပညာ လုံးဝမသင်ခဲ့ရဖူးသူတွေက ကြံ့ကြံ့ခံတွန်းလှန်ဖြတ်သန်းပြီး အောင်မြင်ခဲ့ကြတာ။

ပညာဆိုတာဘာလဲ။ ပညာဆိုတာက အကြောင်းအကျိုး ဆက်စပ်စဉ်းစားတတ်ပြီး အမှန်နဲ့အမှား၊ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့အပြစ်၊ ကောင်းမှုနဲ့မကောင်းမှု ဝေဖန်ပိုင်းခြားခွဲခြားသိမြင်ခြင်း မဟုတ်လား။

ထားကြပါစို့။ ဘယ်သူမှတော့ အမှားမကင်းကြပါ။ ပုထုဇဉ်ဆိုတဲ့ လူသားတွေဟာ အမှားနဲ့အမှန်မဝေခွဲနိုင်ဘဲ ရောထွေးတတ်တာ သဘာဝပါ။ ပြီးခဲ့တာတွေ ပြီးပါစေ။ သင်ခန်းစာ။ နောင်လာနောက်သားမျိုးဆက်သစ် လူငယ်တွေကိုတော့ ဘယ်အရာက ရန်သူ၊ ဘယ်အပြုအမူရှိသူတွေက မိတ်ဆွေ၊ ဘယ်အလုပ်ကို လုပ်မိရင်တော့ အကျိုးဆက်က ဘယ်လောက်ထိ ဆိုးရွားနစ်နာတယ်။ ဘဝ၊ အသက်ကို စွန့်ရရုံမက ဘဝအဆက်ဆက် အပါယ်လေးဘုံထဲမှာ နစ်မွန်းပြီး ဒုက္ခဝဲဩဃထဲ ကျရောက်ရမယ်ဆိုတဲ့ **ပု နဲ့ ပ (ပုည ကုသလ–ကောင်းမှုနဲ့ ပါပဒုစရိုက်–မကောင်းမှု။ ဘုမသိ ဘမသိလို့ ပြောလေ့ရှိကြတဲ့ ပု မှန်း ပ မှန်း ခွဲခြားတတ်ဖို့)** သိသင့်ကြတယ်။

၂၁ ရာစုဟာ ပညာအလွန်မြင့်တဲ့ နိုင်ငံတကာအဆင့်မြင့်ပညာခေတ်ကြီးပါ။ ဘဝတစ်သက်တာလုံး မိမိဘဝ လူတစ်လုံးသူတစ်လုံးဖြစ်ရဖို့အရေးဟာ ပညာကလွဲလို့ အားကိုးစရာမရှိဘူး။ ပညာဟာ ဘဝ၊ ဘဝက ပညာပဲ။ ပညာနဲ့ကင်းကွာပြီး စိတ်ကူးယဉ်အိပ်မက်၊ ကြောင်စီစီအတွေးတွေနဲ့ စိတ်အလိုမလိုက်မိပါစေနဲ့ မောင်တို့မယ်တို့ရေ။ ပညာအစစ်အမှန် လက်ကိုင်ထား၍ ဆက်လက်ကြိုးစားပါလေ။

# လှိုင်းဘွဲ့မြို့နယ် ကုန်းကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှု စစ်ဆေး

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၁၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ၏ လယ်ယာထုတ်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် ကုန်းကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးမြနန္ဒာထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များ၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကုန်းကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ကုန်းကလေးကျေးရွာ၌ လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၇၂ သန်းဖြင့် ဇွဲကပင်မေမေကုမ္ပဏီက ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးသွားပါက ကျေးရွာရှိ အိမ်ခြေ ၆၄ အိမ်၊ လူ ၆၉၄ ဦးတို့၏လယ်ယာထုတ်ကုန်ဧက ၉၀ ကျော် အကျိုးပြုမည်ဖြစ်ကြောင်း ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးမြနန္ဒာထွန်းက ပြောပြ၍ သိရသည်။

**နိုးနိုးကျော်**

# ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာ ဒုတိယပတ်ထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၂ ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၄၁ ခု ဝင်ရောက်ခဲ့



**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇန်နဝါရီလမှဒီဇင်ဘာလ ဒုတိယပတ်ထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၂ ခု နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သစ် ၄၁ ခုတို့ ဝင်ရောက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံး အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြ၍ သိရသည်။

အဆိုပါ လုပ်ငန်းသစ် ၅၃ ခု ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၁၉ ဒသမ ၃၉၆ ဘီလီယံ ကျော်နှင့် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၄၆၂ သန်းရှိကြောင်း၊ အဆို ပါလုပ်ငန်းများတွင် ပြည်တွင်း လုပ်သား ၃၅၇၉၂ ဦးအလုပ်အကိုင် ရရှိခဲ့ကြပြီး လုပ်ငန်းများမှာ စက်မှု လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဇန်နဝါရီလကနေ ဒီဇင် ဘာလ ဒုတိယပတ်ထိ ရင်းနှီးမြှုပ်နှံမှု အသစ် ဝင်ရောက်ခဲ့တဲ့လုပ်ငန်းတွေ ကတော့ ဆန်စက်လုပ်ငန်းတွေ အတွက် အိတ်အမျိုးမျိုးထုတ်လုပ် ရောင်းချတဲ့လုပ်ငန်း၊ CMP စနစ် နဲ့ အဝတ်အထည်အမျိုးမျိုးချုပ်လုပ် တဲ့လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း တွေမှာအသုံးပြုတဲ့ ပလတ်စတစ် အိတ်အမျိုးမျိုးထုတ်လုပ်ပြီး ပြည် တွင်းရှိ CMP အထည်ချုပ်လုပ်ငန်း တွေမှာ ရောင်းချတဲ့လုပ်ငန်း၊ အလှကပ်ပိတ်မျိုးစုံ ထုတ်လုပ်ပြီး ပြည်တွင်းရှိ CMP လုပ်ငန်းတွေကို ရောင်းချတဲ့လုပ်ငန်း၊ ဖွဲ့နဲ့တွေကို တန်ဖိုးမြင့် ထုတ်လုပ်ရောင်းချတဲ့ လုပ်ငန်း၊ CMP စနစ်နဲ့ အိတ်၊ ဖိနပ်အမျိုးမျိုးချုပ်လုပ်တဲ့လုပ်ငန်း၊ အသင့်စား စားသောက်ကုန်ကြာဆံ ခြောက် ထုတ်လုပ်ရောင်းချတဲ့ လုပ်ငန်း၊ ပြည်တွင်းကနေ ငါးနဲ့ ပုစွန်မျိုးစုံကို တန်ဖိုးမြှင့်ပြုပြင်ထုတ် လုပ်တဲ့လုပ်ငန်း၊ ပြည်ပကိုတင်ပို့ ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်း၊ CMP စနစ်နဲ့ ပလတ်စတစ်ပြားထုတ်လုပ် တဲ့လုပ်ငန်း၊ ချည်မျှင် ထုတ်လုပ်တဲ့ လုပ်ငန်းတွေပဲ ဖြစ်ပါတယ်"ဟု ဦးညီညီမင်းက ပြောပြသည်။

အဆိုပါ ကာလအတွင်း ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းသစ်များအပါအဝင် လည်ပတ်လျက်ရှိသည့် လုပ်ငန်းများ ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့် ခြင်း၊ လုပ်သားအင်အားတိုးမြှင့်ခြင်း တို့လည်းရှိခဲ့ကြောင်း၊ ရန်ကုန်တိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း အလုပ်အကိုင်အခွင့် အလမ်းသစ်များ ဖန်တီးပေးနိုင်ရန် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ လစဉ်ခွင့်ပြုပေးလျက် ရှိကြောင်း သိရသည်။

ASH

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ ပန်းနှမ်း လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

**ပွင့်ဖြူ ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူ မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပန်းနှမ်းလျာထား ချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပန်း နှမ်း ၁၁၅ ဧက စိုက်ပျိုးရန် လျာ ထားပြီး ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေကို အမှီပြု၍ နိုဝင်ဘာလ တတိယပတ်က စတင် စိုက်ပျိုးခဲ့ရာ ယခုအခါ ၁၂၇ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက် ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီမှာ ဒေသတွင်း စားသုံးဆီဖူလုံ၊ ပိုလျှံစေဖို့နဲ့ ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက် လာစေဖို့ ရည်ရွယ်ပြီး ပန်းနှမ်းကို တစ်မြို့နယ်လုံး ၁၁၅ ဧကလျာထား စိုက်ပျိုးခဲ့တာ အခု ၁၂၇ ဧက စိုက်ပျိုးနိုင်ခဲ့လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆိုရင် ဆီထွက်သီးနှံစိုက်ပျိုးထုတ် လုပ်မှုအနေနဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း ဆီထွက်သီးနှံလေးမျိုးကို စုစုပေါင်း ၃၁၃၄၇ ဧက စိုက်ပျိုး လျက်ရှိပါတယ်။ ဒေသခံတောင်သူ တွေကိုလဲ ဆီထွက်သီးနှံစိုက်ပျိုးရေး နဲ့ ပတ်သက်ပြီး သီးနှံအထွက်နှုန်း တိုးပွားစေဖို့အတွက် အခြေခံစိုက် ပျိုးရေးနည်းစနစ်တွေကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာ ပေး ဆောင်ရွက်ပေးထားပြီးဖြစ်ပါ တယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုး ဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ကော့ကရိတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကော့ကရိတ် ဒီဇင်ဘာ ၁၉**

ကရင်ပြည်နယ် ကော့ကရိတ် မြို့နယ်အတွင်းရှိ နောင်လီကျေးရွာ နှင့် ကော့ဘော်ကျေးရွာတို့၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးရွာတွင်း လမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေး ရာတွင် ကော့ကရိတ်မြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးစောဆား ဒေါက်ဖော့နှင့် တာဝန်ခံအင်ဂျင် နီယာ ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ နောင်လီကျေးရွာနှင့် ကော့ဘော် ကျေးရွာတို့၌ ကျေးရွာတွင်း ကွန် ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်း နှင့်အညီ အချိန်မီပြီးစီးရေး မှာကြားခဲ့သည်။

နောင်လီကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းနှင့် ကော့ဘော် ကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက် လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းတို့ကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက် တင်ဘာလ ပထမပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၉ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေ ပြီဖြစ်ကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစော ဆားဒေါက်ဖော့က သိရသည်။

အေးမြတ်

# နမ့်စန်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**နမ့်စန် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာ နှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေဖြင့် နမ့်စန်မြို့နယ် ကျေးရွာ နှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ် ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု များကို ဒီဇင်ဘာ ၁၈ ရက် နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ နမ့်စန် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် တာဝန်ရှိသူ များက ပုတ်ပုံကျေးရွာ၊ မတ်လန်း ကျေးရွာတို့၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်းများကို ရေရှည် တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားသည်။



နမ့်စန်မြို့နယ် ပုတ်ပြန်ကျေးရွာ ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၃ ဒသမ ၉၃ သန်းဖြင့် အရှည် တစ်မိုင် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း နှင့် Box Culvert နှစ်စင်း၊ မတ်လန်းကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၆၁ ဒသမ ၈၇၅ သန်းဖြင့် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန် ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် Box Culvert တစ်စင်းတို့ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ က ဇွန်လ ဒုတိယပတ်က စတင် ဆောင်ရွက်ခဲ့ရာယခုအခါလုပ်ငန်း များအားလုံး ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန် ဇော်မျိုးထွန်းထံမှ သိရသည်။

သံသာ

# ကသာခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၃၂၉၄ ဧက လျာထားစိုက်ပျိုးမည်

**ကသာ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာ ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုး ရာသီ၌ စပါး ၂၃၂၉၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် နွေ သီးနှံစိုက်ပျိုးရာသီ၌ နွေစပါး စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၁၄၁၃ ဧက၊ အင်းတော်မြို့နယ်တွင် ၈၄၂ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၁၀၆၂၁ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၄၁၈ ဧက တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကသာခရိုင်မှာ နွေစပါး ဧက နှစ်သောင်းကျော် စိုက်ပျိုးဖို့ အတွက် လျာထားတယ်။လျာထား ဧက ပြည့်မီအောင်တော့ စိုက်ပျိုး သွားမှာပါ။ နွေစပါးစိုက်ပျိုးမှုက တော့ တစ်နှစ်နဲ့တစ်နှစ် တိုးလာတဲ့ အနေအထားမှာ ရှိပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ယခုနှစ် ကသာခရိုင်အတွင်း နွေစပါးစိုက် တောင်သူများ အတွက် သက်ဆိုင်ရာမြို့နယ် စိုက် ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်း နည်းပညာပေး ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ၌ ကသာခရိုင်အတွင်း မိုးစပါး ၁၇၃၆၀၈ ဧက စိုက်ပျိုးရန်လျာထား ခဲ့ရာ ကသာမြို့နယ်တွင် ၃၈၅၀၂ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၄၀၂၇၁ ဧက၊ အင်းတော်မြို့နယ်တွင် ၅၅၉၈၅ ဧကနှင့် ဗန်းမောက်မြို့ နယ်တွင် ၃၈၈၅၇ ဧက စုစုပေါင်း ၁၇၃၆၁၅ ဧက စိုက်ပျိုးခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန မှ သိရသည်။ (၂၀၆)



# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှုနှုန်းမြင့်တက်လာ



**နယူးဒေလီ ဒီဇင်ဘာ ၁၉**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ယနေ့ လေထုညစ်ညမ်းမှုနှုန်းမြင့်တက်လာကြောင်း အိန္ဒိယဗဟို လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဘုတ်အဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု NIE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

နယူးဒေလီမြို့တွင် ယနေ့ အစောပိုင်းမှစတင်၍ ကောင်းကင်တွင် မြူဆိုင်းလာပြီး လေတိုက်နှုန်း ငြိမ်သက်ကာ လေထုညစ်ညမ်းမှုနှုန်းမြင့်တက်လာခဲ့ကြောင်း၊ နယူးဒေလီမြို့တွင် ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှု ပမာဏသည် ရင်ကျပ်ရောဂါရှိသူများနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာရှိသူများကို အန္တရာယ်ပြုနိုင်သည့် အခြေအနေဖြစ်ကြောင်း နယူးဒေလီကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

လက်ရှိ နယူးဒေလီမြို့တွင် ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုညွှန်းကိန်းပမာဏမှာ ၄၅၇ ထိရောက်ရှိနေပြီး သန့်စင်သည့် လေထုညွှန်းကိန်းတွင်မရှိဘဲ ညစ်ညမ်းမှုပမာဏ ကိုးဆထိ မြင့်မားနေခြင်းကြောင့် ရင်ကျပ်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာရှိသူများ၏ အသက်အန္တရာယ်ကိုပင် ခြိမ်းခြောက်နေကြောင်း အိန္ဒိယဗဟိုလေထုညစ်ညမ်းမှုထိန်းချုပ်ရေးဘုတ်အဖွဲ့က သတိပေးခဲ့သည်။

အိန္ဒိယလေထုအရည်အသွေး၊ မိုးလေဝသခန့်မှန်းချက်နှင့် သုတေသနအဖွဲ့၏ ထုတ်ပြန်ချက်အရ နယူးဒေလီမြို့တွင် လေတိုက်နှုန်းကျဆင်းလာပြီး ညစ်ညမ်းနေသည့် လေထုများမှာ နယူးဒေလီမြို့ဧရိယာအတွင်း၌ငြိမ်သက်နေသည့်အတွက် လေထုညစ်ညမ်းမှုညွှန်းကိန်းပမာဏ တစ်ဟုန်ထိုးမြင့်တက်လာခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

လေထုညစ်ညမ်းမှု ပမာဏ လျော့ကျလာရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများ ခေတ္တရပ်ဆိုင်းခြင်း၊ လမ်းမပေါ်တွင် ရေဖျန်းပေးခြင်း၊ ဒီဇယ်လောင်စာသုံး မော်တော်ကားများ အသုံးပြုမှုကို ခေတ္တရပ်ဆိုင်းခြင်းတို့ပြုလုပ်မှသာ လေထုညစ်ညမ်းမှုပမာဏကို လျှော့ချနိုင်မည်ဖြစ်ကြောင်း အိန္ဒိယလေထုအရည်အသွေး၊ မိုးလေဝသခန့်မှန်းချက်နှင့် သုတေသနအဖွဲ့က အကြံပြုချက် ထုတ်ပြန်ခဲ့သည်။

ယခုကဲ့သို့ လေထုညစ်ညမ်းမှုဖြစ်ပေါ်လာရခြင်းမှာလည်း ပန်ချပ်ပြည်နယ်၊ ဟာယာနာပြည်နယ်နှင့် အင်ဒရာပရာဒက်ရှ်ပြည်နယ်တို့တွင် ကောက်ပဲသီးနှံအကြွင်းအကျန်များကို မီးရှို့ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း အိန္ဒိယလေထုအရည်အသွေး၊ မိုးလေဝသခန့်မှန်းချက်နှင့် သုတေသနအဖွဲ့က ထောက်ပြခဲ့ကြောင်း သိရသည်။

**ရိုင်းဆက်**

# မလေးရှားနိုင်ငံ တီရန်ဂနူပြည်နယ်တွင် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၉**

မလေးရှားနိုင်ငံ တီရန်ဂနူပြည်နယ်တွင် ရေကြီးရေလျှံမှုအခြေအနေမှာ ပိုမိုဆိုးရွားလာသောကြောင့် ပြည်သူများအနေဖြင့်သတိထားနေထိုင်ကြရန်၊ ထိတ်လန့်မှုများ မဖြစ်ကြရန်၊ သက်ဆိုင်ရာက ထုတ်ပြန်သောသတိပေးချက်ကို လိုက်နာဆောင်ရွက်ကြရန် ပြည်နယ်သဘာဝဘေးကော်မတီက ဒီဇင်ဘာ ၁၈ ရက်က ကြေညာချက်ထုတ်ပြန်ထားသည်ဟု The Straits Times သတင်းဌာနက ဒီဇင်ဘာ ၁၈ ရက်က ရေးသားဖော်ပြထားသည်။

တီရန်ဂနူပြည်နယ် သဘာဝဘေးကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူ Hanafiah Mat က ပြည်နယ်အတွင်းရှိ ခရိုင်ခြောက်ခုတွင် ရေကြီးမှုအခြေအနေမှာ ဆိုးရွားလျက်ရှိပြီး သဘာဝဘေးဒဏ်ခံနေရသော ဒေသခံများအနေဖြင့် အာဏာပိုင်များက ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာရန်နှင့် အထူးသဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခိုင်းပါက အမြန်ဆုံးရွှေ့ပြောင်းကြရန် ပြောကြားခဲ့သည်။

"မလေးရှားမိုးလေဝသဌာနက ဒီဇင်ဘာ ၂၂ ရက်ထိ မိုးသည်းထန်စွာရွာမယ်လို့ ခန့်မှန်းထားတဲ့အတွက် ပြည်သူတွေ သတိရှိဖို့လိုပါတယ်"ဟု Hanafiah Mat က ပြောကြားခဲ့သည်။

တီရန်ဂနူပြည်နယ်အတွင်း Marang ခရိုင်နှင့် Kuala Neru ခရိုင်နှစ်ခုသာ ရေလွှမ်းမိုးမှုဒဏ် မခံရသေးကြောင်း၊ ယခုဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုသည် ယခုလအစောပိုင်းတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုထက် ပိုမိုဆိုးရွားနိုင်ကြောင်း Hanafiah Mat က ဆက်လက်ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်ခံစားနေကြရသည့် ခရိုင်ခြောက်ခုရှိ ပြည်သူများကို ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပို့ဆောင်ရာတွင် ယခုအချိန်ထိ ချောမွေ့စွာဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါလုပ်ငန်းများတွင်ပါဝင်ကြသော မြို့ပြကာကွယ်ရေးတပ်ဖွဲ့၊ မလေးရှားမီးသတ်နှင့် ကယ်ဆယ်ရေးဌာန၊ မလေးရှားစေတနာ့ဝန်ထမ်းတပ်ဖွဲ့ဌာနတို့အပါအဝင် ကယ်ဆယ်ရေးအေဂျင်စီများ၏ ပူးပေါင်းပါဝင်မှုအပေါ် ကျေးဇူးတင်ကျေနပ်မိကြောင်း ၎င်းက ပြောကြားခဲ့သည်။

AZH

# ဖိလစ်ပိုင်နိုင်ငံ ကျေးရွာအချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွား

**မနီလာ ဒီဇင်ဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံ Camarines Sur ပြည်နယ် ကျေးရွာအချို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ရေးရုံး၏အရာရှိ Luzena Bermeo က ဒီဇင်ဘာ ၁၈ ရက်က ပြောကြားခဲ့သည်ဟု Inquirer net သတင်းဌာနက ဒီဇင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ Camarines Sur ပြည်နယ် Caramoan၊ Goa၊ Lagonoy၊ Presentacion၊ San Jose၊ Tinambac နှင့် Bombon မြို့တို့မှ ကျေးရွာ ၁၅ ရွာတွင် ဒီဇင်ဘာ ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီး၊ မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ပြည်နယ်အတွင်းရှိ အဝေးပြေးလမ်းများတွင် မော်တော်ယာဉ်များသွားလာခွင့်ကို ပိတ်ထားကြောင်း အဆိုပါရုံးမှထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်နယ်အတွင်းရှိကျေးရွာများတွင် ရေကြီး၊ မြေပြိုမှုများကြောင့် ဒေသခံအမြောက်အမြားဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြရပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး Vincenzo Renato Luigi Villafuerte က ပြည်နယ်အတွင်း အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် အနီရောင်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။



အဆိုပါပြည်နယ်တွင် ယခုအပတ်အစောပိုင်းကတည်းကပင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ကမ်းခြေနှင့်နီးသောဒေသတွင်နေထိုင်သူများကို သတိပြုနေထိုင်ကြရန်နှင့် ပင်လယ်ပြင်ထွက်ခွာခွင့်ကိုလည်း ကမ်းခြေစောင့်တပ်ဖွဲ့များက ကန့်သတ်ထားကြောင်း သိရသည်။

ရေကြီး၊ မြေပြိုမှုကြောင့်သေဆုံးမှုများမရှိသေးကြောင်း၊ မိုးရွာသွန်းမှု ဆက်လက်ဖြစ်ပေါ်နေသဖြင့် သတိထားနေထိုင်ကြရန် ဖိလစ်ပိုင်လေထုဆိုင်ရာ ဘူမိရူပနှင့်နက္ခတ္တဗေဒဝန်ဆောင်မှုများ စီမံခန့်ခွဲရေးဌာနက သတိပေးထားကြောင်း သိရသည်။

AZH

# အယ်လ်ဂျီးရီးယားနိုင်ငံတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အဆောက်အအုံတချို့ ပျက်စီး

**အယ်လ်ဂျီးယားစ် ဒီဇင်ဘာ ၁၉**

အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျီးယားစ်မြို့တွင် ဒီဇင်ဘာ ၁၈ ရက်က အားကောင်းသည့် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံ တချို့ ပျက်စီးခဲ့ကြောင်း အယ်လ်ဂျီးရီးယား အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်ဟု Fox 8 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းကြောင့် ပျက်စီးသွားသည့် အခြေခံအဆောက်အအုံများကိုစိစစ်နေဆဲဖြစ်ပြီး ပျက်စီးသွားသည့် အခြေခံအဆောက်အအုံတွင် နှစ်ပေါင်း ၁၈၀ သက်တမ်းရှိ ဘုရားရှိခိုးကျောင်းလည်းပါဝင်နေကြောင်း၊ အယ်လ်ဂျီးယားစ်မြို့ရှိ စိန့်မက်ဘက်တစ် ဘုရားရှိခိုးကျောင်းသည် အယ်လ်ဂျီးရီးယားနိုင်ငံ၏ သမိုင်းဝင် အဆောက်အအုံတစ်လုံးဖြစ်ပြီး လေဆင်နှာမောင်းကြောင့် ရာနှုန်းပြည့်ပျက်စီးခဲ့ရသည်။ စိန့်မက်ဘက်တစ် ဘုရားရှိခိုးကျောင်းသည် ဒီဇင်ဘာ ၁၄ ရက်ကလည်း လေဆင်နှာမောင်းဒဏ် သင့်ခဲ့ရပြီးနောက် ဒီဇင်ဘာ ၁၈ ရက်တွင် အားကောင်းသည့် လေဆင်နှာမောင်း ထပ်မံတိုက်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက်ကြောင့် ပြိုကျပျက်စီးခဲ့သည်။ အခြေခံအဆောက်အအုံတချို့နှင့် သမိုင်းဝင် ဘုရားရှိခိုးကျောင်း ပျက်စီးခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း အယ်လ်ဂျီးရီးယားအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"သင်းထောက်ဆရာက ကျွန်တော့်ကိုဖုန်းဆက်လာတယ်။ သင်းအုပ်ဆရာကြီး ဒီသတင်းကိုကြားရင် ယုံချင်မှယုံလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ဘုရားရှိခိုးကျောင်း တကယ်ပြိုကျသွားခဲ့ပြီဆိုပြီး ဖုန်းဆက် အသိပေးလာတယ်။ ကျွန်တော် ဘယ်လိုမှမယုံကြည်နိုင်ခဲ့ဘူး။ ကျွန်တော် သွားကြည့်တယ်။ တကယ်ကို ပြိုကျပျက်စီးခဲ့တယ်။ မယုံကြည်နိုင်လောက်အောင်ဖြစ်ရသလို၊ စိတ်ပျက်ဝမ်းနည်းမိသလို၊ အိပ်မက်ဆိုးမက်နေရသလိုဖြစ်ခဲ့ရတယ်"ဟု သင်းအုပ်ဆရာလွန်နီဝီလျံက ပြောကြားခဲ့သည်။ **ရိုင်းဆက်**

# COP15 ညီလာခံတွင် ကမ္ဘာ့ကုန်းမြေနှင့် ရေထုကာကွယ်ရေးသဘောတူညီချက်ရရှိရန် နီးစပ်နေ

**အော့တဝါ ဒီဇင်ဘာ ၁၉**

ကနေဒါနိုင်ငံ မွန်ထရီရယ်တွင် ဒီဇင်ဘာ ၈ ရက်မှ ၂၀ ရက်အတွင်း ကျင်းပပြုလုပ်နေသည့် တရုတ်နိုင်ငံကဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော မွန်ထရီရယ်ဇီဝမျိုးစုံမျိုးကွဲညီလာခံ (COP-15) တွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များကြား ကမ္ဘာ့ကုန်းမြေနှင့် ရေထုဧရိယာကာကွယ်ရေးသဘောတူညီချက်ရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း CBS သတင်းဌာနက ယနေ့ ရေးသားဖော်ပြသွားခဲ့သည်။

ဆွေးနွေးမှုအရ ၂၀၃၀ ပြည့်နှစ်အရောက်တွင် သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ကုန်းမြေနှင့် ရေထုဧရိယာ ၃၀ ရာခိုင်နှုန်းကို ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ပြီး ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ COP-15 ညီလာခံတွင် တက်ရောက်လာသည့် ကိုယ်စားလှယ်တော်များကြား ဆွေးနွေးမှုများမှာ အပြုသဘောဆောင်သလို အမှန်တကယ်အကျိုးရှိနိုင်သည့် ဆွေးနွေးမှုများဖြစ်သည့်အတွက် ဆွေးနွေးမှုများကို ကိုယ်စားလှယ်များက သဘောတူလက်ခံထားကြသည်။

"ညီလာခံကို တက်ရောက်လာတဲ့ နိုင်ငံအသီးသီးက ကိုယ်စားလှယ်တော်တွေကြား ဆွေးနွေးမှုတွေက အပြုသဘောဆောင်ပါတယ်။ သဘာဝအရင်းအမြစ်နဲ့ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးရည်မှန်းချက်တွေကို ချိန်ညှိနိုင်ဖို့အတွက် အလားအလာရှိတဲ့ ဆွေးနွေးမှုတွေ ပြုလုပ်သွားဖို့ လိုအပ်နေပါသေးတယ်။ တက်ရောက်လာတဲ့ကိုယ်စားလှယ်တော်တွေကြား အရေးပါတဲ့ ခြေလှမ်းသစ်တစ်လှမ်းကို လှမ်းနိုင်ခဲ့ပြီလို့ ယုံကြည်တယ်"ဟု COP15 ညီလာခံနှင့်ပတ်သက်ပြီး ကိုလံဘီယာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဆူဇန်နာက ပြောကြားခဲ့သည်။

**ရိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ယဉ်ကျေးလိမ္မာ သိမှတ်ဖွယ်ရာ အပိုင်း(၁)

**နုခန့်ယဉ်(ရစ်ကန်ကြီး)**

ယဉ်ကျေးခြင်းဟူသည်မှာ ကိုယ်နှုတ်နှလုံးသုံးပါး စလုံးတွင် သင့်လျော်၏၊ မသင့်လျော်၏ကို ဝေဖန်သုံးသပ်၍ ပြုမူနေထိုင်ခြင်းကိုဆိုလိုသည်။ လိမ္မာခြင်းဟူသည်ကား လူမှုရေး၊ ပညာရေး၊ စီးပွားရေးစသောနယ်ပယ်အသီးသီးတွင် သင်ယူတတ်မြောက်လွယ်ခြင်း၊ နာခံတတ်ခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ယဉ်ကျေးလိမ္မာခြင်းဆိုသည်မှာ ဗုဒ္ဓတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်၍ မကောင်းမှုဟူသမျှကို ဖယ်ကြဉ်နိုင်သည့်အသိတရားပြည့်ဝခြင်းပင်ဖြစ်သည်။

**ယဉ်ကျေးမှု**

ယဉ်ကျေးမှုတိုင်းတွင် ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းနှင့် ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုဟူ၍ သီးခြားတည်ရှိသည်။ သူတစ်ပါး၏ယဉ်ကျေးမှုကိုလေ့လာခြင်းသည် ဒေသခံများနှင့်ဆက်ဆံသည့်အခါ ရင်းနှီးနွေးထွေးသောဆက်ဆံရေးကို တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ နားလည်မှုလွဲစေနိုင်သည့် အသေးအဖွဲကိစ္စများကိုလည်း ရှောင်လွှဲနိုင်ပါလိမ့်မည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်သည့်အလျောက် ဗုဒ္ဓတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြသောကြောင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် ယဉ်ကျေးမှုစနစ်များသည် မရှိမဖြစ်လိုအပ်သော အရေးကြီးသည့်အချက်ဖြစ်သည်။

**အထွေထွေယဉ်ကျေးခြင်း**

အထွေထွေယဉ်ကျေးခြင်းသည် ယဉ်ကျေးမှုအရပ်ရပ်ထဲတွင် တစ်ချက်အပါအဝင်ဖြစ်သည်။ အထွေထွေယဉ်ကျေးခြင်းတွင် ယေဘုယျအားဖြင့် ၂၁ မျိုးရှိသည်။ ထို ၂၁ မျိုးထဲမှ ၁၀ မျိုးကို မြန်မာ့ယဉ်ကျေးမှုနှင့်လျော်ညီစွာ ကျင့်ကြံပြုမူနေထိုင်နိုင်ရန်ဖော်ပြပါမည်။

၁။ လူကြီးလူကောင်းများနှင့် လည်းကောင်း၊ သူစိမ်းများနှင့်လည်းကောင်း စကားပြောလျှင် ခေါင်းငုံ့၍မပြောပါနှင့်။ ထိုသူကိုကြည့်၍ပြောရာ၏။ မိမိထက်အသက်အရွယ်ကြီးသူနှင့်ဖြစ်စေ၊ မိမိထက်ဉာဏ်ပညာကြီးသူနှင့်ဖြစ်စေ၊ မိမိထက်ဝါကြီးသူနှင့်ဖြစ်စေ၊ မိမိနှင့်မရင်းနှီးသေးသောသူများနှင့်ဖြစ်စေ စကားပြောဆိုသည့်အခါ မထီမဲ့မြင်ပုံစံမျိုးမပြောဆိုမိစေရန် အရေးကြီးသည်။ ထိုသူများနှင့်စကားပြောဆိုသည့်အခါ လေးလေးစားစားပြောဆိုရမည်။ လူတစ်ဦးအပေါ်တွင် မိမိ၏စိတ်သည် အလေးအနက်ထား၍ ကိုယ်ဟန်အမူအရာကိုပါ သတိထားပြောဆိုကြရမည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်နှင့် စကားပြောဆိုသည့်အခါ ခေါင်းငုံ့၍ဂရုမစိုက်သကဲ့သို့ ပြုမူခြင်းကိုရှောင်ကြဉ်ကြရပေမည်။

၂။ စကားပြောဆိုရာတွင် ရှက်ကိုးရှက်ကန်းလည်း မဖြစ်နှင့်။ ရဲတင်းလွန်းသော အမူအရာဖြင့် မဖွယ်မရာလည်းမပြုနှင့်။ (သူတစ်ပါးသည် သင့်အား အပြစ်ရှာနေသည်ဟု မထင်လေနှင့်။) စကားပြောဆိုရာတွင် မလိုအပ်ဘဲ မငုံ့မရဲသောဟန်အမူအရာများ၊ ချိုအီနွဲ့နှောင်းသောအမူအရာများဖြင့် ပြောဆိုရန်မသင့်ပါ။ သူတစ်ပါး၏ ကိုယ်စိတ်နှစ်ပါးကို စိတ်အနှောင့်အယှက်ဖြစ်စေတတ်၍ရှောင်ကြဉ်ရပါမည်။ ထို့ပြင် ပွင့်လင်းသည်ဟူသောအမူအရာထက် သာလွန်သောရဲတင်းရောနှောသည့်အပြုအမူဖြင့်လည်း စကားပြောဆိုခြင်းကို ရှောင်ကြဉ်ရပါမည်။

၃။ သူတစ်ပါးစကားပြောလျှင် ကြားဖြတ်၍မပြောရ။ ထိုသူ၏စကားကို ဆုံးအောင်စောင့်ဆိုင်းရာ၏။ အကယ်၍ စိတ်မပါသည့်တိုင်အောင် စိတ်မပါသည့်အမူအရာကိုမပြဘဲ စိတ်ပါသကဲ့သို့ နားထောင်ရာ၏။ တစ်ဦးနှင့်တစ်ဦးစကားပြောသည့်အခါ တစ်ဦး၏စကားကို အခြားတစ်ဦးက လေးစားစွာနားထောင်ရမည်။ တစ်ဦး၏စကားပြောခြင်းမပြီးဆုံးမီ မိမိပြောလိုသောအချက်ကို ကြားဖြတ်ပြောဆိုလိုက်ပါက ထိုသူကို မလေးစားရာရောက်သည်။ တစ်ဦး၏စကားပြီးဆုံးသည်ထိ မစောင့်ဆိုင်းဘဲ ကြားဖြတ်ပြောဆိုလိုက်သည့်အခါ အခြားသူ၏စကားအဓိပ္ပာယ်ကို သေချာမသိဘဲ လွဲမှားခြင်းများဖြစ်တတ်သည်။ ထိုအခါ မလိုအပ်ဘဲ ခိုက်ရန်စကားများခြင်းကိုဖြစ်စေတတ်သည်။ တစ်ဦး၏စကားကို တစ်ဦးက မစောင့်ဆိုင်းဘဲပြောဆိုသည့်အခါ စကားနိုင်လုသကဲ့သို့ဖြစ်နေလိမ့်မည်။ အခြားသူ၏စကားကို ပြီးဆုံးအောင်နားထောင်ရန်စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ ထိုသူ၏စကားအဓိပ္ပာယ်ကိုနားလည်ရန်အတွက် စောင့်ဆိုင်း၍ နားထောင်သင့်ပေသည်။

၄။ ဖြည့်စွက်၍ပြောရန်ရှိသော်လည်း ထိုသူစကားပြီးဆုံးမှ ယဉ်ကျေးသောအမူအရာနှင့် ရှိသေစွာဖြည့်စွက်ရမည်။ (မိမိတတ်ကျွမ်းနားလည်ကြောင်းပြလိုသည့်သဘော၊ ဆရာလုပ်လိုသည့်သဘောဖြင့် ပြောဆိုခြင်းမပြုရ)။ တစ်ပါးသူ၏ပြောစကားများသည် ပြည့်စုံမှုမရှိသော်လည်း သည်းခံ၍နားထောင်ရမည်။ တစ်ပါးသူပြောစကားပြီးဆုံးမှသာလျှင် လိုအပ်သောအချက်များကို မိမိဘက်က တလေးတစားနှင့် ထောက်ပြ၍ဖြည့်စွက်ကြရမည်။ မိမိအထင်၊ မိမိအမြင်ဖြင့် လိုရာကိုသာ ဇွတ်အတင်းပြောဆိုလျှင် ငါသိငါတတ်သဘောပြောသည်ဟုသာ လူအများက မှတ်ချက်ပြုကြပေလိမ့်မည်။ နောက်နောင်အခါ၌ မိမိနှင့်စကားပြောဆိုရန် လူအများက ရှောင်ကြဉ်ခြင်းကို ခံရပေလိမ့်မည်။ ထို့ကြောင့် ဦးစွာနားထောင်ပါဟူသည့်အချက်ကို စကားပြောဆိုရာတွင် မမေ့လျော့သင့်ပေ။

> ❖ သူတစ်ပါးစကားပြောလျှင် ကြားဖြတ်၍မပြောရ။ ထိုသူ၏စကားကို ဆုံးအောင်စောင့်ဆိုင်းရာ၏။ အကယ်၍ စိတ်မပါသည့်တိုင်အောင် စိတ်မပါသည့်အမူအရာကိုမပြဘဲ စိတ်ပါသကဲ့သို့ နားထောင်ရာ၏။ တစ်ဦးနှင့်တစ်ဦးစကားပြောသည့်အခါ တစ်ဦး၏စကားကို အခြားတစ်ဦးက လေးစားစွာနားထောင်ရမည်။ တစ်ဦး၏စကားပြောခြင်းမပြီးဆုံးမီ မိမိပြောလိုသောအချက်ကို ကြားဖြတ်ပြောဆိုလိုက်ပါက ထိုသူကို မလေးစားရာရောက်သည်။ ❖

၅။ သူတစ်ပါး၏အပြစ်ကိုမပြောဘဲ ရှောင်ကြဉ်ရာ၏။ သို့မဟုတ် အကောင်းကိုသာလျှင် ပြောရာ၏။ အကောင်းချီးမွမ်းရန်မရှိလျှင် မပြောဘဲနေရာ၏။ လောကသဘာဝတရားတွင် အကောင်းနှင့်အဆိုးသည် ဒွန်တွဲနေပေသည်။ ထို့ကြောင့် အပြစ်မပြုဖူးသောပုဂ္ဂိုလ်ဟူသည်မှာ ရှားပါးပေသည်။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏အပြစ်ကို တွေ့မြင်သည်ဆိုပါစို့။ အချိန်အခါအခြေအနေအပေါ်တွင်မူတည်၍ ပြောသင့်မပြောသင့်သည်ကိုသုံးသပ်ရမည်ဖြစ်သည်။ အပြစ်မြင်တိုင်းပြောနေမည်ဆိုလျှင် ဘယ်သောအခါမျှ အေးချမ်းမည်မဟုတ်ပေ။ အပြစ်တစ်စုံတစ်ရာကိုတွေ့၍ပြောမည်ဆိုလျှင်လည်း ထိုသူ၏ကောင်းခြင်းကို ဦးစွာချီးမွမ်းကြရမည်။ ချီးမွမ်းပြီးမှသာလျှင် ပြုခဲ့သောအပြစ်နှင့် နှိုင်းယှဉ်စံပြု၍ အပြစ်ကိုထောက်ပြရမည်။ ချီးမွမ်းရမည့်အကြောင်းမရှိလျှင် အပြစ်တစ်စုံတစ်ရာကိုလည်းမပြောဘဲ သင့်လျော်သလို ရှောင်ကြဉ်ကြရပေမည်။

၆။ ဒေါသထွက်နေသူတစ်ဦးနှင့် အတုံ့အပြန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ရာ၏။ တစ်ယူသန်သူနှင့်လည်း ယှဉ်ပြိုင်ပြောဆိုခြင်းမပြုအပ်။ ထိုသူနှင့် မလွဲမရှောင်သာ၍ပြောရလျှင် ဖြည်းညင်းစွာ၊ ချိုသာစွာပြောဆိုအပ်၏။ လူသားတို့၏ဘဝကို စိတ်ကဆောင်သည်။ စိတ်နောက်ကိုယ်ပါဆိုသည့်အတိုင်း စိတ်၏စေရာနောက်သို့ လူသားတို့လိုက်ပါပြုမူဆောင်ရွက်ကြသည်။ စိတ်၏အလိုအတိုင်း မဆောင်ရွက်မိစေရန်သတိတရားဖြင့်ထိန်းချုပ်နေထိုင်ကြရခြင်းဖြစ်သည်။ ထို့ကြောင့် နူးညံ့သိမ်မွေ့သည့်အချိန်အခါများစွာရှိသကဲ့သို့ ကြမ်းတမ်းခက်ထန်သည့်၊ ဒေါသထွက်သည့်အချိန်အခါများလည်းတစ်ခါတစ်ရံရှိတတ်သည်။ ဒေါသထွက်သူသည် သွေးပူ၏။ တစ်နည်းအားဖြင့် သွေးဆူသောကြောင့် သွေးလည်ပတ်မှုသည် သာမန်ထက်ပိုမိုလျင်မြန်ပြီး နှလုံးနှင့်ဦးနှောက်ကိုထိခိုက်၏။ ထို့ကြောင့်ဒေါသထွက်နေချိန်တွင် အမှားအမှန်ချင့်ချိန်နိုင်မှုအားနည်းတတ်သည်။ ထိုသို့ဒေါသထွက်နေသူကို စကားများများပြောရန်မသင့်ပါ။ တစ်ဦးနှင့်တစ်ဦး မဖြစ်မနေစကားပြောရမည့်အခြေအနေရှိခဲ့လျှင်လည်း ဒေါသထွက်နေချိန်၌ မပြောမိရန် သတိပြုကြရမည်။ အချို့သူများသည် သက္ကာယဒိဋ္ဌိဟူသော ငါစွဲရှိ၏။ မိမိပြုလုပ်သည့်အရာ၊ မိမိပြောဆိုသည့်အကြောင်းသာလျှင် အမှန်တရားဟု လက်ကိုင်ထားတတ်ကြသည်။ ကံအကြောင်းကြောင့် အလိုရှိတိုင်းရနေသူတစ်ဦးသည် မိမိပြုလုပ်တိုင်းအကောင်းဖြစ်သည်ဟု မှတ်ယူထားတတ်ကြသည်။ တစ်နည်းအားဖြင့်ဆိုရသော် ထိုသူများသည် တစ်ယူသန်သူများပင်ဖြစ်သည်။ ထိုသို့သောသူများနှင့်တုပြိုင်၍ပြောဆိုလျှင် မိမိသာမကျေနပ်မှုကိုခံစားကြရမည်။ ထိုသူသည် မိမိပြောဆိုသောစကားကို လက်ခံမည်မဟုတ်ချေ။ ထို့ကြောင့် တစ်ယူသန်သမားများနှင့်စကားပြောဆိုခြင်းကို ရှောင်ကြဉ်သင့်သည်။ မဖြစ်မနေပြောဆိုမည်ဆိုလျှင် မိမိကိုယ်ကိုသာနှိမ့်ချ၍ဆက်ဆံပြောဆိုကြရမည်ဖြစ်သည်။

၇။ မိတ်ဆွေအချင်းချင်းပင်လျှင် မနှစ်သက်ဖွယ်သောစကား၊ အကျိုးမရှိသောစကားကို မပြောသင့်ပေ။ လူသားဟူသည် မိသားစု၊ မိတ်ဆွေ၊ ပတ်ဝန်းကျင်တို့နှင့် ပေါင်းသင်းဆက်ဆံ၍ နေထိုင်ကြရသည်။ ထိုသို့ ပေါင်းသင်းဆက်ဆံရာတွင် မိတ်ဆွေတစ်ဦး၏ အားနည်းချက်၊ စိတ်နေသဘောထားတို့နှင့်တိုက်ရိုက်သက်ဆိုင်သောစကားမျိုးကိုမပြောမိစေရန်ရှောင်ကြဉ်ကြရမည်။ အမြဲတမ်းပြောနေကျစကားဟုဆိုသော်လည်း တစ်ခါတစ်ရံစိတ်အခန့်မသင့်သည့်အခါ ခိုက်ရန်ဖြစ်ပွားတတ်သည်။ အချစ်ဆုံးမိတ်ဆွေများသည် အမုန်းဆုံးဖြစ်သွားကြသည်မှာ ဤအကြောင်းအရာကြောင့်ပင်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်မနှစ်သက်သောစကားဖြင့် ပြက်ရယ်မပြုသင့်ပေ။

၈။ လူကြီးလူကောင်း၊ မိကောင်းဖခင်သားသမီးပီသစွာ ရိုင်းပျသောစကားအသုံးအနှုန်းကိုရှောင်ကြဉ်ရာ၏။ စိတ်ဆိုးသောအခါမှာပင် မသုံးမိရန်သတိထားရာ၏။ (လျှာကိုထိန်းနိုင်လျှင် ကိုယ်ကိုထိန်းနိုင်လာလိမ့်မည်)။ စကားပြောဆိုသည့်အခါ အပြောအဆိုလိမ္မာယဉ်ကျေးရန်လိုအပ်သည်။ "မင်္ဂလာပါ"ဟု နှုတ်ဆက်ခြင်းနှင့် "ဟေ့"ဟုနှုတ်ဆက်ခြင်းတို့တွင် ကြားရသူများအတွက် ခံစားမှုရသများစွာကွာခြားသည်။ "ဟုတ်ကဲ့"ဟူသောစကားလုံးနှင့် "အင်း"ဟူသောစကားလုံးတို့ကိုနှိုင်းယှဉ်ကြည့်လျှင်လည်း လေးစားမှုအတိုင်းအတာကွာခြားသည်ကို တွေ့မြင်ကြရသည်။ အသံဟူသည်ကား "နား"ကိုတန်ဆာဆင်သည့်အလျောက် ချိုသာသောသံစဉ်ဖြင့် တန်ဆာဆင်ခြင်းသာလျှင် မင်္ဂလာရှိပေသည်။ လျှာသည် အရသာကောင်း၊ မကောင်းကိုသိ၏။ ကောင်းမွန်သောအရသာသည် အာဟာရကိုဖြစ်စေနိုင်သကဲ့သို့ သာယာသောအသံသည်သာလျှင် ကောင်းခြင်းမင်္ဂလာနှင့်ပြည့်စုံစေသည်။ ထို့ကြောင့် ရှင်မဟာရဋ္ဌသာရက "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့၊ ချိုလှစေ"ဟု ရေးသားဆုံးမခဲ့ခြင်းဖြစ်သည်။

၉။ မကောင်းသောစကားကို မပြောမိစေရန်၊ မကောင်းသောအလုပ်ကိုမလုပ်မိစေရန် သတိကြီးစွာထားရာ၏။ သူတစ်ပါးပြောဆိုလုပ်ကိုင်နေပါလျှင် ရှောင်၍သွားရာ၏။ တစ်စုံတစ်ရာကို အားပေးခြင်းမပြုဘဲ ဆိတ်ဆိတ်နေရာ၏။ ရွယ်တူချင်းဖြစ်သော်ဆုံးမရာ၏။ လူတစ်ဦးတစ်ယောက်ကို အပျော်အပြက်သဘောဖြင့်ပြောလိုက်သောစကားသည် ထိုသူ၏စိတ်ပိုင်းဆိုင်ရာသာမက လုပ်ငန်းပိုင်းဆိုင်ရာကိုပါ ထိခိုက်နိုင်သည်ကို သတိပြုကြရမည်။ မကောင်းသောစကားကိုဆိုခြင်းထက် မင်္ဂလာရှိသောစကားကိုဆိုခြင်းသည် နှစ်ဦးနှစ်ဖက်ကောင်းခြင်းအကျိုးတရားများဖြစ်စေသည်။ လူသားတို့သည် မည်သည့်အကျိုးတစ်စုံတစ်ရာကိုဖြစ်စေကာမူ မကောင်းသောအလုပ်အကိုင်ဟူသမျှရှောင်ကြဉ်ကြရမည်။ မကောင်းသောအလုပ်သည် ဒုစရိုက်ဖြစ်၍ ကောင်းသောသုစရိုက်များကိုပြုမူဆောင်ရွက်ရန်ကြိုးစားကြရပေမည်။ အကယ်၍ ဒုစရိုက်တရားများပြုမူနေသည်ကို တွေ့လျှင်သော်လည်းကောင်း၊ မကောင်းသောနှုတ်ရေးများပြောဆိုနေလျှင်သော်လည်းကောင်း အားပေးအားမြှောက်မပြုသင့်ပေ။ အကုသိုလ်ကို အခမဲ့ယူဆောင်ခြင်းသည် ပို၍ပင်အပြစ်ကြီးသည်ကို သိရှိကြရမည်။

၁၀။ မိမိနှင့်မဆိုင်သောနေရာ၊ အရာဝတ္ထုပစ္စည်း၊ အလုပ်အကိုင်များတွင် မပါဝင်ဘဲ ရှောင်ကြဉ်ရာ၏။ ကိုယ့်နေရာကိုယ်နေဟူသည်မှာ မိမိနှင့်သင့်လျော်သောနေရာ၌သာ ဆိုလိုသည်။ ဥပမာအားဖြင့်ဆရာဝန်တစ်ယောက်သည် ရှေ့နေနေရာတွင်နေ၍မရသကဲ့သို့ ရှေ့နေသည်လည်း ဆရာဝန်နေရာတွင် နေ၍မရပါ။ ကျွမ်းကျင်မှုဆိုင်ရာနယ်ပယ်အလိုက်သာ နေထိုင်ကြရခြင်းဖြစ်သည်။ ထို့ကြောင့် မိမိနှင့်မသက်ဆိုင်သောနေရာတွင် မလိုအပ်ဘဲပါဝင်ပတ်သက်ခြင်းကို ရှောင်ကြဉ်ကြရမည်။ ကိုယ်နှင့်မဆိုင် လက်ကိုင်မပြုရဟူသည်မှာ သူတစ်ပါး၏ပစ္စည်းဥစ္စာများကို မိမိပိုင်ပစ္စည်းကဲ့သို့ ယူငင်သုံးစွဲခြင်းကိုရှောင်ကြဉ်ကြရမည်။ သူတစ်ပါးမိသားစု၊ အသိုင်းအဝိုင်းကိစ္စများတွင် မိမိကိစ္စကဲ့သို့ ဝင်ရောက်ပတ်သက်ခြင်းကို ရှောင်ရှားကြရမည်ဟု ဆိုလိုသည်။

**ယဉ်ကျေးမှုဖြင့် စိတ်ကိုထိန်းသိမ်းပါ**

ကမ္ဘာပေါ်တွင် လူသားတို့၏စိတ်သည် အပြောင်းအလဲ အမြန်ဆုံးအရာဖြစ်သည်။ အခြေအနေ အချိန်အခါပေါ်မူတည်၍ စိတ်သန္တာန်တို့သည် ကွဲပြားမှုရှိကြသည်။ ထိုပြောင်းလဲနေသောစိတ်ကိုပင် သတိတရားဖြင့်ထိန်းချုပ်နေထိုင်၍ အသက်ရှင်နေထိုင်ကြရခြင်းဖြစ်သည်။ သတိတရားကိုထိန်းချုပ်ရန်အတွက် ယဉ်ကျေးမှုဟူသည်ကို သိရှိလိုက်နာကြရပေမည်။ ယဉ်ကျေးမှုဟူသည်က စိတ်ကိုအကန့်အသတ်ဖြင့် ထိန်းချုပ်ထားပေးခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ယဉ်ကျေးမှုများကို အတတ်နိုင်ဆုံးလိုက်နာ၍ မိမိစိတ်ကိုထိန်းသိမ်းပြီး အေးချမ်းသောလူ့ဘောင်လောကကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း ရေးသားရပါသည်။

**ကိုးကား–**

**လိမ္မာယဉ်ကျေးပြည့်ရင်သွေး၊ ပြည်သူ့နီတိနှင့်လောကနီတိ၊ မောင်မောင်တိုး။ (စာမျက်နှာ ၂၃–၂၆)**

# ဓနုဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၉၈၉၈၈ ဧက ပြန်လည်ရိတ်သိမ်းပြီးစီး



**ဓနုဖြူ ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၉၈၉၈၈ ဧက ပြန်လည် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၉၈၉၈၈ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါး ၉၈၉၈၈ ဧကကို နိုဝင်ဘာ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ပြန်လည်ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ အထွက်နှုန်းလည်း ကောင်းမွန်ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်အနေနဲ့က အခုနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ မိုးစပါးတွေကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တောင်သူတွေ မိုးစပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက သွင်းအားစုတွေ ပံ့ပိုးပေးခဲ့ပါတယ်။ မိုးစပါးတွေ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေးလုပ်ငန်းနဲ့ နည်းပညာပေး လုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု ပြန်လည်ရိတ်သိမ်းတဲ့အခါ အထွက်နှုန်းကောင်းပါတယ်။ စိုက်ခဲ့တဲ့ မိုးစပါး ၉၈၉၈၈ ဧကအားလုံး ပြန်လည်ရိတ်သိမ်းပြီး ဖြစ်ပါတယ်။ အခုလို စောစောရိတ်သိမ်းနိုင်ခဲ့တဲ့အတွက် နွေစပါးနဲ့ အခြား ဆောင်းသီးနှံတွေကိုလဲ စောစောပြန်လည် စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် မိုးစပါး ၉၈၉၈၈ ဧကတွင် ဒေသရာသီဥတု၊ မြေအနေအထားနှင့်ကိုက်ညီသည့် ဆင်းသုခစပါးဧက ၇၂၀၀၀ ထိ အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ ရိတ်သိမ်းဆောင်ရွက်ပြီးဖြစ်သည့် မိုးစပါးများသည် တစ်ဧကလျှင် ပျမ်းမျှ ၈၇ တင်းမှ တင်း ၉၀ ထိ ထွက်ရှိပြီး စပါးအရည်အသွေးလည်း ကောင်းမွန်ကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနကလိုအပ်တာတွေ လိုအပ်သလို ကူညီဆောင်ရွက်ပေးလို့ မိုးစပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီနှစ် မိုးစပါးဧက ၃၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခု ပြန်လည်ရိတ်သိမ်းတဲ့အခါမှာ အထွက်နှုန်းညီမျှပါတယ်။ စောစောစိုက်နိုင်ဖို့ ကူညီပေးခဲ့လို့ စောစောပြန်လည်ရိတ်သိမ်းတဲ့အခါ စိတ်အေးအေး မိုးလွတ်၊ လေလွတ် ပြန်လည်ရိတ်သိမ်းနိုင်တာဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ်မှ တောင်သူ ဦးထက်စွမ်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ချောက်မြို့နယ် ကြီးနီကျေးရွာ၌ RBF စီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ချောက် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးနီကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သက်သက်ဆွေနှင့်ဝန်ထမ်းများက စီမံကိန်းကော်မတီဝင်များနှင့်အတူ ကြီးနီကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆွေးနွေး မှာကြားသည်။

အဆိုပါ RBF စီမံကိန်းကို လိုအပ်သော ငွေကြေးအရင်းအနှီးများ၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတနှင့် နည်းပညာများရရှိခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ ပိုမိုအားကောင်းလာပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၂၅ | ၁၉၂၀ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၀ | ၂၀၀၅ | ၂၀၂၀ | ၁၉၂၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၆၀ | ၁၉၆၅ | ၂၁၈၅ | ၂၇၆၀ |
| 95 Ron | ၁၉၅၀ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၇၅ | ၂၀၉၀ | ၁၉၉၀ | ၂၀၀၅ | ၂၀၃၀ | ၂၀၃၅ | ၂၀၃၅ | ၂၂၅၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၂၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၇၅ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၀ | ၃၄၈၀ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၀ | ၃၅၀၅ |
| HSD (10 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၀ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၈၆ | ၁၈၅၅ |
| 95 Ron | ၁၈၅၄ | ၁၉၂၅ |
| HSD (500 ppm) | ၂၂၂၁ | ၂၂၉၅ |
| HSD (50 ppm) | ၂၂၉၅ | ၂၃၇၀ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

**We Protect The Family**

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှုအသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့

ကျန်းမာရေးအာမခံ ထားကြစို့!

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



မြင့်စေအောင်ဆေးဆိုင်

**ခရုသင်း (သမင်ဖြူ)**

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

ဆရာဦးခင်မောင်မြင့် အမှတ်-၃၀ တော်ဝိုင်ပြီ မြိ ရန်ကုန်အင်းစိန်လမ်းမကြီးကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၆၆၆၄၇၈၊ ၀၉-၇၅၈၃၂၃၆၇ (ရွာနှဲ)အမှတ်(၂)၆၂၂လမ်း၊ ၂၈×၂၉လမ်းကြားအောင်တော်မူရပ်၊ မန္တလေးမြို့ ဖုန်း-၀၂-၄၀၂၂၅၃၅၊ ၀၉-၂၅၆၅၆၀၈၂



**အရောင်းဝန်ထမ်း (M) 1 Post**

* ဘွဲ့ရ (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၂၀-၃၀)ကြား
* ယာဉ်မောင်းလိုင်စင်ရှိပြီး မန္တလေးမြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်သူ
* CCTV နှင့် IT Product Knowledge ရှိသူ
* အဖွဲ့အစည်းနှင့်လုပ်ကိုင်နိုင်ပြီး Customer များနှင့် Relationship လျင်မြန်ကောင်းမွန်စွာတည်ဆောက်နိုင်သူ
* ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းကိုရေရှည်လုပ်ကိုင်နိုင်သူ

ICB Company Limited

အမှတ် C5၊ လမ်း30 (66 ×67 ကြား)၊ ချမ်းအေးသာစံမြို့နယ်။
Tel: 09-442262901, 09-785556542
Email: hr@icb.com.mm
aung.khaing.phyo.tb2@icb.com.mm


**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေး၊ မဟာအောင်မြေအနောက်ရပ်ကွက်နေ ဦးတင်မျိုးဇော်-ဒေါ်ကေသီဝင်းတို့၏သား **မောင်ကောင်းခန့်မျိုး (၉/မဟမ(နိုင်)၀၄၅၆၆၆)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးတင်မျိုးဇော်(၉/မရတ(နိုင်)၀၆၃၁၀၇)**
**ဒေါ်ကေသီဝင်း(၉/မရမ(နိုင်)၀၅၈၀၁၀)**

**သင့်သွေးမြင့်အသက်ကယ်ပါ**

**ပျောက်ဆုံးကြောင်း**

ကျောက်ပန်းတောင်းမြို့နယ်နေ ပုဝင်းအောင်(ဘ) ဦးခင်မောင်ဝင်း (၈/ခမန(နိုင်)၁၉၈၅၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

ရေတံတောင်းမြို့နယ်နေ မသေးသေး (ဘ)ဦးမောင်ခင် (၁၄/ငရက(နိုင်)၀၁၀၇၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၆၂၄၂၆၀၄၂

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နယ်နေ နော်ဆာဒေဝ အယ်(ဘ)ဦးကျော်လေး (၁၄/ပသတ(နိုင်)၁၆၀၉၈၅)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၈၁၁၀၈၃၅

**ပျောက်ဆုံးကြောင်း**

ဟသ်ာတမြို့နယ်နေ မောင်သူရ (ဘ) ဦးကျော်စိုးလွင် (၁၄/ဟသတ(နိုင်)၀၅၇၁၃၆၁)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၄၅၈၅၅၃၂

**ပျောက်ဆုံးကြောင်း**

ဓနုဖြူမြို့နေ ဒေါ်မိုးမိုးမြင့် (ဘ) ဦးစိန်တင် (၁၄/ဓနဖ(နိုင်)၁၁၁၄၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၇၅၄၃၈၇

**ပျောက်ဆုံးကြောင်း**

ဝါးခယ်မမြို့နေ နန်းမျိုးနုကြည် (ဘ) ဦးဖိုးဝကြီး (၁၄/ဝခမ(နိုင်)၂၅၉၇၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၆၅၁၉၄၇၂၄၄

**စာပေမြင့်မှ လူမျိုးတင့်မည်**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဗေဒါလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မိမိတို့နိုင်ငံတွင် ဆန်ကိုသာ အဓိကစားသုံးကြခြင်းဖြစ်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအပါဆုံး ကောက်ပဲသီးနှံတစ်ခုလည်းဖြစ်...

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်မြှင့်တင်ရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိ...

❖ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာများရှိသည့်ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အချိန်တိုအတွင်းရလဒ်ကောင်းများရစေနိုင်သည့်(Quick Win) အစီအစဉ်တစ်ခုလည်းဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ – ၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ပြည်တွင်း၊ ပြည်ပခရီးသွားတို့အတွက် မြိတ်ကျွန်းစုအပန်းဖြေခရီးစဉ်တွင် ဝန်ဆောင်မှုကောင်းများဖြင့် ပြင်ဆင်ထား



စိတ်အေးချမ်းမှုနှင့် ခန္ဓာဗေဒကျန်းမာသန်စွမ်းမှုကို ပေးစွမ်းလျက်ရှိသည့် မြိတ်ကျွန်းစုရှိ ပင်လယ်ကမ်းခြေတွင် လာရောက်အပန်းဖြေသူများကို တွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၂၀၂၂ ခုနှစ် နှစ်သစ်ကူးခရီးသွားရာသီ၌ မြိတ်ကျွန်းစုအပန်းဖြေခရီးစဉ်များတွင် မြိတ်ကျွန်းစုရှိ ဟိုတယ်၊ မိုတယ်များအနေဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အပန်းဖြေအနားယူနိုင်ရန် ဝန်ဆောင်မှုကောင်းများကြိုတင်ပြင်ဆင်ထားကြကြောင်း သိရသည်။

ပင်လယ်ပြင်နှင့် ကျွန်းစုများ၏ သဘာဝအရင်းအမြစ်ရှုခင်းအလှတို့ကို ပိုင်ဆိုင်ထားသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရှိ ကျွန်းစုများတွင် ဆောင်းရာသီခရီးသွားကာလ၌ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရန် ဟိုတယ်များနှင့်ခရီးသွားလုပ်ငန်းတို့က ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် ဝန်ဆောင်မှုကောင်းများ အပြိုင်အဆိုင်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ကျွန်းပေါင်း ၈၀၀ ကျော်ရှိ၍ မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း၂၀၀ ကျော်ရှိပြီး မြိတ်ကျွန်းစုပင်လယ်ပြင်ခရီးစဉ်များတွင် လူကြိုက်အများဆုံးနေရာများဖြစ်သော ကျွန်းဘုရင် ခေါ် လေးကျွန်းနှင့် စမတ်ကျွန်း ခေါ် ပါပကျွန်း၊ သမီးလှကျွန်း၊ ဒုံးရေတံခွန်၊ ဒုံးညောင်မှိုင်း(CBT)၊ တောင်ပံကြီးကျွန်းနှင့် ဘေလီကျွန်းတို့သည် မြိတ်ကျွန်းစု၏ အလှကို အထူးဖော်ဆောင်လျက်ရှိရာ နိုင်ငံခြားခရီးသွားများ အထူးနှစ်ခြိုက်စွာလည်ပတ်သော ကျွန်းစုများအဖြစ် ဂုဏ်တင့်လျက်ရှိသည်။

"နှစ်သစ်ကူးအခါသမယမှာ ပျော်ရွှင်စွာအပန်းဖြေအနားယူနိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်ထားကြပါတယ်။

**စာမျက်နှာ ၁၇ကော်လံ ၁** ☆

**NUG / PDF အဖွဲ့တို့၏ ရက်စက်ယုတ်မာသော တမူးအကြမ်းဖက်မှုဖြစ်စဉ်**

ဆောင်းပါး စာမျက်နှာ – ၂၀

**ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ (၂) ရေယာဉ်ကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ**

စာမျက်နှာ – ၂၂

**တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာမျက်နှာ – ၂၂

